www.burmeseclassic.com

# အချော့တော်

နေခြည်ထွေးမှ နွေးမည်ထင်



design Moh moH

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ

မော[illegible]ရှိုင်

| | |
|---|---|
| မျက်နှာဖုံးဒီဇိုင်း | ဒိုဒို (Eagle) |
| မျက်နှာဖုံးဖလင် | Eagle |
| အတွင်းဖလင် | ထက်အာကာကျော် |
| ကွန်ပျူတာ | Deep Blue |
| စာအုပ်ချုပ် | ကြူကြူမွှေး |
| ထုတ်ဝေသည့်ကာလ | ၂၀၀၉-ခုနှစ်၊ ဩဂုတ်လ |
| တန်ဖိုး | (၁၅၀၀) ကျပ် |

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၀၀၀၅၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀ရ၉၈၀၆၀၉-အရ
ဦးဝင်းမင်းကို၊ တော်ဝင်ကျောက်စိမ်းအော့ဖ်စက်
အမှတ်(၁၁ရ)၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ
အတွင်းစာသားနှင့်မျက်နှာဖုံးပုံနှိပ်၍ ဒေါ်မိုးကေနိုင် ချိုတေးသံစာပေ
အမှတ်(၃)၊ ပုလဲမြို့၊ ရွှေနန်းသာကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊
ရန်ကုန်မြို့မှ ပထမအကြိမ် အုပ်ရေ (၅၀၀) ထုတ်ဝေသည်။

၈၉၅.၈၃
အချောတော်
ရှာဖြည့်တွေ့မှ နွေးစည်းထင် / အချောတော်။ - ရန်ကုန်၊
ဘဝေ၊ ၂၀၀၉။
- စာ ၊ ၁၃×၂၀.၅ စင်တီ။

www.burmeseclassic.com

www.burmeseclassic.com

ဝါသနာစာပေ စာစဉ်(၄၀)

BURMESE CLASSIC

# အချော့တော်

## နေခြည်ဖွေးမှ နွေးမည်ထင်

(ဟာသလုံးချင်းဝတ္ထုသစ်)

ဝါသနာစာပေ
အခန်း(၄၀)၊ C ရုံ၊ သိမ်ကြီးဈေး ရန်ကုန်မြို့။
အမှတ်(၁၃)၊ ထန်းပင်တန်း ၁-လမ်း သန်လျင်မြို့၊ ရန်ကုန်တိုင်း။

www.burmeseclassic.com

www.burmeseclassic.com

အချက်မသိတော့ ...

သမက် သူခိုးထင်...တဲ့ ...

အဲ ... အချက်သိသိနဲ့ဝဲ

သမက်ဗေဒင်ဆရာထင်လေတော့ ...

ဟွန့် ... နည်းတောင်နည်းသေး ...

ထိုဖြစ်စဉ်အစ စာမျက်နှာတား ...

www.burmeseclassic.com

www.burmeseclassic.com

(၁)

ဒဂုံတောင်မှ လှိုင်သာယာအနောက်ပိုင်း "နည်းပညာအတ္တသိုလ်"သို့ လိုင်းကားစီးရသည့်ခရီးသည် အတော်'ဖျား'ဖို့ကောင်းသည့်ခရီး။

ဒဂုံတောင်မှ စစီးလာရာ သမိုင်းလမ်းဆုံရောက်သည်အထိ 'တေဇာ'နေရာမရ။ ထိုင်ရဖို့ဝေးစွ မတ်တတ်ပင်ကျပ်တပ်တပ်ရှည်။

အော် . . . တေဇာဆိုတာလား. . . ။

နာမည်အပြည့်အစုံကတော့ 'တေဇာဦး'ပါပဲ။

သို့သော် သူငယ်ချင်းတွေအကုန်လုံးက ပျော်းတွေ့မှီ နာမည်သုံးလုံးပြည့်အောင်မခေါ်။ 'တေဇာ'ဟုသာ နှစ်လုံးတည်း ခေါ်သည်။

အင်း. . . ဒီလိုသွားပြောတော့ သူ့အမျိုးတွေပါးရှင်းတွေ ဖြစ်သွားနိုင်စရာအကြောင်းရှိပါသေးတော့တာ[illegible]လား။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါ့။

သူ့အမျိုးတွေကလည်း သူ့ကို 'တေဇာ'ဟုသာခေါ်လေသည်ကိုး။

ယခု အန္တိတေဇာဆိုသော အကောင်မချောတချော ကလေးသည် ဒဂုံတောင်မှ သမိုင်းလမ်းဆုံအထိ မတ်တပ်ရပ် စီးနေရသည့်နှင့် အတော်ပင်ညောင်းနေပြီဖြစ်၍ တရှုံ့မဲ့မဲ့ဖြင့် နေခိုက်. . .

သူ့အနီးထိုင်ခုံမှ လူတစ်ဦးထသွားသဖြင့် သူထိုနေရာသို့ ကပျာကယာထိုင်ချလိုက်မိသည်။

သူကအထိုင်၊ ကားကလည်းဆောင့်အရပ်မို့ သူဟန်ချက် နည်းနည်းပျက်သွားပြီး နံဘေးမှ 'နေခြည်နွေး'ဆိုသော ကလေးမ ပခုံးကို သွားတိုက်မိလိုက်၏။

ပြဿနာက အဲ့ဒီကစတယ်ပြောရမလား။

မျက်စိမှိတ်၍ စာကျက်လာသော နေခြည်နွေး 'အင့်'ခနဲ ဖြစ်သွားပြီး ဖြတ်ခနဲ မျက်လုံးဖွင့်ကြည့်တော့ . . .

တေဇာ ကပျာကယာနှင့်တောင်းပန်လိုက်ရပြီ. .

"ကန်တော့နော်. . . ကန်တော့. . ."

နေခြည်နွေး မျက်မှောင်ကြုတ်သွား၏။ မှုံကုပ်ကုပ် ကြည့်၏။

"ကန်တော့. . . ဟုတ်လား. . .။ လူကို သီလရှင်များ မှတ်နေသလား. . .။ တက္ကသိုလ်ကျောင်းသားဖြစ်ပြီး ရှင် ဆောရီး တို့ဘာတို့ မပြောတတ်ဘူးလား"

"ဩော်ဟော်. . . ဆောရီး. . . ဆောရီး. . .။ ဆောရီး. . . ဆောရီး. . . တောကြီးမြိုင်လယ်. . . အယ်ဟယ်ဟယ်. . ."

နေခြည်နွေး မျက်နှာရှုံ့မဲ့၍သွားရင်း ပြောလိုက်ပုံက. . .



www.burmeseclassic.com

www.burmeseclassic.com



"လူကိုက. . .ဘာကြီးမှန်းမသိဘူး။ အူကြောင်ကြောင်နဲ့ . . .ဟင်း. . ."

"ဘာဟင်းလဲ. . .။ ကြက်သားဟင်းလား. . .။ ကျွန်တော်တို့ကျောင်းမှာတော့ ဒီနေ့အလှူရှိတာနဲ့ ဝက်သားဟင်းကျွေးတယ်။ ငါးပိချက်လည်းပါတယ်။ ဒီမှာကြည့်ပါလား. . ."

တေဇာက သူ့ထမင်းချိုင့်ကိုဖွင့်ပြ၏။

နေခြည်နွေး ပို၍ရှုံ့သွားသည်။(နှာခေါင်း)

"ရှင်နေတဲ့ ဘုန်းကြီးကျောင်းမှာ အလှူမကလို့ စတုဒိသာပဲကျွေးကျွေး. . . ကျွန်မနဲ့မဆိုင်ဘူး။ ရှင်ပဲ အငတ်ကြီးကျ။ ကျွန်မဟင်း. . . ဆိုတာ ရှင့်ကိုမကျေနပ်လို့ ဟင်း. . . တာ။ သိပြီလား"

"သိပါဘူးဗျာ. . .။ ကျုပ်ထမင်းချိုင့်က မွှေးလို့စားချင်နေသလားလို့ပါ. . . ဟဲ. . ဟဲ. . ."

နေခြည်နွေး ဆက်မပြောတော့။ ဦးခေါင်းကိုတစ်ဘက်သို့လှည့်၍ထားလိုက်သည်။

ကားပေါ်ပါလာသော ကျောင်းသားအချို့ ကွက်ကြည့်ကွက်ကြည့်လုပ်ကာ ပြုံးစိစိလုပ်နေကြ၏။

နေခြည်နွေးကတော့ ဘယ်သူ့ကိုမှ အာရုံမထားတော့ဘဲ စာအုပ်ကိုဖွင့်ကာ တီးတိုးစာကျက်၍နေလိုက်သည်။

"အင်း. . . မင်းနဲ့ စကားပြောနေတာနဲ့ ငါလုပ်နေကျအလုပ်တောင် မလုပ်ရသေးဘူး။ လုပ်ဦးမှ. . ."

တေဇာက နေခြည်နွေးဘက်သို့လှမ်း၍ပြောလိုက်၏။

နေခြည်နွေးက မျက်စောင်းဝေ့၍သာ လှမ်းကြည့်ပြီး ဘာမှတော့မပြောပဲ နေလိုက်၏။

သည်တော့မှ ကိုယ့်ဆရာ တေဇာတစ်ယောက် မှော်စိတ်ကိုမြင်တာလုပ်ငန်းစပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သောဘဂဝါ ကွတ္တိပိ . . . အရဟံ . . ။ အရဟံဝတ သောဘဂဝါ . . "

ဂုဏ်တော်ကွန်ခြာကို သံနေသံထားဖြင့် ရွတ်ဖတ်နေခြင်း ပင်။

အသံ့က နည်းနည်းကျယ်တော့ စာကျက်နေသော နံဘေးမှ နေခြည်နွေး အာရုံနောက်သွားပုံရသည်။

"ဒီမှာ . . . ဒီမှာ . . . "

တေဇာ မျက်လုံးမဖွင့်။ ဆက်၍ရွတ်နေဆဲ။

"ဒီမှာ . . . ဒီမှာ . . . ။ ရှင့်ကိုခေါ်နေတာ . . . "

တေဇာ့လက်မောင်းကို ပုတ်၍ပြောသည်။

သည်တော့မှ ကိုယ့်ဆရာက မျက်လုံးဖွင့်ကြည့်၏။

"ရှင်ဘုရားစာရွတ်တာ စိတ်ထဲကရွတ်လို့မရဘူးလား . . "

တေဇာက ခေါင်းခါ၍ပြ၏။ နှုတ်ကလည်းပြောသည်။

"ဘာလဲ . . . မင်းက ဘုရားစာနဲ့မတည့်ဘူးလား"

"ကျွန်မ ဆယ့်နှစ်ကြိုးကဝေမဟုတ်ဘူး" ဘုရားစာနဲ့ တည့်တယ်။ အခုဟာက စာကျက်နေတာမို့ ပြောတာ"

"မင်း စာကျက်တာနဲ့ ကျုပ် ဂုဏ်တော်ကွန်ခြာရွတ်တာ နဲ့ ဘာဆိုင်လို့လဲ . . . "

"ဆိုင်တာပေါ့ရှင့်။ ရှင်ဘုရားစာဆိုတာ စိတ်ထဲကဆိုတာ မှမဟုတ်ဘဲ။ ဘုရားကိုးဆူမှာဆိုသလိုဆိုနေတာ"

"ကျုပ် အဲဒီလိုပဲ ဆိုတတ်တယ်။ ဘုန်းကြီးကျောင်းမှာ လည်း ကျုပ်ဒီအတိုင်းဆိုနေကျ . . . "

တေဇာက နေခြည်နွေးကို စိုက်ကြည့်ရင်းပြောလိုက် သည်။

တကယ်တော့ တေဇာ အသေအချာမှုစ်နေခြင်းပင်။

www.burmeseclassic.com



သူ့အကျင့်က လှတပတကောင်းမလေးများဆို ရစ်ချင်သည်။

နောက် - ချစ်ချင်သည်လေ။

"ရှင်နေတဲ့ ဘုန်းကြီးကျောင်းကျမှ ရှင့်ဘာရှင် လည်ပင်းကွဲအောင်အော်။ အခု ကျွန်မနားမှာ တိုးတိုးပဲဆိုပါ"

နေခြည်နွေးက အမိန့်ပေးသလိုပြောသည်။ တေဇာက ဆင်ခြေရော ဝက်ခြေပါပြန်ပေး၏။

"ကျုပ်မှ တိုးတိုးမဆိုတတ်တာ"

"မဆိုတတ်ရင် မဆိုနဲ့"

"ဟာ. . . မင်း. . . ငရဲကြီးတော့မှာပဲ"

"ကြီး. . . ကြီး. . ."

"ပြိတ္တာဖြစ်လိမ့်မယ်"

"ဖြစ်. . . ဖြစ်. . ."

"ဟာ. . . ပြိတ္တာက ခေါင်းအကြီးကြီး. . .။ ခေါင်းကြီးတော့ မျက်နှာလည်းကြီးတယ်။ မင်း. . . မိတ်ကပ်ဖိုးနဲ့ မွဲသွားမှာပေါ့"

"ရှင် တော်တော့နော်. . ."

"အဲ. . . နှုတ်ခမ်းနီဖိုးတော့ သက်သာတယ်ဟ။ ပါးစပ်ပေါက်ကသေးသေးလေးကိုး"

"ပြောနေတာမရဘူး. . .။ ကဲဟာ. . .။

"ဒေါက်. . ."

စိတ်မထိန်းနိုင်တော့သော နေခြည်နွေးက လက်ထဲမှ ဘီစကွဲယားဖြင့် တေဇာ့ခေါင်းကို လှမ်းခေါက်လိုက်၏။

'အား. . .'ဟုအော်ရင်း တေဇာနဖူးကို လက်ဖြင့်အုပ်ထိုက်သည်။

ဒါကိုတွေ့သွားသော ကားပေါ်မှ ကျောင်းသားအချို့ထဲမှ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးက အသံကျယ်ကျယ်ဖြင့် လှမ်းအော်လိုက်သည်။

"ဟေး. . . စိန်ပေဒါမြေးကွ. . ."

ကျန်ကျောင်းသားများ၏ 'ဝါး'ကနဲရယ်သံများက ကားပေါ်မှ ပျံ့လွင့်သွားသည်။

တေဇာက နဖူးကိုလက်ဝါးနှင့်အုပ်ရင်း နေခြည်နွေးကို စေ့စေ့ကြည့်နေသည်။

နေခြည်နွေး မျက်နှာမှာ စိုးရွံ့ဟန်ရှိနေ၏။

'လက်လွှန်သွားပြီလား' တွေးရင်း တေဇာ့ကိုလှမ်းကြည့်မိသည်။

အပြုံး. . .

မမျှော်လင့်ထားသော အပြုံးတစ်ချက်ကို လက်ကနဲမြင်လိုက်ရသဖြင့် နေခြည်အံ့သြသလိုဖြစ်သွားသည်။

တေဇာက နဖူးကိုလက်ဝါးဖြင့်အုပ်ရင်း သူ့ကိုပြုံးကြည့်နေသည်မဟုတ်လား။

တစ်မျိုးတော့ တစ်မျိုးပါပဲ။

ဘာတစ်မျိုးမှန်းတော့ ရေရေရာရာမသိဘူးရယ်. . .။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

(၂)

အတန်းလွတ်ချိန်။

တေဇာ၊ မြင့်ကို လမင်းနှင့်မင်းသန်းတို့ စားသောက်ဆိုင်တန်းဘက်သို့ ချီတက်လာကြသည်။

"ဒီနေ့ ဘယ်သူ ဒကာလုပ်မှာလဲ. . ."

မြင့်ကိုက ဒကာရွေးချယ်သမှုပြု၏။

"တေဇာ ဒကာလုပ်မလား. . .။ ကုသိုလ်ရတယ်"

လမင်းက ကုန်းဆင်းလေး ဖန်တီးပေးသည်။ သို့သော် တေဇာက 'အချာပင်' မဟုတ်။

"ငါက ဘုန်းကြီးကျောင်းမှာနေတဲ့ကောင်. . .။ ကုသိုလ်နေ့တိုင်းရနေတာ"

"တေဇာပြောတာဟုတ်တယ်၊ သူကနေ့တိုင်း ကုသိုလ်ရနေတဲ့ကောင်. . .။ ငါလည်း ဒီနေ့ မွေးနေ့ဖြစ်တာမို့ အိမ်တဘုရားမှာ ဆွမ်းကပ်ခဲ့ပြီးပြီ။ အဲဒီတော့ မင်းတို့နှစ်ကောင်ပဲ စုပုံရှင်းစနစ်နဲ့ ဒကာလုပ်ကြပေတော့. . . ငှဲ. . . ငှဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



မြင့်သန်းက ဝင်ပြီးပွဲသိမ်းလိုက်သဖြင့် အတိုင်အဖောက် သမားမြင့်ကိုနှင့် လမင်းတို့ မျက်နှာရှုံ့မဲ့၍သွားကြသည်။

"စုပုံရှင်းတွေဘာတွေလုပ်မနေနဲ့။ ငါပဲ ဒကာခံပါတော့ မယ်ကွာ. . ."

မြင့်ကိုက တစ်ဦးတည်း ဒကာလုပ်ဖို့အာမခံလိုက်သည်။ သည်တော့ ကျန်သည့် ဘော်ဒါတွေက. . .

"အလှူရှင်ကြီး ထာဝရ ကျွေးနိုင်မွေးနိုင်ပါစေ"

မြင့်ကိုမျက်နှာရှုံ့မဲ့သွားကာ ပြောသည်က . . .

"ဟေ့ကောင်တွေ. . . ကျွေးနိုင်ပါစေဆိုရင် တော်ပြီလေကွာ. .။ မွေးနိုင်ပါစေဆိုတာက ဘာလို့ထည့်ရတာလဲ. . .။ လူကို မာမီစိန်ဖြစ်အောင်လုပ်တာလား. . .။ ဟင့်ဟင်း. . . ဒါပဲနော် သွပ်များကို" မြင့်ကိုက အမူအရာပါလုပ်ပြသဖြင့် ပြုံးကြရသေး သည်။

"ဟေ့ကောင် တေဇာ. . . မနက်က ကားပေါ်မှာ အီးပီ က ငတိမလေးနဲ့ ဘာဖြစ်တာလဲ. . ."

"ဘာမှမဟုတ်ပါဘူးကွာ. . .။ ငါ ဘုရားစာဆိုတာ ကျယ်လို့ သူစာကျက်မရဘူးဆိုပြီး လာရစ်နေတာ"

"မင်းကလည်း ဟုတ်တာပဲကွာ. . .။ ကားပေါ်မှာ ဘုရားစာဆိုတာ တိုးတိုးဆိုမှပေါ့ကွ သရေစာရ"

တေဇာကို တစ်ခါတစ်ခါက 'သရေစာ'ဟု သူငယ်ချင်း တွေက ခေါ်ကြသည်။

"တိုးတိုးဆိုလို့ရသားပဲ။ ငါ ငတိမလေးကို စချင်လို့ တမင် လုပ်တာ"

"တမင်လုပ်တော့ တီစကွဲသားစာမိသွားတာပေါ့ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ. . . လက်က ဘာမြန်သလဲမမေးနဲ့။ ခါးပိုက် နှိုက်ဝင်စားသလားမသိဘူး"

"မဟုတ်ဘူး။ စိန်ဗေဒါဝင်စားတာကွ. . . ဟားဟား" မြင့်ကိုကပြောလည်းပြော ရယ်လည်းရယ်သည်။

"ကောင်မလေးက မဆိုးဘူးကွ"

"ဆိုးရင် ကူညီပါရစေနဲ့တွေ့သွားမှာပေါ့"

"ဘာလဲကွ. . . ကူညီပါရစေဆိုတာ. . ."

"ပိန်းပါ့ကွာ. . .။ ဝမ်းနိုင်းနိုင်းကိုပြောတာကွ"

"ဩော်ဟော်. . .။ ဂလိုလား. . .။ အင်း. . . နေစမ်းပါဦး. . .။ မင်းဘုရားစာရွတ်တာကို သူမခံနိုင်ဘူးဆိုတော့ လူမှ ဟုတ်ရဲ့လားကွာ. . ."

"အေး. . . ဟုတ်တယ်. . .။ လူမဖြစ်နိုင်ဘူး"

လမင်းကဝင်၍ ကောက်ချက်ချခြင်းဖြစ်သည်။

သည်စဉ် နောက်ဘက်မှ. . .

"ဒီမှာရှင့်"ဆိုသည့် အသံတစ်သံထွက်လာသဖြင့် အားလုံး ဆတ်ခနဲလှည့်ကြည့်လိုက်ကြသည်။

မီးဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် ကြည့်နေ သည့်မအတ္တာ. . .။ အဲ. . . နေခြည်နွေး. . .။

"ကျွန်မကို လူမဟုတ်ဘူးပြောတာဘယ်သူလဲ"

တေဇာတို့ တစ်ယောက်မျှမလှုပ်။

"ပြောလေ. . .။ ဘယ်သူပြောတာလဲ. . .။ ရှင်တို့ ယောကျ်ားမဟုတ်ဘူးလား"

"ကျွန်တော် ယောကျ်ားပါ။ ရှင်ပြုပြီးပြီ။ အခု နေတာ လည်း ဘုန်းကြီးကျောင်းမှာနေပါတယ်"

တေဇာက ပြောင်ချော်ချော်ဖြင့် ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုသုံးတောင်ကလည်း စပ်ဖြဲဖြဲဖြင့်ပြောသေး၏။

"ကျွန်တော်တို့လည်း ရှင်ပြုပြီးပါပြီခင်ဗျာ. . . ဟီ. . ဟီး"

နေခြည်နွေး မျက်လုံးများ ပို၍ဝင်းဝင်းတောက်လာကာ ခပ်မာမာမေး၏။

"ရှင်တို့ဘာရှင်တို့ ရှင်ပဲပြုပြု. . ပျံလွန်တော်ပဲမူမူ. . . ကျွန်မနဲ့မဆိုင်ဘူး။ ကျွန်မကို လူမဟုတ်ဘူးလို့ ဘယ်သူပြောတာလဲ. . .။ ပြော"

သည်တော့ မြင့်ကိုက တေဇာ့ကို လက်ညှိုးညွှန်ပြီး. . .

"အဟီး. . . သူပြောတာ. . ."

တေဇာကလည်း ခပ်တည်တည်။

"ဟုတ်တယ်. . . ကျုပ်ပြောတာ"

သည်တွင် နေခြည်နွေး ယမ်းပုံမီးကျဖြစ်သွားကာ. . .

"ရှင် လူကလေးက သနားကမားနဲ့ ဘုန်းကြီးကျောင်းမှာနေပြီး မိုက်ရိုင်းလှချေလား"

"ကျုပ် ဘာမိုက်ရိုင်းလို့လဲ. . ."

"ရှင်ပြောတာရှင်မသိဘူးလား. . .။ ကျွန်မကို လူမှ ဟုတ်ရဲ့လားလေး ဘာလေးနဲ့"

"ဟုတ်တယ်လေ. . ."

"ရှင် ပြောလေ ကဲလေပါလား"

နေခြည်နွေးက ပြောရင်းမှ အကြမ်းပန်းကန်လုံးကို ကောက်ကိုင်လိုက်၏။

"ဟဲ့. . . ဟဲ့. . . နေခြည်။ မလုပ်နဲ့. . ."

နေခြည့်သူငယ်ချင်းများက ဝိုင်းဆွဲကြသည်။

သို့ဆွဲရင်းမှ သူငယ်ချင်းတစ်ယောက်ဖြစ်သူ တင်တင်က တေဇာတို့ကို လှမ်း၍ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့ကလည်း ယောက်ျားကြီးတွေတန်မဲ့ အတင်းပြော ရတယ်လို့"

"ကျွန်တော်တို့ အတင်းမပြောပါဘူး။ စလိုးမိုးရှင်းနဲ့ ပြော တာပါ။ အဟီး"

ဒါက လမင်းဝင်၍နှောင့်ခြင်းပင်။

နေခြည် အံကြိတ်ကာ မျက်စောင်းထိုး၏။

သည်တော့မှ တေဇာက လေသံကိုလျှော့လျက်. . .

"ကျွန်တော်တို့က မိကောင်းဖခင်သားသမီးတွေပါဗျာ။ မမိုက်ရိုင်းတတ်ပါဘူး"

"သြော်. . . ရှင်တို့က မိကောင်းဖခင်သားသမီးဆိုတော့ ကျွန်မတို့က မိကောင်းဖခင်သားသမီးမဟုတ်ဘူးပေါ့။ ရှင်. . . ထပ်စော်ကားပြန်ပြီနော်. ."

"အမိက တယ်ရန်လိုတာ ပဲ။ စကားကို ဆုံးအောင်နား မထောင်ဘူး"

"သူ့နာမည် အမိမဟုတ်ဘူးရှင့်။ နေခြည်နွေး" သန္တာက ဝင်၍ လျှာရှည်သေးသည်။ နေခြည်က သန္တာကို လှည့်၍ ဟောက် လိုက်၏။

"သန္တာ. . .။ ဘာတွေလျှောက်ပြောနေတာလဲ. ."

"နင့်ကို အမိလို့ခေါ်လို့ ငါကပြောတာ"

"ဟုတ်ပါပြီ ဒေါ်တိကျရယ်. . .။ ပါးစပ်ပိတ်ပါတော့. ."

နေခြည့်စကားကြောင့် တေဇာ်တို့အုပ်စု ပြုံးစေ့စေ့ဖြစ် သွားကြ၏။

တေဇာက နေခြည့်ကို ပြုံး၍ကြည့်ရင်း. . .

"ခင်ဗျားကို ကျွန်တော်တို့က လူမှဟုတ်ရဲ့လားလို့တာ ခင်ဗျားက အရမ်းလှတော့ နတ်သမီးလေးများလားလို့ပြောတာ



www.burmeseclassic.com

www.burmeseclassic.com



ဗျ. . . ၊ ခင်ဗျားကလည်း တယ်အတွေးချော်တာကိုး"

သည်လိုဆိုတော့လည်း နေခြည့်မျက်နှာ ငို၍ရယ်၍မရသောမျက်နှာဖြစ်၍သွားရတော့သည်။

အဲ. . . အံကိုဖွဖွကြိတ်ရင်း မျက်စောင်းတစ်ချက်ကိုတော့ ဒိုင်းခနဲ ထိုးပစ်လိုက်၏။

မှတ်ထား. . .။

မာယာအမှတ် ဝမ်းနိုင်းနိုင်း. . .။

အဲ. . . မှားလို့. . . နိုင်းနိုင်းဝမ်း. . .။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

(၃)

နေခြည်ဒွေး၊ သန္တာ၊ တင်တင်နှင့် နီလာတို့ နားနေဆောင်တွင် ထိုင်လျှက် တွတ်ထိုးနေကြသည်။

သည်စဉ် သန္တာက ဖေါက်၍ပြောသည်။

"ကင်(န်)တင်းသွားမယ်ဟာ။ ငါ လက်ဖက်ရည်သောက်ချင်တယ်"

နေခြည်က ကန့်ကွက်သည်။

"မသွားပါနဲ့ဟာ. . .။ ဟိုနေ့ာတွေနဲ့တွေ့နေပါဦးမယ်"

"တွေ့တော့ဘာဖြစ်လဲ. . .။ ဒီတစ်ခါ လာရစ်လို့တတော့ အကြောင်းသိသွားမယ်"

တိုက်ကွမ်ဒိုသင်တန်းတက်ဖူးသော နီလာက ဘောင်ဆတ်ဆတ်ပြော၏။ မျက်နှာထားကလည်း တင်းလို့. . .။

အလှမက်သောတင်တင်ကတော့ ဘာမျှဝင်မပြော။

သူ့ကျောပိုးအိတ်ထဲမှ မှန်ကိုထုတ်ကာကြည့်ရင်း အနည်း



www.burmeseclassic.com

www.burmeseclassic.com



ငယ်အရောင်လွင့်နေသော နှုတ်ခမ်းကို အရောင်ထပ်မံပွတ်ပိုးဖို့ အားထုတ်၍နေသည်။

"ဒုက္ခပါပဲ. . .။ နှုတ်ခမ်းနီဘူး ဘယ်ရောက်သွားသလဲ မသိဘူး. . .။ ဟော့. . . ငါ့ နှုတ်ခမ်းနီဘူးယူကြသေးသလား. ."

"နင့်အရောင်နဲ့ တို့အရောင်နဲ့ တူတာမှမဟုတ်ဘဲ ကိုယ့်ဘာကိုယ်သေချာရှာ"

သေချာရှာဆိုတော့လည်း ခမျာ သေချာရှာကြည့်ရသည်။ အိတ်ထဲမှ ပစ္စည်းပစ္စယများကို ဘစ်ခုချင်းထုတ်၍မွှေနှောက်ရှာသည်။

သည်စဉ် သူထုတ်လိုက်သောပစ္စည်းများထဲမှ ပလတ်စတစ်အိတ်ကလေးများဖြင့် ထုပ်ထားသည့် အထုပ်ကလေး(၃) ထုပ်ကိုတွေ့သဖြင့် သန္တာကလှမ်း၍မေး၏။

"တင်တင်. . .။ အဲဒီအထုပ်ကလေးတွေက ဘာထုပ်ကလေးတွေလဲဟင်. . ."

"ဝမ်းနှုတ်ဆေးထုပ်ပါဟာ. . ။ မေမေမှာလိုက်တာ"

"ဟင်. . . ဝမ်းနှုတ်ဆေးက အမှုန့်တွေလား. . ."

"အေး. . . ဟုတ်တယ်. . . အမှုန့်. . ."

သည်တော့ သန္တာက တစ်စုံတစ်ခုကိုစဉ်းစားဟန်ပြုပြီး "တော်တော် သွားသလား. . ."

"ဟား. . . သွားတာပေါ့။ တစ်ထုပ်ဆို ဆိုသလောက်ပဲ"

တင်တင်က ကြော်ငြာဝင်ပစ်လိုက်သည်။ ခေတ်ကလည်း ကြော်ငြာခေတ်ကိုး။ သန္တာဘာမျှထပ်မမေးတော့။

မေးစေ့ကိုလက်ညှိုးလေးနှင့် တို့ကာတို့ကာလုပ်ရင်း. .

"ဟေး. . . အကြံရပြီ"

ရုတ်ရက်ထအော်သဖြင့် နေခြည်တို့မျက်လုံးပြူးသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟဲ့. . . ဖြည်းဖြည်းလုပ်ပါဟဲ့ ကောင်မရဲ့. . .။"

"ဟိုမှာ လူတွေလှမ်းကြည့်နေတယ်. . .။ နင့်ဟာတာ အလန့်တကြား"

သန္တာကမျက်နှာပိုးကို 'ဒက်စတော့(ပ်)'လုပ်ကာ သူ့အကြံ သူ့အစီအစဉ်ကို နေခြည်တို့အားပြောပြလိုက်သည်။

"ဟိုကောင်တွေကို လက်စင်ပေးဖို့ အကြံရလို့ဟ. . .။ တင်တင့်ဆီမှာ ဝမ်းနှုတ်ဆေးအမှုန့်တွေပါလာတယ်. . .။ အဲဒီ ဝမ်းနှုတ်ဆေးမှုန့်ကို ဟိုငနာတွေ သောက်မယ့်လက်ဖက်ရည်ထဲ ခပ်ထည့်လိုက်ရင် ပွဲသိမ်းပဲ"

သည်တော့ တင်တင်က ပခုံးတွန့်ရင်း. . .

"နင် သွားခပ်မှာလား. . .။ ငါတို့တော့ ပေါ်တင်ကြီး မခပ်ရဲဘူး"

"နင်ကလည်း တုံးလိုက်တာတင်တင်ရယ်။ နင်လည်း ခပ်စရာမလိုဘူး၊ ငါလည်းခပ်စရာမလိုပါဘူး"

"နင်က တန်ခိုးနဲ့ခပ်မှာလား"

"ဟ. . . ငါတန်ခိုးရှိမှတော့ နင့်အစ်ကိုကို ရအောင်ယူ လိုက်ပြီ"

အရေးထဲ ကိလေသာပြဿနာကို ဖေါ်ကျူးနေသေး၏။ ထိုတလည်းတွန့်တိုသည်။ သူ့အစ်ကိုအား မိုးကျရွှေကိုယ်ဟု ထင် မှတ်ထားပုံရ၏။

"ဟေ့. . ဟေ့. . ငါ့အစ်ကိုကိုတော့ မထိနဲ့။ နင်တို့ကို အစ်ယောက်မှ ယောက်မမတော်နိုင်ဘူး"

"နင်ကလည်း တွန့်တိုမနေပါနဲ့ တင်တင်ရယ်. . နင့် အစ်ကိုလိုလူမျိုး တစ်ရာဖိုး သုံးယောက်လောက်ကိုရပါတယ်ဟ"



www.burmeseclassic.com

www.burmeseclassic.com



နီလာဝင်ပြောခြင်းဖြစ်သည်။

နေခြည်သိပ်စိတ်မရှည်တော့. . .။

"တဲ့. . . နင်တို့ဆွေမျိုးစပ်ပွဲကြီးကို နောက်ကျမှ ဆက်လက်ကျင်းပ။ သန္တာ. . . နင့်အကြံကို ဆက်ပြောပါဦး။ ငါ မြန်မြန်လုပ်ချင်လှပြီ"

"ငါတို့ ဒီဆေးမှုန့်ကို စားပွဲထိုးကတစ်ဆင့် သူတို့သောက်မယ့်ခွက်ခဲ ခပ်နိုင်းမယ်လေ. . ."

"ဟဲ့. . . စားပွဲထိုးလေးက လုပ်ပါ့မလား"

"ငါတို့အဖွဲ့နဲ့ ရင်းနှီးပြီးသားဖြစ်တဲ့ ငမျိုးကိုလုပ်ခိုင်းမှာပေါ့ဟာ။ မုန့်ဖိုးပေးလိုက်ရင်ပြီးတာပဲ"

"အေး. . . ဟုတ်တယ်"

နီလာက သတိပေးစကားတော့ပြောကြားရှာသည်။

"ကြည့်လည်းလုပ်ကြနော်။ ဝမ်းလျှောရုံတင်မဟုတ်ဘဲ လူတွေပါလျှောကုန်လို့ ဒုက္ခများကုန်ဦးမယ်"

"မသေနိုင်ပါဘူးဟာ. . .။ တဲ့. . . တဲ့. . . ဟိုငနာတွေ မရောက်ခင်သွားကြရအောင်"

နေခြည်ကပင် လောဆော်ပြီး ရှေ့ကဦးဆောင်၍သွား၏။ ကင်(န်)တင်းသို့ရောက်လာပြီ။

"ဘာသောက်မှာလဲမမတို့. . .၊ ထုံးစံအတိုင်းပဲလား. . ."

"အေး. . . ထုံးစံအတိုင်းပဲ. . .။ ဒါနဲ့ မောင်မျိုး. . . ဟိုကောင်တွေလာသွားပြီလား. . ."

"ဘယ်ကောင်တွေလဲ မမ. . ."

"ဟာ. . . နင်ကလည်း. . . ငါတို့နဲ့ ငါဖြစ်ဖြစ်နေတဲ့ ဟိုဘဲနာလေးကောင်လေဟာ"

"ဪ. . . ဟို. . . သရေစာတို့အုပ်စုလား. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . . သရေစာ. . . ဟုတ်လား"

"ဟုတ်တယ် မမရဲ့။ အဲဒီအုပ်စုထဲက ရုပ်ဖြောင့်ဖြောင့်နဲ့အစ်ကိုနာမည်က တေဇာ. . . တဲ့။ အဲဒါကို သူ့သူငယ်ချင်းတွေက သရေစာဆိုပြီး နောက်ခေါ်ကြတာ. . .။ ကဲ. . . ထုံးစံအတိုင်းပဲနော်. . ."

မောင်မျိုးက အနီးမှလှည့်ထွက်မည်ပြုသည်။

သည်စဉ် သန္တာက. . .

"ဟဲ့. . . မောင်မျိုး. . . နေဦး"

မောင်မျိုး သန္တာ့ကိုလှမ်းကြည့်ပြီး မေး။

"ဘာမှာဦးမလို့လဲမမ. . ."

"မမှာတော့ဘူး. . .။ ဟို. . . ငါတို့ကို နင်တစ်ခုကူညီဟာ. . ."

"ဘာကူညီရမှာလဲ မမ. . ."

"ဟိုငတိတွေ လက်ဖက်ရည်လာသောက်ရင် သူတို့ခွက်ထဲကို ဒီဝမ်းနုတ်ဆေးအမှုန့်တွေ ခပ်ထည့်ပေးဟာ"

"ဟာ. . . ဖြစ်ပါ့မလားမမ. . .။ ပြဿနာတွေတက်ကုန်ဦးမယ်"

"မတက်ပါဘူးဟဲ့။ ဝမ်းနုတ်ဆေးပဲဟာ. . .၊ မသကာဝန်းရုံပေ့ါ. . . ဟဲ. . ဟဲ. . လုပ်ပါဟာ. . . နင့်ကိုငါ မုန့်ဖိုးပေးပါ့မယ်. . ."

ပြောပြောဆိုဆို သန္တာက တစ်ထောင်တန်တစ်ရွက်ထုတ်ပေးလိုက်သည်။ သည်လိုဆိုတော့လည်း မောင်မျိုးအားနာသွားရ၏။

အားနာပါးနာပင် တစ်ထောင်တန်နှင့်ဆေးမှုန့်ထုပ်များကို လှမ်းယူရင်း မေးနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမ . . သေတော့မသေပါဘူးနော်"

"စိတ်ချ . . . ပန်းရုံပဲပန်းမှာ . . . "

မောင်မျိုးသုတ်ခနဲထွက်၍သွားသည်။ ရွှရွှလေးပြုံးလို့။ နေခြည်တို့အုပ်စုက အေးအေးဆေးဆေးပင် စားသောက်၍နေကြဆဲ . . .။ တရားခံများမဟုတ်သလိုပင်။

အဲ . . . ဆယ်မိနစ်မျှအကြာ . . .

"ဟော . . . နေခြည် . . .။ ဟိုမှာလာနေကြပြီ"

တင်တင်ညွှန်ပြရာသို့ သူတို့မသိမသာမျက်လုံးဝေ့ကြည့်။ တေဇာတို့အုပ်စုကတော့ ထုံးစံအတိုင်း ပြောင်ချော်ချော်မျက်နှာများဖြင့် နေခြည်နွေးတို့နှင့်မလှမ်းမကမ်းစားပွဲဝိုင်းမှာ ဝင်၍ထိုင်ကြသည်။

သိပ်မကြာ . . .။

စားပွဲထိုးမောင်မျိုးရောက်လာပြီးမေး၏။

"ဆရာတို့ . . .။ လေးယောက် . . . လေးမျိုးပဲမဟုတ်လား . . ."

"အေး . . .၊ မင်းကလည်း သိရဲ့သားနဲ့ကွာ"

"ချိစမ့်၊ ချိကျ၊ ပေါ့ကျ၊ ကျောက်ပန်းတောင်း"

မောင်မျိုးက နှုတ်မှအော်ရင်း ဆိုင်တွင်းသို့ဝင်သွားသည်။ အသင့်ဖောက်ထားသော ဝမ်းနှုတ်ဆေးမှုန့်များကို တစ်ခွက်စီ လျှောက်ထည့်၊ ပြီးတော့ လက်ဖက်ရည်ခွက်များကိုယူကာ စားပွဲဝိုင်းမှာ ဟန်မပျက်ချ၍ပေးသည်။

နေခြည်နွေးတို့ တစ်ယောက်နှင့်တစ်ယောက်မျက်စပစ်ပြကြပြီး မသိမသာပြုံးကြ၏။

ငတီလေးယောက်က လက်ဖက်ရည်ကိုမသောက်သေး။ နေခြည်တို့ဘက်သို့ မကြားတကြား ရီသွဲ့သွဲ့လုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြသေးသည်။

နေခြည်တို့က မကြားချင်ဟန်ဆောင်၍ မသိကျိုးကျွံပြု နေကြသည်။ လှမ်း၍ပင်မကြည့်။

သည်စဉ် အင်္ဂလိပ်စာဌာနမှူး ဒေါ်မိုးမိုးဝင်လာသည်။

"ဟာ. . . တီချယ်. . . လက်ဖက်ရည်သောက်ပါဦး. . ။"

တေဇာ့ထံမှ ခရီးဦးကြိုပြုသံကို နေခြည်ကြားလိုက်ရပြီး ဆရာမ၏အသံကိုလည်း တစ်ဆက်တည်းကြားလိုက်ရသည်။

"သောက်. . သောက်. . မောင်တေဇာ"

"လာပါ တီချယ်ကလည်း. . .၊ ကျွန်တော်တို့ ဒါန ပြောက်အောင်လို့ပါ"

သိမ်ငြင်းလျှင် ရိုင်းမည်စိုး၍လောမသိ။ ဒေါ်မိုးမိုး တေဇာ တို့ဝိုင်းတွင်ဝင်ထိုင်သည်။

"တီချယ် ဘယ်လိုသောက်ပါသလဲ. ."

"ကျစိမ့်ပါကွယ်. . ."

"ဒါဆို ကျွန်တော်လည်းကျစိမ့်ပဲ. . ရော့. . တီချယ်"

တေဇာက သူ့လက်ဖက်ရည်ပန်းကန်အား ဆရာမ ဒေါ်မိုးမိုးရှေ့သို့ချပေးလိုက်၏။

သည်မြင်ကွင်းများကို အစအဆုံးလိုက်ကြည့်နေသော နေခြည်တို့အုပ်စု မျက်လုံးပြူးသွားကြတော့သည်။

"ဟော့. . ဘယ်လိုလုပ်ကြမလဲ. . .။ ဟို. . . သရေစာ ဆိုတဲ့ဘဲနာက သူ့ပန်းကန် ဆရာမကိုပေးလိုက်ပြီ"

"အေးတော့. . .။ ဒုက္ခပါပဲ"

သန္တာကိုနှုတ်မှရေရွတ်ရင်း ဆတ်ခနဲထကာ တေဇာတို့ ဝိုင်းသို့ လျှောက်၍သွားသည်။

"တီချယ်. .။ သမီးတို့ဝိုင်းမှာလာသောက်ပါလား. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဪ. . နေပါစေ သမီးရယ်။ တီချယ် ဒီဝိုင်းမှာပဲ သောက်ပါတော့မယ်"

"လာပါ. . တီချယ်ရဲ့ သမီးတို့ဆီမှာသောက်ပါ"

သန္တာက ဖွတ်ပင်ခေါ်နေတော့၏။ သည်တော့ တေဇာက ဝင်၍ပြောသည်။

"ဒီမှာ အမိ။ ကျွန်တော်တို့က ကူသိုလ်လိုချင်လို့ ဆရာမကို ဒါနလုပ်နေတာပါ။ မနှောင့်ယှက်ပါနဲ့"

"နင်တို့လိုပဲပေါ့. . .။ တို့လည်း ကူသိုလ်လိုချင်လို့ တီချယ့်ကို အတင်းခေါ်နေတာပေါ့"

"တော်ကြပါတော့ကွယ်. . .။ ကဲ. . ကဲ. . ဒီလိုလုပ်. . တီချယ် သူတို့ဆီကလက်ဖက်ရည်သောက်ပြီး သမီးတို့ဆီက မုန့်စားမယ်လေ. . ဘယ့်နှယ့်လဲ. . ."

ဪ. . . တီချယ်. . . တီချယ်၊ နာနေဦးမယ် ကွယ်။

သန္တာက ဦးခေါင်းတဆတ်ဆတ်ညိတ်လျက် "ကောင်းတယ် တီချယ်. . ကောင်းတယ်"ဟုဆိုကာ ဆရာမဒေါ်မိုးမိုးရှေ့မှ လက်ဖက်ရည်ပန်းကန်ကို ဆတ်ခနဲ ကောက်ယူလိုက်ပြီး အပိုင်ခေါ်သည်။

"လာ. . တီချယ်၊ သမီးတို့ဝိုင်းမှာသွားသောက်မယ်"

သန္တာက လက်ဖက်ရည်ပန်းကန်ကိုယူကာ ဦးဆောင်ခေါ်သွားသဖြင့် ဆရာမဒေါ်မိုးမိုးလည်း သန္တာ့နောက်မှ လိုက်သွားလိုက်ရတော့၏။

"ထိုင်ပါ. . တီချယ်. . "

ဆရာမကို နေရာပေးရင်း သန္တာက သူ့လက်ဖက်ရည်ပန်းကန်နှင့်လက်ထဲမှ ပန်းကန်ကို မသိမသာလဲလှယ်လိုက်သည်။

ရင်တမမကြည့်နေကြသည့် နေခြည်တို့ကလည်း ကောင်း



www.burmeseclassic.com

www.burmeseclassic.com



လောကွတ်လုပ်သည်။

"သောက်ပါ တီချယ်. . ."

"အေးကွယ်. . ."

ဆရာမက သန္တာလဲပေးထားသော လက်ဖက်ရည်ခွက်ကို ယူ၍သောက်ရင်း မုန့်လည်းပဲစားနေတော့၏။

သည်တော့မှ သန္တာတို့ ပင့်သက်ချနိုင်ကြတော့၏။ ဝမ်းနှုတ်ဆေးခပ်ထားသော လက်ဖက်ရည်ပန်းကန်အန္တရာယ်မှ ဆရာမလွတ်သွားလေပြီကိုး။

အခုတော့ ဝမ်းနှုတ်ဆေးခပ်ထားသည့် လက်ဖက်ရည်ပန်းကန်က သန္တာ့ရှေ့မှာက္ကနေရရ။

သည်စဉ် ဆရာမထံမှ အသံထွက်လာသည်။

"သမီးတို့လည်း သောက်ကြလေ. . .။ သမီး သန္တာ သောက်လေ. . ."

သန္တာတွန့်ခနဲဖြစ်သွား။ သွားကိုလည်း ဖြီးပြမိသည်။

"အဟီး. . .။ သမီး မသောက်ချင်တော့လို့"

"သောက်မလို့ မှာထားပြီးမှ မသောက်ဘူးဆိုတာကတော့ မတုတ်သေးပါဘူး။ ဘာလဲ. . . ဆရာမကို စိတ်ကောက်သွားတာလား. . ."

"မဟုတ်ပါဘူး တီချယ်. . ."

"ဒါဖြင့် သောက်လေ. . .။ အဟင့်ဟင်း. . .၊ သမီးစိတ်ကို တီချယ်သိပါတယ်၊ တီချယ်ဟိုဘက်ဝိုင်းမှာ သွားထိုင်လို့ တီချယ်ကို စိတ်ကောက်နေတယ်မဟုတ်လား. . .။ တီချယ်တောင်းပန်ပါတယ်ကွယ်. . ကဲ. . . ကျေနပ်တော့နော်. . .။ ကျေနပ်တယ်မဟုတ်လား. . ."

"ဟုတ်. . . ဟုတ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ဒါဖြင့် တီချယ်စိတ်ချမ်းသာအောင် သောက်လိုက်. . ."

မိုးကြိုးတော့ အတွဲလိုက်ပစ်ပြီဟုတွေးရင်း သန္တာ့မျက်လုံးများ ပြာဝေ၍သွားသည်။ ခြေဖျားလက်ဖျားများပင် အေးချင်ချင်. . .။

"သောက်လေ. . . သမီး. . ."

"ဟုတ်. . . ဟုတ်. . ."

လက်ကိုမတုန်စေရန် သတိထားလျက် လက်ဖက်ရည်ပန်းကန်ကိုကောက်ကိုင်လိုက်ရသည်။

မတတ်နိုင်။

ကိုယ်ဖော်တဲ့ဆေး ကိုယ့်ဘာကိုယ်ပဲသောက်ရတော့မှာပဲဟု မချိတွေးတွေးရင်း လက်ဖက်ရည်ပန်းကန်ကို မော့ပစ်လိုက်ရ၏။

"ဟင့်. . ဘုရားဆေး၊ တရားဆေး၊ သံဃာဆေး၊ အထက်ဆရာကြီးများရဲ့ဆေးဖြစ်ပါစေ"

ဩော. . ဩော. . ကိုယ့်ကိုယ်ကိုယ်ကျတော့ ဘေးတွေ့မှာစိုးလိုက်တာ။ ဟွန်း. . သူ့ကျတော့ဆေး၊ ဟိုကျတော့ဘေးဖြစ်. . .။

"အဲဒီလိုမှပေါ့ သမီးရဲ့။ သမီးက လိမ္မာသား"

သန္တာရှုံ့မဲ့နှင့် ဆရာမကို ကပျာကယာပြုံးပြရသည်။

အဲ. . . ဒီဘက်မှာက ရောဂါပျိုးတုန်းဆိုပေမယ့် တစ်ဘက်မှာက ရောဂါရင့်လာပြီဖြစ်၏။

"ဟော့ကောင်တွေ. . ငါ့ဗိုက်ထဲက တစ်မျိုးကြီးပဲကွာ. ."

လမင်းက ဗိုက်ကိုပွတ်ပြီးပြောနေပြီလေ။

ဒီတော့ မြင့်ကိုနှင့်မင်းသန်းတို့လည်း ဗိုက်ကိုနှိပ်ကာနှိပ်၊



www.burmeseclassic.com

www.burmeseclassic.com



ပွတ်သူကပွတ်ကာ ရှုံ့မဲ့ရှုံ့မဲ့ဖြစ်လာရင်း ညည်းကြပြန်၏။

"ဟုတ်တယ်ကွာ. . ငါလည်း ဗိုက်ထဲက နာလိုက်တာ. . ဘယ်လိုဖြစ်မှန်းမသိဘူး"

"ဟာ. . ငါ. . ငါ. . နေလို့မရတော့ဘူးကွ. . ."

မြင့်ကို ထိုင်ရာမှ ကပျာကယာထ၊ ဖင်ကိုလက်နှစ်ဘက်နှင့်ပိတ်ပြီး ထပြေးတော့၏။

အိမ်သာဘယ်မှာလဲ. . . အိမ်သာဘယ်မှာလဲ. . .။

"ဟော့ကောင်. . ငါတို့လည်းလိုက်မယ်ဟ"

နှုတ်မှအော်ရင်း လမင်းနှင့်မင်းသန်းတို့ပါ ဖင်ကိုလက်နှင့်ပိတ်၍ မြင့်ကိုနောက်သို့ ပြေး၍လိုက်ကြပြန်လေ၏။

"ဟာ. . ဒီကောင်တွေ ဘယ်လိုဖြစ်တာပါလိမ့်"

တေဇာ ဇဝေဇဝါဖြင့် ရေရွတ်မိသည်။

တစ်ဘက်ဝိုင်းမှ နေခြည်တို့အဖွဲ့က တေဇာတို့အဖြစ်အပျက်ကိုကြည့်ပြီး အစပထမတော့ လောင်မည်ဟုစဉ်းစားထားသော်လည်း မလောင်ဖြစ်ပါ။ ဒီမှာကလည်း ကိုယ့်လူတစ်ယောက်အခြေပျက်နေမင့်ကိုး။

"ကဲ. . သမီးတို့. . ။ တီချယ်သွားမယ်. . ."

"ဩော်. . ဟုတ်ကဲ့ တီချယ်. . ."

"ကျေးဇူးတင်ပါတယ် တီချယ်. ."

နှုတ်ခမ်းရှိအပြုံးတို့ကို စုရုံးရောက်ရှိစေပြီး ပြောသာပြောလိုက်ရသော်လည်း သန္တာအပြုံးကတာရှည်မလန်း။

မလန်းရုံမဟုတ်၊ မျက်စိမျက်နှာပါ အကြီးအကျယ် ဖျက်သာနေပြီ။

အကဲခတ်လိုက်မိသော နေခြည်က လှမ်း၍မေး၏။

"သန္တာ. . ။ ဘယ်. . ဘယ်လိုဖြစ်နေလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မ. . မရဘူး. . . ။ ထွက်. . ထွက်တော့မယ်. . "

"မြတ်စွာဘုရား. . . "

"မ. . မထွက်နဲ့ဦး. . ။ အောင့်ထား. . အောင့်ထား. . သာ. . လာ. . အိမ်သာကိုပြေးရအောင်. . "

သန္တာ့ကို နေခြည်တို့က ခြံရုံပြီး မပြေးရုံတမယ်ထွက်ခဲ့ကြတော့၏။ ရထားတွဲကြီး ခုတ်သလိုပဲပေါ့။

ဒီတစ်ခါ မျက်လုံးပြူးရသူက စားပွဲထိုး မောင်မျိုး။

"ဟာ. . ဟိုဝိုင်းကော ဒီဝိုင်းကော. . တစ်ဝိုင်းမှငွေရှင်းမသွားကြပါလား. . . ။ အဲဒါမှ ဒုက္ခ. . ။ ဒီမှာ အမကြီးတို့"

သန္တာက ပြေးနေရာမှ ဆန့်ခနဲလှည့်ကြည့်ပြီး. . .

"ဘာလဲဟဲ့ သေနာရဲ့။ နင်ကတစ်မျိုး"

"အား. . . ကျွတ်. . ကျွတ်. . "

▼ ▼ ▼



www.burmeseclassic.com

www.burmeseclassic.com

(၄)

သန္တာတစ်ယောက် အတော်ပင် အီစလံဝေသွားသည်။ ဆေးရုံပင် နှစ်ရက်တက်လိုက်ရသေး၏။ ပြန်ဆင်းလာတော့ လူကမျက်ကွင်းလေးဟောက်ပက်။ ဆေးရုံတက်လောက်အောင် ခံလိုက်ရသည်က စားပွဲထိုးမောင်မျိုးကြောင့်ပင်။

မောင်မျိုးက နေခြည်တို့၏ 'တားဘက်'သည် တေဇာ မှန်းသိသဖြင့် တေဇာ့ပန်းကန်ထဲသို့ ဆေးမှုန့်တော်တော်များများ လေး ထည့်ထားလိုက်ခြင်းဖြစ်၏။

အဲ. . အဲသည် ပန်းကန်ကိုမှ သောက်လိုက်ရသည့် သန္တာ့ခမျာမှာတော့ ဆေးရုံရောက်သည်အထိ ဒုက္ခများသွားရှာပါ လေခြင်း။

နေခြည်က သန္တာ၏နွမ်းလျ (ပန်းလျ) ရုပ်သွင်လေးကို ကြည့်၍ ကရုဏာစကားပြောရှာသည်။

"ငါ့အတွက်နဲ့ ဖြစ်ရတာ စိတ်မကောင်းပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူးဟာ။ သင်းတို့ကို ငါဘယ်တော့မှ မကျေဘူး"

သန္တာက အံကြိတ်ရင်းပြောသည်။ နေသေးသပခြုံထဲက ချိုသွေးလိုတမြမြ. . ။

တင်တင်က. . .

"ငါတော့ ကင်(န်)တင်းဘက်သွားရမှာ ရှက်သွားပြီဟာ"

"ဟာ. . သွားကိုသွားရမယ်။ ရှက်ပြီး တို့တွေမသွားရင် သင်းတို့ကို အရှုံးပေးရာရောက်သွားမှာပေါ့"

"ကိုင်း. . သွားဆို အခုသွားကြမယ်ဟာ. ."

တိုက်ကွမ်ဒိုသမား နီလာက စိတ်မြန်လက်မြန်ပြောသည်။ ဒီတော့လည်း ကျန်လူတွေက မငြင်း။ ခေါင်းညိတ်ကြသေး၏။

"အေး. . သွားမယ်. . . လာ. . ."

သိပ်အစာမကြေသော ဘော်ဒါမမတစ်စု တက်ညီလက်ညီဖြင့် ကင်(န်)တင်းလို့ ချီတက်ခဲ့ကြလေပြီ။ ထိုးစစ်ကြီးတစ်ရပ်ဆင်နွှဲတော့မည့်အလား. . . ။

လက်ဖက်ရည်ဆိုင်ရောက်တော့ သူတို့ခြေလှမ်းတုံ့ခနဲဖြစ်၍သွားသည်။

သန္တာက နေခြည့်ကိုလက်ကုတ်၍. . .

"နေခြည်. . ။ ဟိုမှာ. . . ဟိုမှာ. ."

"အေး. . . တွေ့တယ်. . ."

အခြားသူမဟုတ်၊ တေဇာ. . . ။

တေဇာ တစ်ယောက်တည်း အရင်ရောက်နေခြင်းပင်။ အံမာ. . ကိုယ်တော်ချောက စာအုပ်တစ်အုပ်နဲ့ ငြိမ်လို့။

"ဘယ်လိုလုပ်ကြမလဲ. . ."

နေခြည်ကမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သန္တာက အံခဲလျှက် တပ်မှူးတစ်ယောက်ပမာပြောပုံက
“ရန်သူအင်အားနည်းတုန်း တို့တတွေဝင်တိုက်မယ်။ အလုံးအရင်းနဲ့ ဖိတိုက်ပြီး အပြတ်ချေမှုန်းမယ်။ အခြေအနေပေါ် မူတည်ပြီး တိုက်ပွဲပုံစံပြောင်းမယ်”
“ဟုတ်”
နေခြည်က ဟုတ်ဟုဆိုလျှက် အသင့်အနေထားဖြင့် နေတော့ ကျွန်မမတွေကလည်း အံခဲလျှက် အသင့်ပုံစံပါပဲ။
သိပ်မကြာ။
သူတို့အုပ်စု ချီတက်ခဲ့ကြရာ တေဇာ့စားပွဲရှေ့သို့ရောက်ရှိသွားကြ၏။
“ဒီမှာ ထိုင်မယ်နော်. . .”
သန္တာက မထေမဲ့မြင်ပုံစံဖြင့်ပြောရင်း ခုံလွတ်တစ်လုံးမှာ ဝင်၍ထိုင်လိုက်သည်။ ကျွန်မမတွေကတော့ ခါးဟွှေထောက်လျှက် ရပ်နေကြဆဲ။ အသင့်အနေထားနှင့်ပေါ့။
တေဇာက အေးဆေးပုံစံဖြင့်. . .
“ထိုင်ပါဗျာ. . ထိုင်ပါ. . ။ လက်ဖက်ရည်ဆိုင်ဆိုတာ သောက်တဲ့လူ ဘယ်သူမဆို အယုတ်အလတ်အမြတ်မရွေး ဝင်ထိုင်လို့ရပါတယ်။ ကျွန်တော်တို့လို လူကြီးလူကောင်းတွေလည်း ဝင်ထိုင်လို့ရတယ်၊ သူခိုးဂျပိုးတွေလည်း ဝင်ထိုင်လို့ရပါတယ်. . ဟဲ. . ဟဲ. .”
“ရှင်. . ဘာစကားပြောတာလဲ. . ။ စော်ကားလှချေလား. .”
“ကျွန်တော် ဘာများစော်ကားတဲ့စကားပြောမိလို့လဲဗျာ”
“ရှင်ပြောတာ ရှင်မသိဘူးလား. . ။ လူတွေကိုများ သူခိုးဂျပိုးလေးဘာလေးနဲ့”



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ကျွန်တော်ခင်ဗျားတို့ကို သူခိုးဂျပိုးလို့ မပြောပါဘူးဗျာ။ လက်ဖက်ရည်ဆိုင်မှာ ဘယ်သူမဆိုထိုင်လို့ရတဲ့ အကြောင်းပြောတာပါ။ တိုက်ဆိုင်သွားရင် ခွင့်လွှတ်ပါနော်. . ဟဲ. . ဟဲ. ."

"ဘာ တိုက်ဆိုင်သွားရင်လဲ. ."

"ကဲပါဗျာ. .။ ကျွန်တော်ကပဲ တောင်းပန်ပါတယ်၊ အေးအေးသက်သာထိုင်ကြပါ. .။ ဘယ်နှယ့်ခါးကြီးတွေထောက်လို့။ ဘေးလူတွေမြင်ရင် တစ်မျိုးထင်နေပါ့မယ်"

ဆိုလေတော့ သန္တာက နေခြည့်ဘက်လှည့်ကာ မျက်စိမှိတ်ပြရင်း. .

"ထိုင်ပါနေခြည်ရယ်. .၊ ဒီက ကိုသရေစာ. . အဲ. . ကိုတေဇာက တို့ကိုပြောတာမှမဟုတ်တာ။ စိတ်လျှော့လိုက်"

"ဟုတ်သားပဲ နေခြည်. .။ စစ်မရောက်ခင် မြားမကုန်စေနဲ့လေ. .၊ ထိုးစစ်က မစရသေးဘူး"

ဒါက တင်တင် ဝင်ပြောခြင်း။

တင်တင့်စကားအဆုံးမှာ သူတို့အားလုံးဝင်ထိုင်လိုက်ကြသည်။ ပုံစံကတော့ တေဇာ့ကို ဝိုင်းထားကြသည့်ပုံ။

တေဇာက သူတို့ကိုတစ်ယောက်စီလိုက်ကြည့်လိုက်ပြီး. .

"ခင်ဗျားတို့က ကျောင်းကထွက်ပြီး စစ်တိုက်ကြတော့မလို့လား. ."

"ဟုတ်တယ်၊ အဲ. . အဲ. . မဟုတ်ဘူး။ ဟို. . ဟို. . ရေစစ်မဝယ်ရသေးခင်မှာ မြားနဲ့တစ်ယောက်ကိုတစ်ယောက် မပစ်နဲ့လို့ပြောတာ. .။ ဟို. . စက္ကူမြားလေးတွေလေ. .၊ အဆောင်မှာ တစ်ယောက်နဲ့တစ်ယောက် ပစ်ပြီးနောက်ကြတာ။ ရေအိုးထဲဝင်သွားရင် ညစ်ပတ်သွားမှာစိုးလို့. .၊ ဟီး. . ဟီး"



www.burmeseclassic.com

www.burmeseclassic.com



တေဇာက တစ်ချက်ပြုံးလျှက် ခပ်သွက်သွက်ပြန်၍ပြော သည်။

"ကျွန်တော် ကူညီမယ်။ ကျောင်းကထိန်တုန်းက လှူထားတဲ့ ရေစစ်တွေအများကြီး ပိုနေတယ်။ ခင်ဗျားတို့ကို ပြန်လှူမယ်"

နေခြည်က နှာခေါင်းရှုံ့လျှက်ပြန်၍ပြောလိုက်၏။

"ပိုနေရင် ရှင်ပဲပြန်ရောင်းစား"

"အိုး . . နေခြည်ကလည်း . . သူက စေတနာနဲ့ပေးတဲ့ ဥစ္စာ . .။ တေဇာကသိပ်သဘောကောင်းတာပဲနော်. . ဟီး"

နီလာက ဝင်ပင့်ပေးတော့. . .

တေဇာ ပြုံးဖြီးဖြီးဖြင့် နီလာ့ကိုပြန်ပြောသည်။

"မင်း မဆိုးဘူး။ လူကဲခတ်တော်တယ်။ ဟုတ်တယ်ဗျ။ ကျွန်တော်က စိတ်ရင်းစေတနာသိပ်ကောင်းတာ။ ကျောင်းမှာ သူများတွေအလှူလာလုပ်လို့ ကျွန်တော် ဟင်းလိုက်ရရင် ဘယ်တော့မှ နည်းနည်းမထည့်ဘူး။ အများကြီးထည့်တာ။ မုန့်ဟင်းခါး ကျွေးရင်လည်း ဟင်းရည်အများကြီးထည့်ပေးတယ်။ စားတဲ့လူက တားယူရတဲ့အထိ. . "

နေခြည်က လှောင်ပြုံးပြုံးရင်း အားပါးတရပြောပစ်လိုက် သည်။

"အံမယ်လေး. . ဝေသန္တာရာကြီး. . ။ သူများလုပ်တဲ့ အလှူမှာ ရက်ရက်ရောရော ကျွေးရဲတဲ့ပုဂ္ဂိုလ်ထူးကြီးပဲ"

"ဟုတ်တယ်လေဗျာ. . ။ တချို့ဆို ကိုယ်လည်းမလှူနိုင်။ သူများတကာလှူတဲ့အလှူမှာလည်း ကြားကဝင်ပြီး တွန့်တို၊ ကဲ့ရဲ့ တတ်ကြတယ်။ ပေါ့သလေး ငန်သလေးနဲ့။ ပြီးတော့ အိမ်ပြန်ရင် ချိုင့်နဲ့သယ်သွားချင်သေး"

သည်တွင် တင်တင်က ဝင်၍ထောက်ခံအားပြောနေ



www.burmeseclassic.com

www.burmeseclassic.com



၏။

"တုတ်တယ်၊ ကိုတေဇာပြောတာ ဟုတ်တယ်။ တို့အိမ်နားက ဒေါ်ခင်တင့်ကြီးဆို ပိုက်ဆံလည်းရှိပါရဲ့နဲ့ အလှူမှာ လူတွေ မတော့နိုင်သေးဘူး၊ နောက်ပေါက်ကနေ ချိုင့်ကြီးချိုင့်ငယ်နဲ့ သူ့အိမ်ကိုအရှာသယ်တယ်"

တင်တင်က တေဇာ့စကားကို အပြုံးဖြင့်ထောက်ခံနေလေပြီ။

"အံမယ်လေး. . ။ အတိုင်အဖောက်ညီနေလိုက်ကြတာ။ ဒီမှာ ဆာလှပြီ၊ ဘာမှမစားရသေးဘူး"

"အေး. . ဟုတ်တယ်၊ ဆာပြီဟာ. ."

နီလာကပါ ဗိုက်ကလေးပွတ်လျက်ပြောသည်။

သည်တော့မှ တင်တင်က. . .

"ဟုတ်သားပဲ. . . ။ ကဲ. . မှာကြလေ. ."

"နင်မှာဟာ. ."

တင်တင်က သန္တာ့ကို မှာခိုင်းပြန်၏။

သန္တာက တစ်ခါနေခြည့်ကို ပြောလိုက်၏။

"နေခြည် မှာဟာ"

"ဟာ. . စားပွဲထိုးတွေက အဝေးကြီးမှာဟ. . ။ ငါ လှမ်းမမှာရဲဘူး. . ။ ဪ. . ကိုတေဇာ. . ။ မှာပေးပါလား. ."

"ရတယ်လေ. . ။ ကဲ. . ပြော. . ။ ဘယ်သူက ဘာဆိုတာ"

"ကျွန်မက နက်(စ်)ရှယ်ရယ် နန်းကြီးသုတ်ရယ်"

"ဟုတ်ပြီ. . ။ ခင်ဗျားကကော"

"ကျွန်မလည်း သူနဲ့အတူတူပဲ. . ."

"ဟုတ်ပြီ။ ခင်ဗျားကကော. ."

www.burmeseclassic.com



"ကျွန်မက နက်(စ်)ရှယ်ရယ် ဆီချက်ရယ်. . ။ ဪ. . နေခြည်. . ။ မင်းကကော. . "

"နေခြည်က ကြေးအိုးရှယ်ရယ်၊ ကိုလာရယ်. . ၊ အားလုံး မှတ်မိပါတယ်နော်"

"အာ. . မှတ်မိပါတယ်။ ဆယ်တန်းအောင်ပြီး တက္ကသိုလ်မတက်ခင်တုန်းက စားပွဲထိုးလုပ်ဖူးပါတယ်ဗျ။ ဟော့. . ချာတိတ်. . "

တေဇာက စားပွဲချာတိတ်ကို လှမ်းအော်ခေါ်လိုက်၏။

စားပွဲထိုးရောက်လာတော့ နေခြည်တို့အုပ်စု မှာသည်များကို အမှားအယွင်းမရှိ မှာကြားပေးလိုက်သည်။

"ဟုတ်တယ်မဟုတ်လား. . ။ အဲဒီအတိုင်း မှန်တယ် မဟုတ်လား. . "

"ဟုတ်ပါဟယ်. . ဟုတ်ပါတယ်။ ကိုတေဇာက မှတ်ဉာဏ်ကောင်းသားပဲ. . ။ ဪ. . ကိုတေဇာအတွက်လည်း မှာဦးလေ. . "

"အာ. . ကျွန်တော်က စားပြီးသွားပြီခင်ဗျ"

သိပ်မကြာ. . စားသောက်ဖွယ်ရာများ ရောက်လာတော့

နေခြည်တို့အုပ်စု ခေါင်းမဖော်စတမ်း ဝါးကြရာ ဝေသာလီပြည်ဝင်စီးဖူးသည့် ဘီလူးများနှင့်မခြား။

"အားပါး. . ကောင်းလိုက်တာ"

"ကောင်းမှာပေါ့ဟ။ ဒါနပြုတဲ့လူက စေတနာကောင်းတာကိုး"

တေဇာက နေခြည်တို့ အားရပါးရ ဝါးနေသည်ကို ကြည့်ပြီး. .

"ဟာ. . ခင်ဗျားတို့ ဝါး. . အဲ. . စားနေတာကြည့်ပြီး. .


www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တောင် ထပ်ဆွဲချင်လာပြီ"

"ဆွဲလေ. . ကိုတေဇာရဲ့. . ၊ ကျွန်မတောင် နောက်တစ်ပွဲ ထပ်ဆွဲဦးမလားလို့"

"အေးဗျာ. . ဆွဲလိုက်ဦးမယ်. . ။ ဟေ့. . ချာတိတ်"

စားပွဲထိုးရောက်လာပြီး ရပ်စောင့်ကာမေးသည်။

"ဘာမှာဦးမလဲအစ်ကို"

"ငါ့ကို ဆီချက်တစ်ပွဲလုပ်ကွာ. .။ အဲ. . သူ့ကိုတော့ မေးကြည့်ဦး. . ။ အခုန ယူဦးမယ်ပြောနေတယ်"

"အစ်မ. . ။ ယူဦးမှာလား. . "

"အေး. . . ဆီချက်တစ်ပွဲထပ်လုပ်ကွာ. . ။ နေဦး. . နေဦး တစ်လက်စတည်း ကျန်တဲ့လူတွေမေးလိုက်ဦးမယ်. . ။ ကဲ. . ဘော်ဒါတွေ. . ဘာမှာကြဦးမှာလဲ. . "

"ကျွန်မကို ပူတင်းတစ်ပွဲ. . "

"ကျွန်မလည်း ပူတင်းပဲ. . "

သည်တော့ တေဇာက နေခြည်ကိုလှမ်းကြည့်ပြီး. .

"ဒီက နေခြည်ပူရော. . "

"ဘာရှင့်"

တေဇာက "နေခြည်ပူ"ဟု ခေါ်လိုက်သဖြင့် ကလေးမ တင်းသွားခြင်းပင်။

သည်တော့ သန္တာကဝင်ဖော်လိုက်၏။

"ကိုတေဇာကလည်း သူ့နာမည်က နေခြည်နွေးပါ"

"ပူတာနဲ့ နွေးတာ မတူဘူးလား. . "

"မတူဘူးရှင့်။ ပူတာက ပူပြင်းတာ။ နွေးတာက နွေးထွေးတာ. . ။ ရှင် နားမလည်ဘူးလား"

"ဒါဆိုလည်း ဆောရီးဗျာ. . ။ ကဲ. . နေခြည်နွေးနွေး



www.burmeseclassic.com

www.burmeseclassic.com



ထွေးထွေး. . ။ ဘာ မှာဦးမှာလဲ. . ”

“ဘာမှ မမှာဘူး”

နေခြည်က ဘုတောလိုက်၏။

တေဇာ သဘောကျစွာပြုံးသည်။ အပြုံးအေးနှင့်ပါ။

အဲ. . စားလို့သောက်လို့ အားလုံးလည်းပြီးကြရော သန္တာက နေခြည်နွေးကို မျက်စိတစ်ဘက်မှိတ်ပြရင်း. .

“ဟယ်. . ငါ့ထမင်းချိုင့်. . နားနေဆောင်မှာကျန်ခဲ့ပြီ။ ပျောက်ရင်ပြဿနာပဲ။ ငါသွားကြည့်လိုက်ဦးမယ်. . ။ ဟဲ့. . နေခြည်. . အဖော်လိုက်ခဲ့ဟယ်. . ”

ပြောပြောဆိုဆို နေခြည့်လက်ကိုဆွဲ၍ ခပ်သွက်သွက် ထွက်သွားကြ၏။

သည်တော့မှ နီလာကလည်းပြာပြာသလဲအမူအရာဖြင့်

“ဟဲ့. . ငါ့ခေါက်ထီးလည်း ကျန်ခဲ့တယ်ဟဲ့. . ။ ဟေ့. . သန္တာတို့ခဏနေဦး. . ။ တို့လည်းလိုက်မယ်. . ။ လာ. . တင်တင်”

နီလာကလည်း တင်တင့်လက်ကိုဆွဲ၍ ခပ်သွက်သွက် ထွက်သွားပြန်၏။

“ဟ. . ဟ. . ဘယ်လိုဖြစ်ကြတာလဲ. . ။ ငယ်ငယ် ရွယ်ရွယ်နဲ့ တယ်သတိမေ့တတ်ကြတဲ့ ဟာမလေးတွေပဲ. . ”

တေဇာနှုတ်မှရေရွတ်ရင်း သူစားလက်စဆီချက်ကို ဆတ်၍စားနေလိုက်သည်။

ဆီချက်ကုန်သွားတော့ ရေနွေးကြမ်းသောက်ရင်း နေခြည်တို့ကိုစောင့်နေသေး၏။ လည်တရှည်ရှည်နှင့်. .

နာရီဝက်မျှကြာသည်အထိ မရွှေချောတို့ပေါ်မလာ။

နောက်ထပ် ဆယ့်ငါးမိနစ်လောက်ကြာတော့ တေဇာ ဆက်မစောင့်နိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိစ္စသူရှင်း၊ ကိုယ့်ကိစ္စကိုယ်ရှင်းဟု ဆုံးဖြတ်ပြီး စားပွဲထိုးချာတိတ်ကို လှမ်းခေါ်လိုက်သည်။

"ရှင်းမယ် ချာတိတ်. ."

ချာတိတ်က ကြိုတင်တွက်ချက်ထားပြီးပြီ။

"ရှစ်ထောင်ကျတယ်ဆရာ"

"ဘာ. .။ ဟေ့ကောင်. .၊ ငါစားတာ ဆီချက်နှစ်ပွဲနဲ့ လက်ဖက်ရည်တစ်ခွက်တည်းကွ"

"ဆရာ ဘယ်နှပွဲစားသလဲတော့ ကျွန်တော်မသိဘူး၊ ဒါတွေအကုန်းလုံးတော့ ဆရာမှာတာပဲ"

"အမ်"

တေဇာ 'အမ်' ရုံပဲတတ်နိုင်တော့သည်။ စားပြီးသမျှ အန်ချမိတော့မည်။ အော့ဟော်. . မချောတို့က ဂလိုကိုး။

"ညီလေး. ."

"ဟုတ်ကဲ့. . ပြောပါခင်ဗျာ. ."

"ငါ့မှာ နှစ်ထောင့်ပဲ ပါတယ်ကွာ. .၊ ကျန်တာ နောက်မှလာ ရှင်းမယ်နော်"

"မရဘူးဆရာ"

"ဒါဖြင့် ငါ့နာရီယူထားကွာ. .။ တစ်သောင်းခွဲတန်တယ်"

"မရဘူးဆရာ"

ဒီငနာလေး 'ဘူးတစ်လုံးဆောင် အိုတောင်မဆင်းရဲ'ဆိုတဲ့ စကားပုံကို အာဂုံဆောင်ထားသလားမသိ။

"မင်းဟာကလည်း. . အကြွေးမှတ်ဆိုတော့လည်း မမှတ်ဘူး။ နာရီယူထားပါဆိုတော့လည်း မယူဘူး. .။ ကဲ. . ငါ ဘာလုပ်ရမလဲ. ."

"နာရီဆိုတာက စက်ပစ္စည်း. .။ ဒါကြောင့် လက်မခံ



www.burmeseclassic.com

www.burmeseclassic.com



တာပါ. ."

"အပေါင်ဆိုင်ကျနေတာပဲ"

"ဆိုင်ရှင်ပြောထားလို့ပါ။ အဲ. . အဲ. ."

အဲ. . အဲ. . ဆိုပြီး ကျေးဇူးရှင်လေးက တေဇာ့ကို အထက်မှအောက်၊ အောက်မှအထက် အပြန်ပြန်အလှန်လှန် ကြည့်နေ၏။

တေဇာ ဇဝေဇဝါ ဖြစ်သွားလျှက်မလုံမလဲမေးမိသည်။

"ဘာလဲကွ. . မင်းဟာကလည်း. ."

"ဟဲ. . ဟဲ. . ၊ အဝတ်အစားဆိုရင်တော့ရတယ်ခင်ဗျာ့"

"မြတ်စွာဘုရား. ."

"ဟုတ်တယ်ဆရာ။ အဝတ်အစားဆိုရင်ရပါတယ်"

"ဟာ. , ငါက အဝတ်အစားချွတ်ပေးပြီး ဒီအတိုင်း ပြန်သွားရင် ခွေးတစီစီဖြစ်နေမှာပေါ့"

"ဟဲ. . ဟဲ. . စွပ်ကျယ်လေး. . ဘောင်းဘီတိုလေး မပါဘူးလား. ."

"ကဲ. . ကဲ. . ငါ့အကျီယူကွာ. . ။ အဲဒါ အဲရိုးတံဆိပ်. . ရှစ်ထောင်ကျော်ပေးရတယ်။ တစ်ခါပဲဝတ်ရသေးတာ"

တေဇာ အကျီချွတ်ပေးလိုက်တော့ ချာတိတ်က စပ်ဖြဲဖြဲ ဖြင့် ပြောနေသေးသည်။

"ဝယ်တာတော့ ရှစ်ထောင်ကျော်ပေါ့ဆရာရယ်၊ ဝတ်ပြီး သွားပြီဆိုတော့ မူလဈေးဘယ်ရတော့မလဲ. . ။ ကျွဲရော လွန်ရော ရ. . သုံးထောင်ပေါ့။ ဆရာ ဆိုင်မှာ သွားပေါင်ရင် တစ်ထောင့် ငါးရာလောက်ပဲရမှာ. . ။ ဒါတောင်. . ရပ်ကွက်ထဲမှာ ဒန်ဒိုး ဒန်ခွက်တွေကအစ အပေါင်ခံတဲ့ဆိုင်လေးတွေမှာပဲရမှာ၊ ဆိုင်ကြီး တွေမှာရမှာမဟုတ်ဘူး"

www.burmeseclassic.com



"အာ. . အရေးထဲ အပေါင်ဆိုင် ငိုကာလာဖွင့်နေပြန်ပါပြီ. .။ တဲ. . ဟော့ကောင်. . ငါ ဘာထပ်မေးရဦးမလဲဆိုတာကိုပဲပြော. ."

"အဟဲ. . ဆရာ့လုံခြည်က ဦးဂျမ်းမဟုတ်လား. ."

"ဟုတ်တယ်. . ဟုတ်တယ်. .။ ဘာလဲ. . ချွတ်ရမလား"

"ဟုတ်. ."

"ကိုင်း. . ချွတ်တယ်ကွာ. ."

တေဇာထိုင်ရာမှထ၍ လုံခြည်ကိုကွင်းလုံးချွတ်ချလိုက်၏။

"အံမယ်လေး. ."

"ဟွဲ. . ဟွဲ. ."

အခြားဝိုင်းမှ ကောင်မလေးများ၏ အာမေဋိတ်သံများ ညံသွားသည်။

ပြုန်းခနဲမို့ သူတို့လန့်သွားကြခြင်းဖြစ်၏။

တကယ်တော့ တေဇာ့မှာ 'ရှော့ပင်' ပါပြီးသား။

ရှော့ပင်ကလည်း အသစ်၊ အကောင်းစားဆိုတော့ အခြေအနေက သိပ်မဆိုး။ လူကခပ်ဖြောက်ဖြောက်လေးပင် ဖြစ်သွားသလိုလို။ ဟော့ရှော့ပုံစံပေါ့။

"ကဲ. . ဟော့ကောင်. . ဘာချွတ်ရဦးမလဲ. ."

"အာ. . ရပြီဆရာ. . ရပြီ. .။ အဟီး ဆရာ့ဦးဂျမ်းက အသစ်ကြီးပဲ. .။ ဆရာ့ဘက်က နည်းနည်းတောင်များသွားပြီလားမသိဘူး. .။ ဆရာ ဘာယူဦးမလဲ. . စီးကရက်ယူမလား. ."

"စီးကရက်တော့မယူဘူး. ."

"ဒါဖြင့် ဘာယူမလဲ. ."

"မင့်အစ်မယူမယ်. ."

ကိုင်း. . မှတ်ကရော။



www.burmeseclassic.com

www.burmeseclassic.com



သည့်နှယ်ပြောရင်း လှည့်ထွက်လာခဲ့တော့၏။

စားပွဲထိုးလေးထံမှ ဆဲသံသဲ့သဲ့ ကြားလိုက်သလိုလိုရှိသည်။ ဘာကိုမျှဂရုမစိုက်၊ လှည့်မကြည့်တော့။

စွပ်ကျယ်လက်ပြတ်နှင့် ရှော့ပင်နှင့်။ ပြီးတော့ ကျောပိုးအိတ်လွယ်လို့ဆိုတော့ကာ. .

တချို့က 'ဒီဇိုင်းအသစ်' ထွင်လာတယ်ထင်ပြီး အထင်တကြီးဝိုင်းကြည့်နေကြသေးသည်။

တချို့ကတော့ 'ငကြောင်'ဟု တီးတိုးရေရွတ်ပြီး ရွရွလေး ပြုံးကာကြည့်နေကြလျှက်. .

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

(၅)

"တီ . . တီ . . တီ . . တီ . . "

နေခြည် တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

"အမိန့်ရှိပါရှင် . . "

"အန်တီနွဲ့ပါသမီး . . ။ သမီးမေမေရှိလား"

"ရှိပါတယ် အန်တီနွဲ့ . . ၊ သမီးခေါ်ပေးမယ်နော်"

"အေး . . အေး . . "

တယ်လီဖုန်းခွက်ကို လက်ဝါးဖြင့်ပိတ်ပြီး နေခြည်က အသံလှမ်းပြုလိုက်သည်။

"မေမေရေ . . ၊ တယ်လီဖုန်းလာနေတယ်။ အန်တီနွဲ့ဆီက . . "

"အေး . . အေး . . လာပြီသမီး . . "

ဒေါ်ထားထား အိမ်ခန်းထဲမှထွက်လာပြီး တယ်လီဖုန်းကို လှမ်းယူကာ နားထောင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မြော. . နွဲ့. ."

"မမထား ဘာတွေလုပ်နေသလဲ. ."

"ခေါင်းနည်းနည်းနောက်တာနဲ့ အိပ်ရာထဲလှဲနေတာ နွဲ့ရေ. ."

"ဟုတ်လား. .။ ဒါနဲ့ နွဲ့ပြောထားတဲ့ကိစ္စ ဘယ်လိုလဲ မမထား"

"အဲဒါ စဉ်းစားနေတာနွဲ့ရဲ့။ ငွေက နည်းနည်းများတယ် မဟုတ်လား။ အတိမ်းအစောင်းဖြစ်မှာစိုးတယ်"

"အင်း. . နွဲ့လည်းစဉ်းစားပါတယ်။ ဒါပေမယ့် သူလည်း လူကြီးလူကောင်းတစ်ယောက်ပဲလေ. ."

"အမှန်အတိုင်းပြောရရင် လူကြီးလူကောင်းတစ်ယောက် ဆိုပေမယ့် မမတို့ နွဲ့တို့နဲ့ သူက သိပ်အရင်းနှီးကြီးမဟုတ်တော့ စဉ်းစားရတာပေါ့"

"အင်းလေ. . မမထား စဉ်းစားဦးလေ. .။ အိမ်က လူကတော့ အမြတ်ခေါက်ချိုးရမှာမို့ သဘောကျနေတယ်။ မမထား မပါရင် ရှယ်ယာနှစ်ခုစလုံးအတွက် သူထည့်မယ်တဲ့"

"အင်းလေ. . မမထား တစ်ရက်နှစ်ရက်အတွင်း အကြောင်းပြန်မယ်နော်. ."

"ဟုတ်ကဲ့ မမထား. .။ ဒါပဲနော်. ."

တစ်ဖက်က ဖုန်းချသွားပြီ။

ဒီဘက်ကလည်း ဖုန်းလိုက်၏။

ဖုန်းချပြီး ဒေါ်ထားထား ဆိုဖာပေါ်မှာထိုင်ချလိုက်၏။

ပြီးတော့ စောစောကပြောသည့် အလုပ်ကိစ္စအကြောင်း စဉ်းစား၍နေမိ၏။

"ဟား. . ဟုတ်ပြီ. ."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ထားထား တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့် မျက်နှာဝင်းပ၍သွားသည်။

"သမီးရေ. . ."

"ရှင်. . ."

"ကား ပြန်ရောက်ပြီလား. ."

"ရောက်နေပြီ မေမေ.."

"ဒါဆို မေမေ ဆရာတော့်ကျောင်းခဏသွားလိုက်ဦးမယ်၊ သမီးကော လိုက်ဦးမလား. ."

"မလိုက်တော့ဘူးမေမေ. .၊ စာတွေလုပ်စရာရှိလို့. ."

"အေ. . အေး. . ဒါဖြင့် မေမေပဲသွားတော့မယ်. ."

ဒေါ်ထားထား အဝတ်အစားလဲပြီး သူကိုးကွယ်သည့် ဆရာတော်ကျောင်းသို့ ထွက်လာခဲ့သည်။

ကျောင်းရောက်တော့ ဆရာတော်အား ရှိသေစွာဝတ်ပြုလိုက်တော့ ဆရာတော်ကမေးသည်။

"ကျောင်းအစ်မကြီး. . ဘယ်ကလှည့်လာတာတုန်းဗျ. ."

"ဆရာတော်ဘုရားဆီ သက်သက်လာတာပါဘုရား"

"ရော်. . အကြောင်းထူးရှိလို့လား ဒကာမကြီးရဲ့"

"လျှောက်ရမှာတော့ အားနာပါတယ်ဘုရား. ."

လူမှုရေး၊ စီးပွားရေးကိစ္စပါဘုရား. .။ တပည့်တော် လုပ်ငန်းတစ်ခုအတွက် ငွေအရင်းအနှီးအတော်များများ မြှုပ်နှံရပါမယ် အရှင်ဘုရား။ အဲဒါ သင့်-မသင့် ချင့်ချိန်မိန့်ကြားပေးပါလို့ လာလျှောက်တာပါဘုရား. ."

"အိမ်း. . ခက်တော့ ခက်တာပဲ ဒကာမကြီးရဲ့၊ လူမှုရေး စီးပွားရေးဆိုတာ သံဃာတော်နဲ့ အပ်စပ်တဲ့အလုပ်မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဒကာမကြီးရဲ့။ ဗုဒ္ဓအဆုံးအမနဲ့ ဖီလာဆန့်ကျင်လည်းဖြစ်တယ်။ အဲ. . တစ်ခုတော့ရှိတယ်။

တစ်ခုတော့ရှိတယ်ဆိုပြီး ဆရာတော်ခဏငြိမ်စဉ်းစားသည်။ ပြီးတော့မှ ဆက်၍မိန့်ကြားသည်။

"ဒကာမကြီး သိပ်သိချင်တယ်ဆိုရင်တော့ ရွာကကျောင်းလာနေတဲ့ ကျုပ်တူတစ်ယောက်ရှိတယ်။ သူက နက္ခတ်ပညာတတ်တယ်။ သူ့ကိုမေးကြည့်ပေါ့"

"ဒါဆိုလည်း အဆင်ပြေပါတယ်ဘုရား"

ဆိုတော့ ဆရာတော်က ကိုရင်တစ်ပါးကိုခေါ်ပြီး အမိန့်ရှိ၏။

"ကိုရင်. . ။ ဒီ ဒကာမကြီးကို မောင်တေဇာ့ဆီခေါ်သွားစမ်း။ ပြီးတော့ ဗေဒင်ကြည့်ပေးပါလို့ ပြောလိုက်"

"တင်ပါ့ဘုရား"

ကိုရင်က တေဇာရှိရာ ဆွမ်းစားဆောင်လေးသို့ ဒေါ်ထားထားကိုခေါ်သွားသည်။

"ဒကာလေး ကိုတေဇာ. . ဒီက ဒကာမကြီးကို ဗေဒင်ကြည့်ပေးလိုက်ပါလို့ ဆရာတော်ကြီးက မိန့်လိုက်ပါတယ်"

"ဟာ. . ကိုရင်ကလည်း တပည့်တော်ဗေဒင်ဆရာမှမဟုတ်တာ"

သည်တော့ ဒေါ်ထားထားက ဝင်၍ပြောရှာသည်။

"ဗေဒင်ဆရာမဟုတ်ပေမယ့် ဆရာတော်ကြီးက မောင်တေဇာ့ကို နက္ခတ်ပညာတတ်တယ်လို့ ပြောလိုက်တယ်။ အန်တီ့ကိုကူညီပါကွယ်. ."

သည်တော့လည်း တေဇာမနေသာ။

"အင်းလေ. . ကျွန်တော် ဗေဒင်ဟောမစားပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



အနည်းအကျဉ်းတော့ တတ်ပါတယ်။ ဆရာတော်ကြီးက အမိန့်ရှိတော့လည်း ဟောပေးရမှာပေါ့လေ. . ”

“ကျေးဇူးပဲပါကွယ်”

“ကဲ. . အန်တီ့ရဲ့ မွေးသက္ကရာဇ်ကိုပြော။

မွေးရက်၊ မွေးလ၊ မွေးချိန်နဲ့ မွေးတဲ့နေရာပါပြော. . ”

“မွေးတဲ့နေရာကတော့ ဆေးရုံဖြစ်ရင်ဖြစ် မဖြစ်ရင် မီးနေခန်းပေါ့ ဒကာကြီးရာ. . အဆန်းလုပ်မေးနေရသေး”

အနီးမှာ ရပ်နေသောကိုရင်က ဝင်နှောက်ခြင်းပင်။

တေဇာ ကိုရင်ကိုပြုံးကြည့်ရင်း. .

“ကိုရင်. . ကိုရင့်အလုပ်ကိုယ်ရင်သွားလုပ်။ ဒီမှာလာမရှုပ်နဲ့။ ဆရာတော်နဲ့ တိုင်လိုက်မှာနော်”

ဆရာတော်ဆိုသည့်အသံကြားသဖြင့် ကိုရင်မောင်ရစ် ညစ်ပြီးထွက်သွားတော့၏။ ဆရာတော့်အကြောင်းတော့ ကောင်းကောင်းသိသည်ပဲလေ။

သည်တော့မှ တေဇာက ဒေါ်ထားထားက ဆက်ရှီး. . အဲ. . ဟောသည်။

“နက္ခတ်ပညာဆိုတာ ,တိကျတယ်အန်တီရဲ့။ မွေးတဲ့ အချိန်တူတာတောင် မွေးတဲ့မြို့အနေအထားအရ အချိန်တွေ ကွာသွားတတ်တယ်လေ. . ”

“ဟုတ်တာပေါ့ကွယ်. . ။ အန်တီက မွေးကတည်းက ဇာတာဖွဲ့ထားပြီးသားပါ။ မတိကျစရာအကြောင်းမရှိပါဘူး။ ဇာတာတစ်ခါတည်း ယူလာပါတယ်. . ”

ပြောပြောဆိုဆို ဒေါ်ထားထားက ဇာတာကိုထုတ်၍ ပေးလိုက်၏။

“ဒါဆို အဆင်ပြေတာပေါ့။ ကျွန်တော်မတွက်ရတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူးပေါ့"

တေဇာကပြောရင်း ဒေါ်ထားထား၏ဇာတာကို အသေအချာကြည့်ရှုစစ်ဆေးနေသည်။ မသိရင်တော့ ဗေဒင်ဆရာ. . သိလျှင်တော့ ထရိုက်ချင်စရာ။

"အင်း. . အန်တီ့လက်ကကရကဋ်လက်ပဲ"

ဒေါ်ထားထားမျက်လုံးဝိုင်းသွားသည်။

လက်နှစ်ဘက်ကို သေချာကြည့်ကာ လက်ဝါးများကို ဆုပ်လိုက်ဖြန့်လိုက်လုပ်ရင်း. .

"ဟုတ်တယ်. . ဟုတ်တယ်. .။ အန်တီ့လက်တွေက တစ်ခါတစ်ခါ ကပ်ကပ်နေတယ်၊ ဆရာဝန်ကတော့ အကြောအားနည်းလို့တဲ့"

"အာ. . အန်တီကလည်း. . ကရကဋ်လက်ဆိုတာ အန်တီ့လက်ကပ်တာကိုပြောတာမဟုတ်ဘူး။ ကရကဋ်ရာသီမှာ အန်တီဖွားခဲ့တာကိုပြောတာ"

"ဟီဟိ. .။ သိပါဘူးကွယ်. .။ လက်ကပ်တာကိုပြောတယ်မှတ်ပြီး အန်တီက မှန်လိုက်တာလို့ပြောတော့မလို့"

တေဇာ မသိမသာမျက်စောင်းခဲလိုက်၏။

"အန်တီ့လက်သခင် စန်းဂြိုဟ်ကလည်း ပြိဿရာသီမှာ ဥစ်ဖြစ်နေတယ်။ ဒါကြောင့် အန်တီချမ်းသာတာ"

"ဘာ. . ဘာပြောတယ်။ သေသွားတဲ့အန်တီ့သားက ဗြိတ္တာဘုံမှာ အုတ်တိုက်နဲ့ နေနေရတယ်. . ဟုတ်လား. .။ အံမယ်လေး. . သားလေးရယ်. . ဖြစ်မှဖြစ်ရလေ. . အဲဟင့်"

ဒေါ်ထားထားတစ်ယောက် သေသွားသောသူ့သား ဗြိတ္တာဘုံသို့ရောက်နေပြီဆိုတာ စိတ်ထိခိုက်သွားဟန်ဖြင့် မျက်ရည်များဝေ့လာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . အန်တီကလည်း ဘာတွေလျှောက်ပြောနေတာလဲ. .။ အန်တီ့ စန်းဆိုတာ အန်တီ့သားကိုပြောတာမဟုတ်ဘူး။ နေ့တော်ပြီး ပြိသဟရာသီပါ အန်တီရဲ့။ ဘယ့်နှယ့်ပြိတ္တာဖြစ်သွားရတာလဲ"

"သိပါဘူးကွယ်. .။ ဆောရီးနော်. .။ ကဲ. . ဆက်ဟော. . ဆက်ဟော. ."

"အင်း. . ကြာသပတေးခစ်ပူးနေပါလား. ."

"မောင်တေဇာကလည်း ရှက်စရာတွေပြောနေပြန်ပြီ. ."

ဒေါ်ထားထားက မခို့တရို့ အမူအရာဖြင့်ပြောသောကြောင့် တေဇာ ယောင်နနဖြစ်သွားသည်။

"ကျွန်တော်. . ဘာ. . ဘာပြောမိလို့လဲ အန်တီ"

"မင်းက ကြာသပတေး ခစ်ပူးနေတယ်ဆိုတာကိုး"

အန်တီ့ယောက်ျားက ကြာသပတေးသား. . ဦးမြင့်စိုး. . တဲ့"

ဒေါ်ထားထား၏စကားကို တေဇာမျက်မှောင်ကြုတ်ရင်း အတွေးနယ်ချဲ့ကြည့်မိ၏။

"အာ. . အန်တီကလည်း ဘာတွေလျှောက်တွေးမှန်းမသိဘူး။ ကျွန်တော်ပြောတာက ကြာသပတေးခစ်ဖြစ်ပြီး မွေးတဲ့ရာသီမှာ ရှိတာကိုပြောတာအန်တီရဲ့။ ကြာသပတေးသားနဲ့ ပူးတာကို. . အာ. . ရှုပ်ကုန်ပါပြီဗျာ"

"ဟီး. . ဟီး. . ဟုတ်တယ်. . အန်တီ့အတွေးငလပ်စတစ်(ဖ်)ဖြစ်သွားတယ်။" ဆက်ဟော. . ဆက်ဟော. ."

တေဇာ ဆက်မဟောသေး. .။

မျက်မှောင်ကြီးကြုတ်ကာ ဇာတာကိုစူးစိုက်၍ကြည့်နေသည်မှာ ဂိုက်ပေးခပ်ကြမ်းကြမ်း. .။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီရေ. . သေချာနားထောင်. .။ အန်တီသူခိုး အခိုးခံရတတ်တယ်။ လူလိမ်ခံရလိမ့်မယ်။ ငွေကြေးဆုံးရှုံးတတ်တယ်"

"ဟာ. . မှန်လိုက်တာသားရယ်. .။ ဗိုလ်ချုပ်ဈေးထဲမှာ အန်တီ့ပိုက်ဆံအိတ် အနှိုက်ခံလိုက်ရတယ်လေ။ ပိုက်ဆံတွေလည်း ပါသွားတာပေါ့။ မှန်လိုက်တာ. . ဆက်ဟောပါဦး"

"အင်း. . အင်္ဂါဂြိုဟ်ကလည်း လင်္ကိုမြင်ပြီး တနင်္ဂနွေကိုပါမြင်တာကြောင့် မတော်တဆ ခဏခဏထိခိုက်ဒဏ်ရာရတာမျိုးတွေဖြစ်တတ်တယ်"

"မှန်လိုက်တာသားရယ်. .။ အခုတလော ခဏခဏကို ဒဏ်ရာအနာတရဖြစ်နေတယ်"

"ဦးခေါင်းကိုကော ထိပြီးပြီလား. ."

"ဦးခေါင်းတော့ မထိသေးဘူးကွယ်"

"ဦးခေါင်းကိုဂရုစိုက်၊ ဦးခေါင်းထိခိုက်ကိန်းရှိတယ်နော်. . အန်တီ"

"ဟုတ်ပါပြီကွယ်. .။ ပြီးတော့ကော. ."

"ပြီသရောက်စနေက ပုတ္တရဘာဝနဲ့ ပထနီဘာဝတို့ကို အမြင်ရှိနေတာကြောင့် သားရေးသမီးရေးနဲ့ အိမ်ထောင်ရေး အတွက် ပူပင်သောကရောက်ရတတ်တယ်"

"ဘာ. . ဘာကွယ့်. .။ အိမ်ထောင်ရေး. . ဟုတ်လား. .။ အိမ်ထောင်ရေးနဲ့ပတ်သက်လို့ ဘာတွေဖြစ်မလဲဟင်။ မြင်တာအကုန်လုံးဟောပါ. .။ အားမနာပါနဲ့။ အန်တီယောကျ်ား ဘာတွေဖြစ်နေသလဲ။ ဘယ်သူနဲ့ ဖောက်ပြန်နေသလဲ။ အသားမြဲမြဲလား၊ ညိုညိုလား၊ အရပ်မြင့်မြင့်လား၊ ပုပုလား။ မှဲ့ဆိုးလား။ တစ်ခုလပ်လား၊ အပျိုနုနုထွတ်ထွတ်လေးလား. . ဟောသ ဟော

www.burmeseclassic.com



သားလေး. . ”

“ခဏလေး အန်တီ. . ။ ကျွန်တော် မျက်လုံးတွေရော ခေါင်းတွေရော. . နောက်ချင်ချင်ဖြစ်လာလို့. . ။ အန်တီကော ရေလေးဘာလေးမသောက်ချင်ဘူးလား. . ”

“မသောက်ချင်ပါဘူးကွယ်။ အန်တီက အခုပြောတဲ့ အိမ်ထောင်ဘက်ရဲ့ကိစ္စပဲ စိတ်ဝင်စားနေတယ်”

“ဟာ. . အန်တီကလည်း ကျွန်တော်ပြောတာ အန်ထီ အမျိုးသားအိမ်ထောင်ရေးဖောက်ပြားမယ်လို့ ဆိုလိုတာမဟုတ် ပါဘူး. . ။ ကျန်းမာရေးညံ့တာလည်းဖြစ်နိုင်ပါတယ် အန်တီရဲ့”

“မဖြစ်နိုင်ဘူး. . မဖြစ်နိုင်ဘူး။ သင်းက ကျန်းမာရေး ကောင်းလိုက်သမှ ဒေါင်ဒေါင်ကိုမြည်နေသေး. . ။ သားက အန်တီ့ကို အားနာပြီး ရိပ်ဖမ်းသံဖမ်းဟောပေမယ့် အန်တီကောင်း ကောင်းကြီးသဘောပေါက်ပါတယ်။ ဟင့်ဟင်း. . သင်းတော့လား အိမ်ကျမှတွေ့မယ်”

အင်း. . အိမ်ကအဘိုးကြီးတော့ ဘလိုင်းကြီးအဖွဲ့ခံရ တော့မှာပဲဟုတွေးရင်း တေဇာပြုံးလိုက်မိသည်။

“ကဲ. . ကျေးဇူးပဲနော်. . ။ ဒီမှာ. . ဉာဏ်ပူဇော်ခ. . ။ အန်တီသွားမယ်နော်”

“ခဏနေဦး အန်တီ. . ။ ကျွန်တော်ယတြာလုပ်ပေး. . ”

“အန်တီက စိတ်မြန်တယ်ကွယ်. . ။ နောက်နေ့မှ ယတြာ ဘယူမယ်နော်. . ။ လောလောဆယ်တော့ အိမ်ကဟာကြီးနဲ့ မြန်ဆုံးကိုတွေ့ရမယ်။ ကဲ. . အန်တီသွားမယ်”

ပြောပြောဆိုဆို ဒေါ်ထားထားဆတ်ခနဲထရပ်လိုက်၏။

“ဒိုင်း. . ”

“အား. . ”



www.burmeseclassic.com

www.burmeseclassic.com



တေဇာလုပ်ထားသော စာအုပ်စင်နှင့် ဒေါ်ထားထား ဦးခေါင်းတို့ မိတ်ဆက်သွားခြင်းဖြစ်၏။

"အန့်. . အန်တီ. .။ ဘာ. . ဘာဖြစ်သွားလဲဟင်"

ဒေါ်ထားထားက ခေါင်းကိုလက်နှင့်အုပ်လိုက်၊ လက်ဖဝါးကို ပြန်ကြည့်လိုက်နှင့် နှစ်ခါသုံးခါမျှလုပ်ပြီး. .

"ဘာမှမဖြစ်ဘူး. . ဘာမှမဖြစ်ဘူး. .။ အား. . ကျွတ် . . ကျွတ်, . ကျွတ်. . နာလိုက်တာ. .။ ဟာ. . အခုမှ သတိရတယ်. .။ မှန်တယ်ဟေ့. . မှန်တယ်. ."

ဒေါ်ထားထားက အော်၍ပြောနေသဖြင့်. .

တေဇာမျက်လုံးပြူးသွားသည်။

"အန်တီ. . သတိထား. . သတိထား. .။ ဘာဖြစ်တာလဲ ဟင်. ."

"မှန်တယ်လေ. . မှန်တယ်. ."

"ဘာမှန်တာလဲ အန်တီ. ."

"မင်းပြောတာမှန်တာ. ."

"ကျွန်တော် ဘာပြောလို့လဲ. ."

"ဦးခေါင်း ထိခိုက်မယ်ဆိုတာလေ. ."

ဒေါ်ထားထားက ခေါင်းကိုအုပ်ရင်း အားပါးတရာပြောသေးရာ. .

တေဇာရေရွှတ်မိသည်ကား. .

"မှားပါတယ်"

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

(၆)

ဒေါ်ထားထားက ကားကို စက်သံတဝူးဝူး အကျယ်ကြီး ထွက်စေပြီးမှ ကားသော့ပိတ်၍ ရပ်ပစ်လိုက်သည်။

ကားသံကြောင့် ဦးမြင့်စိုးနှင့်နေခြည်နွေးတို့ အိမ်ထဲမှ အပြေးထွက်လာကြ၏။

ဒေါ်ထားထားကားပေါ်မှဆင်းကာ ကားတံခါးကို 'ဂျိမ်း' ခနဲမြည်အောင်ဆောင့်ပိတ်ပြီး အိမ်ပေါ်သို့ဘောက်ဆတ်ဆတ် ဖြင့်တက်လာသည်။

ဦးမြင့်စိုးနှင့်နေခြည်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသည်။ ဘာအထာလဲပေါ့။

ဒေါ်ထားထားက ဧည့်ခန်းဆိုဖာပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ မျက်နှာကြီးကမည်းလို့။ ပြုံမယောင်ညိုသည့် မိုးသို့နှယ်။

အခြေအနေမကောင်းမှန်းသိသဖြင့် သားအဖနှစ် ယောက် ကိုယ့်အခန်းထဲကိုယ်ဝင်နေရန်အချက်ပြပြီး နေရာမှ



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းကိုယ်စီပြင်လိုက်ကြသည်။

"ရပ်လိုက်ကြ. ."

"အန်. ."

"အယ်တော့. ."

သားအဖနှစ်ဦး အာမေဋိတ်ပြုရင်း ဘရိတ်အုပ်လိုက်ကြရသည်။

ဦးမြင့်စိုးနှင့်နေခြည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြပြီးသကာလ အပြန်အလှန် မြွေလွှတ်လိုက်ကြသည်။

"သမီးကို ခေါ်နေတယ်။ သွားလေ. ."

"ဖေဖေ့ကိုခေါ်တာ၊ ဖေဖေသွား"

"သမီးကိုခေါ်တာပါ။ ဖေဖေ့ကိုခေါ်စရာအကြောင်းမရှိဘူး"

"သမီးလည်း ပြဿနာမရှိဘူးဖေဖေ"

နေခြည်က မဝံ့မရဲဖြင့် လှမ်း၍မေးလိုက်သည်။

"သမီးကိုခေါ်တာလားမေမေ. ."

မေးသံအဆုံးတွင် လေးဖင့်စွာခေါင်းယမ်းလိုက်သောဒေါ်ထားထားကို ဦးမြင့်စိုးတွေ့လိုက်ရသဖြင့် မျက်နှာတစ်ချက်ပျက်သွားသည်။

လငပုတ်ဖမ်းခြင်းမှ လွတ်ကင်းသည့်နှယ် ဝင်းပသွားသော နေခြည်နွေး၏မျက်နှာကိုလည်းတွေ့လိုက်ရပြီ။

နေခြည်က ဖခင်ဖြစ်သူကို လက်မကလေးထောင်ပြပြီး ရယ်ရယ်ပြုံးပြုံးဖြင့် သူ့အခန်းထဲသို့ဝင်၍သွားတော့၏။ အေးဆေးပဲ။

ဦးမြင့်စိုးက စူလာနဖာအရွက်လောက်သာရှိတော့သော မျက်နှာလေးဖြင့် ဒေါ်ထားထားထံသို့ရောက်၍သွားသည်။

"ထား. .၊ ဘာတွေဖြစ်လာတာလဲ. ."



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချိုသွေးပြီးမေးနေသေးသည်။

"ကျုပ်ကိုမမေးနဲ့။ ဟောဒီမှာကြည့်. ."

ဒေါ်ထားထားက နဖူးအထက်ဆံစပ်ကို လက်ညှိုးထိုးပြပြီးပြောလိုက်သည်တွင်. .

ဒေါ်ထားထားခေါင်းကိုကြည့်ပြီး ဦးမြင့်စိုးမျက်လုံးပြူး၍သွားတော့၏။

"ဟင်. . ခေါင်းမှာ အာလူးသီးကြီးနဲ့ပါလား။ ပြောစမ်းပြောစမ်း. .။ ဘယ်သူ့လက်ချက်လဲ. .။ လာ. . ဆေးခန်းသွားမလား၊ ရဲစခန်းအမှုသွားဖွင့်မလား. ."

"ရှင် မိုးကြိုးပစ်တာကို ထန်းလက်နဲ့ ကာချင်လို့ တောပြောတောင်ပြောတွေလျှောက်ပြောနေတာလား. .။ ဒီခေါင်းက ဒဏ်ရာက သက်သေရှင့်. . သက်သေ. ."

"ဟေ. . သက်သေ. .။ ဘာ. . ဘာသက်သေလဲဟင်"

"မှန်ကြောင်းသက်သေရှင့်. . မှန်ကြောင်းသက်သေ"

ဒေါ်ထားထားက ပြူးတူးပြဲတဲပုံစံဖြင့်ဇွတ်သည်။

ခေါင်းမှာလည်းဒဏ်ရာနှင့် ပြောသည့်စကားကလည်း အဆက်အစပ်မရှိဆိုတော့ကာ ဦးမြင့်စိုး သူ့ဇနီးအတွက်စိုးရိမ်၍သွား၏။

"ထား ဘာတွေပြောနေတာလဲဟင်. .။ ဟို. . စိတ်ကို အေးအေးထားနော်. .။ သွေးဆေးနဲ့ သကြားရောပြီးသောက်လိုက်ပါလား. ."

ပြောပြောဆိုဆို သွေးဆေးပုလင်းယူရန်ဟန်ပြင်သည့် ဦးမြင့်စိုးအား ဒေါ်ထားထားက ပစ်ဟောက်လိုက်သည်။

"တော်. . တိတ်. ."

"တော်ဘူးလေ. . သွေးဆေးနဲ့သကြားသောက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



နော်. . နေကောင်းသွားမှာပါ. . အဟဲ”

“ဘာလို့ သွေးဆေးနဲ့ သကြားသောက်ရမှာလဲ။ ဘာလဲ ရှင်ကကျုပ်ကို ကယောင်ချောက်ခြားဖြစ်နေတယ်လို့ ပြောချင်တာလား. . ။ ဟား. . ဟား. . ဟား. . ကျုပ်ပြောတာက မှန်ကြောင်းပြောနေတာရှင့် မှန်ကြောင်းပြောနေတာ. . ။ ဒီလောက်တောင်ကွက်တိကြီးမှန်နေတော့ အင်း. . ဟုတ်ပါပြီ. . ရှင်. . ရှင် . . မရိုးတော့ပါဘူး. . ”

“ဟော. . ငါက မရိုးဘူး. . ။ ဟာ. . မဟုတ်သေးပါဘူး။ မရိုးတာက မင်းကွ. . မင်း. . ။ အပြင်ကပြန်လာပြီး ဘာတွေဖြစ်လာတယ်မသိဘူး. . ပယောဂများကပ်လာသလားမသိဘူး”

“ဘာပြောတယ်. . ။ ကျုပ်ကမရိုးဘူးဟုတ်လား၊ ပြီးတော့ အပြင်ကပြန်လာပြီး ဘာတွေဖြစ်လာသလဲမသိဘူးတဲ့. . ။ အံမယ်လေး. . အံမယ်လေး. . ဒါ. . ကျုပ်ကို ဆရာတော့်ကျောင်းကတောင်းလေးနဲ့ သမုတ်လိုက်တာပေါ့လေ။ ဟင်း. . ငပြူးကမျှားမြန်ပြီးပြုချင်တဲ့လူ. . ပယောဂမကပ်ဘူး. . ဒေါသကပ်တာ. . ကဲ”

“ဒေါက်. . ”

“အံမယ်လေးဗျာ”

မြန်လိုက်သည့်လက်။ ခါးပိုက်နှိုက်နှင့်ဆွေမျိုးမကင်းထင်ပါ။ မှန်လိုက်သည့် တားကက်ကိုကွက်တိ. . ။

အနီးရှိဆေးပုလင်းဖြင့် လှမ်းအပေါက်ခံလိုက်ရသည့် ဦးမြင့်စိုး၏နဖူးကြီး ဟက်ကနဲဟက်သွားလိုက်သည်မှာ. .

ဟက်တက်ကြီးကိုဖြစ်ရော. . ။

စိန်ပေဒါ့မိခင်ထင်ပါ့. . ။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

(၇)

နဖူးမှာ ပလတ်စတာကြီးကပ်ထားသည့် ဖခင်ဖြစ်သူကို ကြည့်၍ နေခြည်ကမေးရှာသည်။

"ဖေဖေ. . ။ တော်တော်လာသွားသလား. ."

"နာတာပေါ့သမီးရယ်၊ ပန်းနဲ့ပေါက်တာမှမဟုတ်ဘဲ။ ဗုလင်းနဲ့ပေါက်တာပဲ"

"မေမေက ဖေဖေ့ကိုချစ်လို့ အူတိုပြီးလုပ်တာပါ. . ။ မုန်းလို့မဟုတ်ပါဘူး"

"နားထား. . ။ ဟား. . ဟား. . ငါ့သမီးက မအေဘက်က လာဖော‌နေတာကိုး. . ။ အင်း. . ဒီပြဿနာရဲ့တရားခံက ဘယ်သူလဲသိလားသမီး"

"မသိဘူးဖေဖေ"

"မသိရင်မှတ်ထား. . တရားခံက ဗာဒေဆရင့်. ."



www.burmeseclassic.com

www.burmeseclassic.com



"ရှင်. .။ ဗင်လာဒင်. .။ ဟုတ်လားဖေဖေ. ."

ဦးမြင့်စိုးမျက်နှာရှုံ့မဲ့သွား၏။

"ဟား. . ဘင်လာဒင်က ဘယ်ရောက်နေမှန်းမသိတဲ့ဟာကို. .။ ဖေဖေပြောတာ ဘင်လာဒင်မဟုတ်ဘူး သမီးရဲ့ ဗာဒေဆရင်. ."

"ဘာလဲ ဖေဖေရဲ့. . ဗာဒေဆရင်ဆိုတာ"

"ဗာဒေဆရင်ဆိုတာ ဗေဒင်ဆရာကိုပြောတာ. . သမီးရဲ့ ဟား. . ဟား. ."

"အာ. . ဖေဖေကလည်း. ."

"ဟုတ်တယ် သမီးရဲ့။ အဲဒီဗေဒင်ဆရာကြောင့် ပြဿနာတက်ရတာ"

"ဟုတ်လား. .။ ဘယ်ကဗေဒင်ဆရာက ဘာတွေပြောလို့လဲ"

"ဖေဖေ့ကို အိမ်ထောင်ရေးဖောက်ပြန်မယ်လို့ ဟောလိုက်တယ်သမီးရဲ့"

"ဖေဖေကကော. . ဖောက်ပြန်နေလို့လား. ."

"တစ်ယောက်တည်း. . အာ. . သမီးကလည်း"

နေခြည်က ဖခင်ဦးမြင့်စိုးဖြစ်သွားပုံကိုကြည့်၍ သဘောအကျအွာဖြင့် ရယ်မောရင်း ညက်ညက်ကလေးပြောသည်။

"ဖေဖေက ရှင်းမပြဘူးလား"

"ရှင်းပြဖို့နေနေသာသာ။ မနေ့က သမီးလည်းအတွေ့ပဲ၊ ဗေဒင်ဆရာကိုသူ့ လက်ကြီးလုနီးဆိုတာ ထပ်ချိန်... ရှောဂကပ်ပုဏ္ဏကတိုက်ပြီးဝင်လာတာ။ သူက သူ့ခေါင်းကဘုတ်ကြည့်ပြီး သူ့ဗေဒင်ဆရာကို ဘလိုင်းကြီးအထင်ကြီးနေတာ"

"အဲဒီခေါင်းက ဘုက ဘာဖြစ်တာလဲဟင်. ."

"စာအုပ်စင်နဲ့စောင့်မိတယ်ပြောတာပဲ. .။ ဗေဒင်ဆရာ

www.burmeseclassic.com

www.burmeseclassic.com



တ သူ့ကို ဦးခေါင်းထိခိုက်ကိန်းရှိတယ်လို့ဟောပြီး မိနစ်ပိုင်းအတွင်း မှာဖြစ်တာမို့ သူ့ဗေဒင်ဆရာဟောတာမှန်တယ်ဆိုပြီး ဖေဖေ့ကိုပါ လာရစ်တော့တာသမီးရေ. . "

သည်စဉ် ဒေါ်ထားထားအိပ်ခန်းထဲမှထွက်လာသဖြင့် သားအဖနှစ်ယောက်အသာငြိမ်သွားကြလေ၏။

"ကျုပ် ရွှေဘုံသာလမ်းသွားလိုက်ဦးမယ်။ ရှင်တို့သားအဖ အိမ်မှာပဲနေကြနော်. . ။ နေပါဦး အခုန ကျုပ်ကို ပုဏ္ဏာကဆိုလား ဘာလား ပြောလိုက်သံကြားသလားလို့"

"ဟေ. . ၊ ဩော်. . မဟုတ်ပါဘူးကွာ. . ။ ဟို. . မင်းနဲ့ ငါနဲ့ ငယ်ငယ်တုန်းက မင်းတို့ခြံထဲက ပုဏ္ဏာရိတ်ပင်နံဘေးမှာ ချိန်းတွေ့တဲ့အကြောင်း သမီးကိုပြောပြနေတာ. . "

"ကြည့်စမ်း. . ။သူ့အရှက်မရှိတိုင်း ကလေးကလားစကား တွေလျှောက်ပြောနေတယ်။ ရှင်နော်. . ရှင်. . အသက်ကြီးမှ ကမြင်းကြောဆွဲဖို့မစဉ်းစားနဲ့။ ကျုပ်နဲ့တွေ့သွားမယ်. . ဟင်း"

"ဘာဟင်းလဲ. . "

"ပုလင်းဟင်း. . "

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

(၈)

သန္တာကျောင်းနောက်ကျနေသဖြင့် နေခြည်၊ နီလာနှင့် တင်တင်တို့သုံးဦးသာ လက်ဖက်ရည်ဆိုင်သို့ရောက်လာခဲ့ကြသည်။

"ဒီနေ့ သန္တာကျောင်းမတက်ဘူးလားမသိဘူးနော်"

"ငါတို့ကိုတော့ ဘာမှမပြောဘူးနေခြည်ရ။ ကျောင်းနောက်ကျတာဖြစ်ချင်ဖြစ်မှာပေါ့. .။ အဲဒါ အသာထားဦး။ ဒီနေ့ လက်ဖက်ရည်ဆိုင်ကြီးက ခြောက်ကပ်ကပ်နဲ့ပါလား"

သည်တော့ နီလာကဝင်ပြော၏။

"အေးနော်. .။ ဟိုငပွေးတွေလည်း မတွေ့ဘူးဟ"

"သူတို့ မလာရဲတော့ဘူးနဲ့တူတယ်"

တင်တင်က သည့်နှယ်ကောက်ချက်ချသည်။

နေခြည်က ခပ်ဆွေးဆွေးခပ်လေးလေး ရေရွတ်သည်။ အစကကြွမ်းကြွမ်း အခုတော့တစ်မျိုး တိုးလို့လွမ်းသလိုလိုလုပ်နေ၏။ တတ်ပါ့။



www.burmeseclassic.com

www.burmeseclassic.com



"သူ အရမ်းရှက်သွားသလား မသိဘူး။ ပြီးတော့ ပိုက်ဆံတွေလည်း တော်တော်ရှင်းလိုက်ရမှာ"

ပြောလည်းပြော မျက်နှာထားလေးကလည်း ညို၊ ငိုမလိုလိုဟန်ဆိုတော့ သူငယ်ချင်းများက အစာမကြေချင်ကြ။ ဝိုင်းပြောကြသည်။

"ဘာလဲ နင်ကသနားခဲ့ပြန်ပြီလား. . နင်အခုဆီထမင်း . . အခုစာကလေးကြော်မလုပ်နဲ့နော်"

"ဟုတ်တယ်. . ဟုတ်တယ်၊ နင် ရုတ်ရုတ်ရုတ်ရုတ် မလုပ်နဲ့။ ငါတို့နဲ့ တေဇာတို့က ဘာပြဿနာမှရှိခဲ့တာမဟုတ်ဘူး။ တို့က နင့်အတွက်အမုန်းခံတိုက်ပွဲဝင်နေတာ၊ အခုမှထိုးစစ်က အစရှိသေးတယ်နော်"

"ငါသဘောပေါက်ပါတယ်ဟာ. ."

သည်စဉ် တင်တင်က တစ်နေရာသို့ကြည့်၍ပြောလိုက်သည်။

"ဟော့. . ဟော့. .၊ ဟိုမှာ နင့်သရေစာတို့အဖွဲ့လာနေပြီ။ ငါ အလံဖြူထောင်ပြလိုက်ရမလား. ."

"ဟော့ကောင်. . ဣန္ဒြေရရနေ"

တင်တင်က ပြုံးချည်းပြောနေသဖြင့် နီလာကလှမ်း၍ဟန့်လိုက်သည်။

တေဇာတို့ အုပ်စုကတော့ ထုံးစံအတိုင်း စကားတွေဟောင်ဖွာဟောင်ဖွာပြောရင်း လျှောက်၍လာကြဆဲ. .။

သို့လျှောက်လာပြီး နေခြည်တို့စားပွဲဝိုင်းနံဘေးမှ အဖြတ်တွင် တေဇာက. .

"ပျံလေတဲ့ငှက်ခါး. . နားမှလောင်ချာနဲ့ကိုပစ်ချင်ယ်" ဟု ကြုံးဝါးလိုက်သည်။ အသံကခပ်ကျယ်ကျယ်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းကြုံးဝါးသံကိုကြားလိုက်သဖြင့် နေခြည်နွေးရင်ထဲ၌ အခုနဖြစ်ပေါ်နေသော တေဇာ့အပေါ် သနားစိတ်သည် ရိုပ်ခနဲ ကွယ်ပျောက်၍သွားမိတော့သည်။ ထိုးစစ်ကြီးကိုဆက်လက် ဆင်နွှဲဖို့ပင်တွေးမိသေးတော့၏။

"ယောက်ျားကြီးတွေတန်မယ့် ရန်တွေ့တတ်လိုက်တာ"

တင်တင်က မကြားတကြားပြန်၍ပြောရင်း ပြချင်သည့် အလံဖြူအား အနက်ဆိုးပစ်ရန်ကြံမိ၏။

စိတ်ကူးထဲမှာလည်း အလံနက်များကိုယ်စီခြုံထားသည် သူတို့အဖွဲ့က လောင်ချာများ၊ ရှေ့ကက်များကိုင်ဆွဲလျှက် တိုက်ပွဲ ဝင်ရန်အသင့်ဖြစ်နေကြသည်။ ကွန်မန်ဒိုပုံစံအပြည့်ဖြင့် ရန်သူ ခြေကုပ်စခန်း ပွိုင့်နိုင်းနိုင်းသို့ တစ်လှမ်းချင်းချီတက်နေကြသည်။

ထိုစဉ် သူတို့ရှေ့သို့ အလုံးကြီးတစ်လုံး ဖုတ်ကနဲကျလာ ရာ ဝိုင်းကြည့်ခိုက် တီကောင်များအထွေးလိုက်ကြီးဖြစ်နေရကား 'အမေရေ'ဟုအော်လျှက် အားလုံးထွက်ပြေးကြတော့၏။

ဒါနဲ့များ. . ဟင်း. . ။

တေဇာတို့အဖွဲ့ကတော့ သူတို့ထိုင်နေကျဝိုင်းတွင်ဝင် ထိုင်ရင်း စားသောက်ဖွယ်များကို တစ်ယောက်တစ်မျိုးမှာနေကြ သည်။

"သူတို့က တစ်ယောက်နဲ့တစ်ယောက် အကြိုက်မတူ ကွဲမိကြတယ်နော်. ."

နီလာက တင်တင့်ကို လှမ်းပြောခြင်းဖြစ်၏။

တင်တင်က နီလာ့ကို ပြန်၍ပြောသည်။

"အေးပေါ့ဟ။ တစ်ယောက်နဲ့တစ်ယောက် အကြိုက်တွေ မှ ပြဿနာမတက်မှာပေါ့။ အကြိုက်ချင်းတူနေရင် စကားတွေ များတုန်မှာပေါ့။ နင်နဲ့ နေခြည့်လိုပေါ့ဟာ"

www.burmeseclassic.com



"အောင်မာ. . ငါတို့က ဘာမတူလို့လဲ"

"ဟိုဟာ. . အဲ. . နင်က ဟိုမျက်မှန်ထူထူနဲ့ မှန်ကြောင်ကို စိတ်ဝင်စားတယ်။ နေခြည်က ဟို. . သရေစာဆိုတဲ့ သေနာတို သနားနေတယ်။ အကြိုက်ချင်းမတူဘူးလေ. .။ အဲဒီတော့ ပြဿနာမတက်ဘူးပေါ့"

"အံမာ. . ငါက စိတ်မဝင်စားပါဘူး။ လုံးဝ. . လုံးဝပဲ။ နင်ကသာ ဟို ပိန်ပိန်ရှည်ရှည်နဲ့ ငါးဖောင်ရိုးကို မျက်စိအစာကျွေးနေတာ"

ဟိုပုဂ္ဂိုလ်တွေကလည်း ဟိုပုဂ္ဂိုလ်တွေပါပဲ။

သည်ဘက်က တင်တင်တို့အုပ်စုပြောသည့်စကားများကို ကြားဖြစ်အောင်ကြားသွားကြသည်ဖြစ်ရကား ပုခုန်းတွန့်လျှက် လမင်းကစ၍ ဖောက်လိုက်သည်။

"ဟေ့ကောင်တွေ. .။ ငါတို့တော့ ချောက်ချွာမတင်ဘဲနဲ့ မဲပေါက်တော့မယ်ကွ"

"ဘာမဲလဲ. .။ G.S.M ဖုန်းလား. ."

"G.S.M မဲထက်ကောင်းတယ်ကိုယ့်လူရေ။

"P.K.N မဲ P.K.N မဲ . . ဟီး. . ဟီး. ."

"ဘာလဲကွ. . P.K.N မဲဆိုတာ"

"မင်းကလည်း ပိန်းပါ့ကွာ. . P.K.N ဆိုတာ ပျာကညို ပျိုကညာလေကွာ. .။ ပျိုကညာမှ နုနုထွတ်ထွတ်ကလေးတွေ"

တေဇာက နေခြည်တို့ဝိုင်းသို့ မျက်စိဝေ့ပြရင်းပြောခြင်းဖြစ်သည်။

သည်တော့ လမင်းကလည်း. . မျက်လုံးလေးမှေးရင်း. .

"ဩော. . ဂလိုလား. .။ ဒါတွေကို ကံစမ်းမဲဖောက်လို့လား. ."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကလာကံစမ်းမဲဖောက်ရမှာလဲ. .။ ကံစမ်းမဲက ပေါက်မှရမှာကွ. .။ အခုဟာက ကံစမ်းမဲထက် ကျိန်းသေတယ်။ သင်တို့က ငါတို့ကို ကြံကျိတ်နေပြီ။ သူတို့ပြောတာမင်းတို့ မကြားဘူးလား"

"မင်းကလည်း ကြိတ်ကြံနေပြန်ပါပြီ ပြောစမ်းပါကွာ"

"ကြိတ်ပြီးမှ ကြံတာနဲ့ ကြံပြီးမှ ကျိတ်တာ အတူတူပါပဲကွာ။ ငါတို့နှလုံးတွေကို အစာသွတ်တော့မှာတဲ့. . ဟား. . ဟား"

"ဟား. . ဟား. . ဟား"

တေဇာတို့အုပ်စု တမင်လုပ်ရယ်လိုက်သံကြောင့် နေခြည်တို့လှမ်း၍ကြည့်သည်။ အံကြိတ်မိ. . နှုတ်ခမ်းကိုက်မိကြသည်။

ရှက်သည်လော၊ ဒေါသဖြင့်သည်လောမပြောတတ်။

နေခြည်နွေး ဆတ်ခနဲထ၍ နေရာမှထွက်လာခဲ့သည်။ ကွန်မန်ဒိုသူရဲကောင်းကြီးနှယ်ပါပဲ။

"နေခြည်မတက်နဲ့. . ရပ်. . အဲ. . နေခြည်. . နေဦးလေ. . "

"ဘယ်လိုဖြစ်တာလဲဟာ"

နီလာတို့လှမ်းအော်သော်လည်း နေခြည်ကလှည့်မကြည့်ဘဲ ဆက်သွားပြီဖြစ်သဖြင့် ပိုက်ဆံကပျာကယာရှင်းကာ သူတို့ပါ နောက်ကခပ်သွက်သွက်လိုက်ကြရတော့သည်။

သူရဲကောင်းမမတို့လာချေပြီပေါ့။

တေဇာတို့ဝိုင်းမှဖြတ်အလျှောက်တွင် တေဇာကလှမ်း၍ မေးလိုက်သည်။

"ဒီတစ်ခါတော့ ပိုက်ဆံရှင်းခဲ့ပါတယ်နော်"

"ရှင်းရှင်း. . မရှင်းရှင်း. . နင်တို့အပူမဟုတ်ဘူး"

"ဟဲ. . ဟဲ. . ကျွန်တော်တို့က ပူစရာမလိုပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားတို့ပူနေမှာစိုးလို့ပါ"

"ဘာပြောတယ်။ ရှင်. . ရှင်. . မိုက်ရိုင်းလှချေလား"

ကွန်ဖူးမယ်နီလာက လက်နှင့်ရွယ်၍ပြောသည်။

တင်တင်က အတင်းလိုက်ဆွဲနေ၏။

"လာပါ နီလာရယ်. . မလုပ်ပါနဲ့။ ရှင်တို့ကလည်း လွန်လွန်းတယ်။ နမချင်းမစာနာဘူး။

"မဟုတ်ပါဘူးခင်ဗျာ. . ။ ဒီကမမတို့က တစ်လွဲတွေးလိုက်လို့ပါ။ ကျွန်တော့်သူငယ်ချင်းပြောတာက. . ဟို. . ကြွေးပူမှာကိုပြောတာပါ. . ။ နော်. . သူငယ်ချင်း"

"ဟုတ်ပါတယ်. . ။ ကျွန်တော်ပြောတာ ကျွန်တော့်သူငယ်ချင်း ရှင်းပြတဲ့အတိုင်းပါပဲ"

"တောက်. ."

နီလာထံမှ တောက်ခေါက်သံတစ်ချက်လက်သွား၏။

"လာပါ နီလာရယ်. . သွားကြပါစို့"

တင်တင်က အတင်းဆွဲခေါ်သွားရင်း ဖြောင်းဖျသည်။

"ဟင်း. . ။ ရှင်တို့နဲ့တွေ့မယ်"

"ဟုတ်ကဲ့. . ကျွန်တော်တို့ကလည်း အရမ်းတွေ့ချင်ပါတယ်. ."

". . . . . . . . . ."

နီလာပါးစပ်ကတော့လှုပ်သွားသည်ကတော့ အမှန်။ အသံကျတော့ ပီပီပြင်ပြင်မကြားရ။ တိတိပပမသိရ။

"ဗျို့ အစ်မကြီး. . ပွစိပွစိနဲ့ ဘာပြောသွားတာလဲ။ ဘာမှမကြားရဘူးဗျ. . ။ ကျယ်ကျယ်ပြောပါ"

". . . . . . . . . ."

"အား. . ကြားပြီ. . ကြားပြီ. . ။ သူငယ်ချင်းတို့ရေ. ."



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့. ."

"သေချင်းဆိုးတွေတဲ့ကွာ"

"ဗျာ. ."

▼ ▼ ▼

နေခြည်တို့အုပ်စု ကင်(န်)တင်းသို့ မသွားချင်သဖြင့် ခရေပင်အောက်ရှိ ခုံတန်းကလေး၌ ထိုင်နေကြသည်။

"ငါတော့ ဆိုင်ပြောင်းသောက်ချင်ပြီဟာ. .။ ဟိုငနာတွေနဲ့ မျက်နှာချင်းမဆိုင်ချင်တော့ဘူး"

နေခြည်က စတင်အဆိုတင်သွင်းလိုက်သည်။

သည်တော့ နီလာကလည်း ထောက်ခံချက်ပေး၏။

"အေးဟယ်. .။ ဒီတစ်ခါ ပြဿနာဖြစ်ရင် ငါဖိုက်မိလိမ့်မယ်"

တင်ဇာင်က နီလာ့ကိုကြည့်၍ လေပြေထိုးသည်။

"ဒေါ်သလျှော့ပါ တိုက်ကွမ်ဒိုမယ်ကြီးရယ်"

"လူကိုလာနောက်မနေနဲ့. . ဟွန်း"

"အရေးထဲ မင်းတို့နှစ်ယောက်ကလည်း တစ်မျိုး. ."

"ဒါနဲ့. . သန္တာတစ်ယောက် ဘာလို့ကျောင်းမတက်ပါသလဲ။ အန်းပီးပြန်ပြီလာမသိဘူး"

နေခြည်က "ဝမ်းနှုတ်ဆေးဇာတ်လမ်း"ကို တမ်းတစွာပြောလိုက်ခြင်းပင်။

သည်စဉ် နေခြည်တို့ မလှမ်းမကမ်းသို့ "လှမ့်ခရုဆာ" တစ်စီးထိုးရပ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှ ဆင်းလာသူက သန္တာ။

အတူဆင်းလာသူက အပျံစားဝတ်ဆင်ထားသော လူရွယ်တစ်ယောက်။

"ဟာ. . ဟိုမှာ သန္တာ. . ။ ဘေးကဟာ သူ့ဘဲလား၊ မန်ဒါလီလားမသိဘူး"

"အေး. . ဘေးကဘဲက ဘယ်သူပါလိမ့်"

သူတို့ အမျိုးမျိုး ထင်ကြေးပေးနေစဉ် သန္တာတို့က အနီးသို့ရောက်လာ၏။

"ဟဲ့. . ဘာဘေးနေကြတာလဲ. . ။ ငါ ကင်(န်)တင်းမှာ ဝင်ရှာခဲ့သေးတယ်ဟဲ့။ နင်တို့က ဒီမှာဘာလုပ်နေကြတာလဲ. . ။ လာလေ. . ကင်(န်)တင်းသွားရအောင်. . "

"ဟာ. . ကင်(န်)တင်းမသွားချင်ပါဘူးဟာ. . တို. . အကုသိုလ်တွေနဲ့ မျက်နှာချင်းမဆိုင်ချင်ပါဘူး"

နေခြည့်စကားအဆုံးမှာ တင်တင်က သန္တာ့အနီးသို့ အသာကပ်သွားပြီး. .

"ဟဲ့. . တို့ကို နင့်ဘဲနဲ့ မိတ်ဆက်ပေးဦးလေ"

"အာ. . ဘာတွေလျှောက်ပြောနေတာလဲ။ ဒါ. . မန္တလေးက ငါ့အစ်ကိုတစ်ဝမ်းကွဲဟဲ့။ တို့အမေနဲ့ သူ့အမေနဲ့က ညီအစ်မအရင်းတွေလေ။ မနေ့ကမှ ရောက်တာ. . နာမည်က ကိုဇော်မိုး. . တဲ့"

"တော်သေးတာပေါ့ဟာ။ ငါတို့အတွက် မျှော်လင့်ချက်ရှိတာပေါ့"

တင်တင်က ရွှတ်နောက်နောက်ဖြင့် ပြောရင်း မျက်လုံးဆွဲကြည့်၏။ သန္တာမျက်စောင်းခဲရင်း. .

"ဟာ. . နင်ကလည်း. . ငါ့အစ်ကိုရှက်သွားပါဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com



တိုဇော်. . သူကနေခြည်နွေး၊ သူကတင်တင်၊ သူက နီလာတဲ့"

"တွေ့ရတာဝမ်းသာပါတယ်. . ကိုဇော်မိုး"

နေခြည်ကပြန်ပြောတော့ ဇော်မိုးကလည်း ပြုံးကာရယ်တာဖြင့် . .

"ဝမ်းသာပါတယ် နေခြည်. ."

"ကျွန်မတို့ကလည်း ဝမ်းသာဖါတယ်ရှင့်"

တင်တင်နှင့်နီလာတို့ကလည်း အလုအယက်ဝင်၍ ဝမ်းသာနေကြသည်။ သည်တော့ကာ ဇော်မိုးကလည်း ကပျာကယာပြန်၍ဝမ်းသာကြောင်းပြောရသည်မှာ ပါးစပ်ပွင်နားရွက်တက်နေမလားမှတ်ရသည်။

"ကဲ. . တို့တစ်ဆိုင်ဆိုင်သွားထိုင်ရအောင်။ ကိုဇော်ကအတာလုပ်လိမ့်မယ်"

သန္တာက ဦးဆောင်၍ဘိတ်သည်။ ရဲရဲဝံ့ဝံ့ပြတ်ပြတ်သားသားပါပဲ။

ဟုတ်ပ့ါ. . သူကျွေးရမှာမှမဟုတ်ဘဲ။

"ဟိုဆိုင်ကိုတော့ မသွားချင်ဘူးဟာ. . ။ အဲဒီငနာတွေနဲ့ဆုံနာချင်းမဆိုင်ချင်ဘူး"

"ဟာ. . ဘာဖြစ်လဲဟာ. . ။ ငါတို့က အုပ်စုတောင့်သွား. . တပ်ကူဖြည့်ထားပြီပဲ"

"ဟုတ်တယ်. . ဟုတ်တယ်၊ ဒီကောင်တွေကို အမှုန့်ချေပစ်လိုက်မယ်၊ ဖေါက်ခွဲဖျက်စီးလိုက်ရမယ်"

နီလာနှင့်တင်တင်တို့က အတိုင်အဖောက်ညီညီနှင့် ပြောကြ၏။ တီကောင်ကြောက် သူရဲကောင်းမမကြီးတွေပဲ။

"ကဲကဲ. . ဒါဖြင့်လည်း သွားမယ်လေ. ."

စစ်ဆင်ရေးစဖို့ သူတို့အားလုံး ကားပေါ်တက်လိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မကြာမီ လက်ဖက်ရည်ဆိုင်ရှေ့သို့ရောက်လာ၏။

ထင်သည့်အတိုင်း တေဇာတို့အုပ်စုက ရောက်၍နေကြပြီ။

နေခြည်တို့အဖွဲ့ ကားပေါ်မှဆင်းပြီး တေဇာတို့စားပွဲဝိုင်း နံဘေးမှဖြတ်အလျှောက်. .

"အဟမ်း. . အဟမ်း. . အခုချိန်ကစပြီး ကျွန်တော်တို့ရဲ့ ပျော်စရာနံနက်ခင်းကလေး စပါတော့မယ်ခင်ဗျာ. . အဟမ်း"

လမင်းကစတင်၍ဖောက်လိုက်သည်။

သန္တာက လမင်းကိုမျက်စောင်းတစ်ချက်လှမ်းထိုးလိုက်၏။

စားပွဲဝိုင်းမှာ ကိုယ်စီထိုင်ပြီးကြသည်နှင့် သန္တာက အသံမြှင့်၍. .

"နက်(စ်)ရှယ် ငါးခွက်။ ကြေးအိုးက သုံးခွက်။ နေခြည်နင်ကဘာမှာမှာလဲ. ."

"ဆီချက်ပဲလုပ်ပါဟာ. ."

"ဟုတ်ပြီ. .။ ကိုဇော်ကော. ."

"ဆီချက်ပါပဲ. . "

အမှာချင်းတူကြသဖြင့် သန္တာ၊ နီလာနှင့် တင်တင်တို့က သူတို့နှစ်ဦးကို ပြုံးစေ့စေ့ဖြင့်ကြည့်ကြ၏။ ပြီးတော့ တင်တင်က ပြောသည်။

"နင်တို့က အကြိုက်ချင်းတူတယ်နော်"

သည်စကားကြောင့် နေခြည်ရှက်သွေးဖြာကာ ခေါင်းငုံ့၍ထားမိသည်။ ရှက်ချင်ယောင်ဆောင်တာနေမှာ. . ဟင်"

"ကျွန်တော်က အစကတည်းက ဆီချက်ကြိုက်တာပါ"

"ဟုတ်ပါတယ်။ ကျွန်မတို့ကလည်း ဘာပြောလို့လဲ။



www.burmeseclassic.com

www.burmeseclassic.com



တချွန်မတို့သူငယ်ချင်း နေခြည်ကလည်း အစကတည်းက ဆီချက်ကြိုက်တာပါနော်. . အဟဲဟဲ. . ”

“အိုး. . တင်တင်ကလည်း ဘာတွေလျှောက်ပြောနေမှန်း မသိဘူး”

သည်စဉ် တေဇာတို့ဝိုင်းမှ မြင့်ကို၏အသံထွက်လာသည်။

“ဟေ့ကောင်တွေ. . ဘာမှသရေကျမနေနဲ့။ မင်းတို့ ငါတို့လို ဝယ်စားနိုင်တာမဟုတ်ဘူး။ စွန့်ကြဲတဲ့သူရှိမှ စားနိုင်တာ”

“အေးပါကွယ်၊ ငါတို့ကလည်း ပုဒိတာမပွားပါဘူး။ မေတ္တာပို့ပါတယ်. . အဟီးဟီး”

သည်တော့ သန္တာက သည်ဘက်ဝိုင်းမှပြန်၍ခွပ်ပြီ။ ဒါရိုက်တော့မဟုတ်။ နံဘေးမှ သူ့အစ်ကိုမှတစ်ဆင့် စစ်ဆင်ခြင်း။

“ကိုဇော်. . ကိုဇော်တို့ခြံထဲမှာ ခွေးလေးဘာလေးမမွေးဘူးလား”

“မွေးသားပဲ။ အယ်ဇေးရှင်းနှစ်ကောင်ရှိတယ်လေ. .။ ခြံကတော့ ဘာလုံသလဲမမေးနဲ့. .။ ဘာဖြစ်လို့လဲ သန္တာ. . ”

“သြော်. . သန္တာတို့ကျောင်းမှာလည်း ဟောင်တတ်တဲ့ ခွေးတွေရှိတယ်လို့ပြောမလို့ပါ။ ဒါပေမယ့်. . အယ်ဇေးရှင်းလို တော့ မဟုတ်ဘူး။ သူတို့က ဟောင်ရုံဟောင်တတ်တာ။ မကိုက်တတ်ဘူး။ ခွေးအခြောက်ခွေးဂန်ဒူးတွေလေ”

နေခြည်ကပါဝင်၍ အဆင်းဘီးတပ်ပေးပြန်၏။

“တချို့ ဘုန်းကြီးကျောင်းမှာနေတဲ့ခွေးတွေဆို ပိုတောင်ဆိုးသေးတယ်။ စားပြီးနားမလည်ခွေးပေါ်ကြီးတွေ”

သည်စကားကြောင့် တေဇာတို့ဝိုင်း လှုပ်လှုပ်ရွရွဖြစ်သွား။

“ဟေ့ကောင်တေဇာ. .။ ဒါ မင်းကို ဘလိုင်းကြီးဖဲ့သွားတာ. .။ ငါ မခံနိုင်ပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါစေကွာ. .။ ခွေးစကားတွေပြောနေတာ၊ ငါတို့လူတွေနဲ့ ဘာဆိုင်တာမှတ်လို့"

"အေး. . ဟုတ်တယ်။ ငါတို့အဖေတစ်ခါတစ်ခါ ငါ့ကိုဒေါသထွက်ရင် ဟော့ကောင်. . ခွေးပါးစပ်က ခွေးစကားမပြောနဲ့တဲ့. . ဟား. . ဟား"

သည်စကားကလည်း နေခြည်တို့အတော့်ကို မခံမရပ်နိုင်ဖြစ်သောစကားပင်။

တကယ်လည်း သူတို့ခံနိုင်ပုံမရ။

နီလာကအရင် ဆတ်ခနဲထရပ်တော့ နေခြည်တို့လည်းထပြီးရပ်လိုက်ကြသည်။

ပြီးတော့ တေဇာတို့ဝိုင်းရှေ့မှာသွား၍ ခါးထောက်ရပ်လိုက်ကြ၏။

"ခါးတွေထောက်လို့. . ယိမ်းကကြမလို့နဲ့တူတယ်။ ဘယ်ကယိမ်းအဖွဲ့ပါလိမ့်"

သည်တော့ တိုက်ကွမ်ဒိုနီလာက တေဇာတို့စားပွဲကို 'ဒိုင်း'ခနဲလက်သီးဖြင့် ထုပစ်လိုက်၏။

"ဟဲ့. . သောက်ပလုတ်တုတ်. .။ ဟာ. . လန့်လိုက်တာဗျာ. .။ ဖြည်းဖြည်းသက်သာလုပ်မှပေါ့"

လမင်းက မျက်လုံးလေး ပုတ်ခတ်ပုတ်ခတ်လုပ်၍ပြောသည်။ မြင့်ကိုက. .

"ခင်ဗျားတို့ကလည်းဗျာ. .။ ကိုယ့်စားပွဲကိုယ်ထုတာဟုတ်ဘူး. .။ တကူးတက ဒီဘက်စားပွဲ လာထုရတယ်လို့. .

"ရှင်တို့ သိပ်လွန်နေပြီ သိလား"

နေခြည်ခွေး၏ အသံထန်နေသည်။

လမင်းက. .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ဘာပြောလို့လဲဗျာ။ ခွေးက ခွေးစကားပြောတဲ့အကြောင်း ပြောနေတာ။ ခွေးက လူစကားပြောတာ ခင်ဗျား ကြားဖူးလို့လား"

"ရှင်. . ရှင်. . ပြောလေမိုက်ရိုင်းလေပါလား"

"ဟုတ်တယ်. .။ ရှင်. . အပြင်က ညည့်သည်တစ်ယောက်ရှေ့မှာ သက်သက်မဲ့ အရှက်ခွဲတာ"

"လာပါ သန္တာရယ်. .။ အဆင့်အတန်းမရှိတဲ့ အုတ်ကြားမြက်ပေါက်တွေနဲ့ ဖက်ပြောမနေပါနဲ့"

ဒါက နေခြည့်စကား။

သည်တစ်ခါက်တော့ တေဇာတော့ အတော်တင်းသွားပုံရ၏။

"ခင်ဗျား အဲဒီလောက်အထိ မလွန်နဲ့နော်။ ကျုပ်တင်းလာပြီ"

"တင်းလာတော့ ရှင်ကဘာလုပ်ချင်သလဲ. . "

ကဲ. . မေးပြီ။ ကလေးဘယ်သို့ဖြေမည်နည်း။

အေးလေ အမေးရှိရင် အဖြေရှိရမည်ပဲ။

"ဘာလုပ်ချင်သလဲ သိချင်သလား"

"သိချင်တယ်"

"သိချင်ရင် ရှေ့တိုး"

"တိုးတယ်"

နေခြည်က တကယ်ပင် ရှေ့တိုးသွားသည်။

သည်တော့ တေဇာက ခပ်တည်တည်ဖြင့် ပြောလိုက်၏။

"ကျုပ်အသားကိုထိရဲထိကြည့်"

"အောင်မယ်. .၊ ထိတယ်. . ထိတယ်. . ကဲ. . ဘာဖြစ်သလဲ. . "



www.burmeseclassic.com

www.burmeseclassic.com



"အပြီး. . အရသာရှိတယ်. ."

"ဘာ. ."

နေခြည်ဆွေ့ဆွေ့ခုန်သွား၏။

သည်စဉ် ဇော်မိုးဆိုသည့်သကောင့်သားရောက်၍လာ၏။

"တဲ့. . နေခြည်။ စိတ်လျှော့လိုက်တော့နော်. . ။ ရန်ဖြစ်တယ်ဆိုတာ အောက်တန်းကျတဲ့ လူတွေရဲ့အလုပ်ပါ"

ဇော်မိုးက ဖြန်ဖြေသလိုလိုနှင့် မသိမသာဖွဲ့နေ၏။

နေခြည်က ဇော်မိုးကို ပြန်၍ပြောသည်။

"နေခြည်က အောက်တန်းကျချင်လို့မဟုတ်ပါဘူး။ အောက်တန်းကျတဲ့လူတွေနဲ့တွေ့လို့ အောက်တန်းကျချင်သွားတာပါ"

"နေခြည်ကလည်း ကိုယ်နဲ့တန်းမတူတဲ့ လူတွေနဲ့ တန်းမညှိရဘူးလေ"

အမျိုးသမီးဆိုရင်တော့အကြောင်းမဟုတ်။

ယောကျ်ားတစ်ယောက်က သည့်နှယ်ဆိုလာသည်ကိုတော့ တေဇာကလုံးဝမခံ။ ထိုင်ရာမှ ဝုန်းခနဲထရပ်ကာ. .

"မင်း စကားပြောတာကြည့်ပြော. . ။ ငါတို့ ကျောင်းသူကျောင်းသားအချင်းချင်းတွေ တစ်ယောက်နဲ့တစ်ယောက် မခံချင်အောင် ပြောနေဆိုနေကျပဲ. . ။ အေး. . တို့က ကျောင်းသူကျောင်းသားချင်းပဲ သည်းညည်းခံမယ်. . ။ ကြားကကောင်ဝင်လာရင်တော့ မောသွားမယ်သူငယ်ချင်း"

"ဒါဆိုလည်း စမ်းကြည့်လေကွာ. ."

"သိပ်ရတယ်သူငယ်ချင်း. ."

နှစ်ယောက်ဖွဲ့ဖို့ပြင်နေတုန်းက သန္တာက သူ့ဝစ်ကို ဇော်မိုးကို အတင်းဝင်၍ဆွဲသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဇော်. .။ လာ. . လာ. .။ ကိုဇော်က တစ်ယောက်တည်း. ."

"တောက်. ."

ဇော်မိုး တောက်ခေါက်ရင်း သန္တာ့နောက်သို့ပါသွားသည်။ ကားပေါ်တက်ကာနီးတွင် တေဇာတို့အဖွဲ့အားကြည့်ကာ တောက်ခေါက်ရင်းထပ်ပြောသေးသည်။

"တောက်. . ကံကောင်းသွားတယ်. . သန္တာဆွဲတာမြန်သွားလို့. ."

ဇော်မိုးကြိမ်းတာမရှင်းသဖြင့် တင်တင်က သေချာအောင်မေးသည်။

"ကိုဇော်မိုး. . သူတို့ကံကောင်းသွားတာလားဟင်"

"ဟုတ်ဖူးလေ. . ကိုယ်ကံကောင်းတာ. . သူတို့က လူများတယ်လေ. . ဟီး. ."

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

(၉)

ရန်ကုန်မြို့လယ်က ဗိုလ်ချုပ်ဈေး. .

ပြည့်စုံစွာပြောရလျှင် ဗိုလ်ချုပ်အောင်ဆန်းဈေးရယ်ပဲ ပေါ့။

သည်ဈေးကြီးက ကြာပြီ။ ဟိုးအရင်ကတည်းကစည်ကား ခဲ့သည်။ ယခုဆို ဆိုင်ခန်းများတိုးချဲ့ဖွင့်လှစ်ပေးထားသဖြင့် ပိုမို စည်ကားသည်။

အထူးသဖြင့် ရတနာဆိုင်တွေများသည်။

ကျောက်အရောင်းအဝယ်ပွဲစားတန်းကလည်း သည်ဈေး မှာပဲရှိသည်။

သန်လျင်မြို့သူဖြစ်ခဲ့သူ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့ရ ဒေါ်အေးအေးခန့်ဆိုရှေးမဆွကပင် ဗိုလ်ချုပ်ဈေးမှာ ထိပ်တန်း စိန်ရွှေရတနာဆိုင်ကို ဖွင့်လှစ်ခဲ့သည်။ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ မှာတောင် ရတနာဆိုင်ကြီး ဖွင့်နိုင်သည်ထိ ကြီးပွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာခဲ့သည်။

အလှူဒါနနေရာမှာတော့ ရက်ရောသည်။ သန်လျင် သိမ်ကျောင်းက နှစ်ထပ်သာသနာ့ဗိမာန်ကြီးကို သိန်းထောင် ဂဏန်းမျှတစ်ဦးတည်း အကုန်အကျခံဆောက်လုပ်လှူဒါန်းခဲ့ သည်။

အခြားနေရာတွေမှာ လှူဒါန်းထားတာတွေကလည်း မနည်းလှ။ ဒါကြောင့် နိုင်ငံတော်က အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဘွဲ့ကို ချီးမြှင့်ခဲ့သည်။

သည်နေရာ၌ သိမှတ်ဖွယ်တစ်ရပ်ရှိနေသည်။ လူတိုင်း မသိသေးသည့်ကိစ္စ။

အလှူချင်းတူရာဝယ် ရဟန္တာပုဂ္ဂိုလ်များကို လှူဒါန်းရ ခြင်းသည် ချက်ချင်းကောင်းကျိုးပေးသည်ဟု သိကြပါမည်။

အနှီဒေါ်အေးအေးခန့်ကား ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရဟန္တာဟုကျော်ကြားအပ်သော တောင်ပုလုဆရာမြတ်ကြီးအား သိက္ခာထပ်လှူဒါန်းခွင့်ကြုံခဲ့သည်။

ထို့ကြောင့် သူသည် လက်ငင်းအကျိုးပေးချမ်းသာရသည် လောဟု တွေးတောစရာ။

လှူရမည်ဆိုမတွန့်တို။ ယခုလည်း သူ့ညီအစ်ကိုမောင် နှမ ကိုးယောက်အား တစ်ယောက်လျှင် ဆယ်သိန်းစီပေးကမ်း လှူဒါန်းမည်ဟုကြားရ၏။

ဟုတ်လျှင်တော့ကောင်းပါ့။

သာဓု . . သာဓု . . သာဓု . . ။

သည် ဗိုလ်ချုပ်ဈေးသို့ နေခြည်နွေးသွားစရာရှိနေသည်။

ကျောင်းအားရက် တနင်္ဂနွေမို့ ဈေးသွားဖို့ စိတ်ကူးခြင်းပါ။ သည်ဈေးက တနင်္လာနေ့နှင့်အခါကြီးရက်ကြီးများမှာ ပိတ်သည်



www.burmeseclassic.com

www.burmeseclassic.com



လေ။

ဈေးသွားဖို့ အဝတ်စားလဲပြီးကာမှ ဖေဖေက အရေးပေါ် အလုပ်ကိစ္စဖြင့် ကားယူသွားသဖြင့် နေခြည်မောရပြီ။

နေခြည် မကြည်မကြည်ဖြင့် နှုတ်ခမ်းစူပွစူပွလုပ်ကာ မေမေဒေါ်ထားထားကိုပြောတော့၏။

"ဖေဖေကလည်း မနေ့ကတည်းက သမီးဒီနေ့ကားသုံးပါ မယ်ပြောထားရဲ့သားနဲ့. . "

"သူလည်း အလုပ်ကိစ္စအရေးပေါ်လာလို့ပဲ သမီးရယ်. . သမီးက ကကငှားသွားပေါ့"

"အာ. . မေမေကလည်း တောင်ဒဂုံကနေ ဗိုလ်ချုပ်ဈေး ကို ကားခလေးငါးထောင်ပေးရတာမေမေရဲ့. . နှမြောစရာကြီး"

"နှမြောမနေပါနဲ့သမီးရယ် ကားခ မေမေပေးလိုက်ပါ့ မယ်"

"တကယ်"

"ပေးပါမယ်ဆိုမှပဲ. . အော်ဒါထက် ဗိုလ်ချုပ်ဈေးမှာ ဆိုင်သစ်ဖွင့်ထားတဲ့ ထက်မြက်ချယ်ရတနာဆိုင်ကိုသိလား"

"မသိဘူးမေမေရဲ့. . ဘာလုပ်မလို့လဲ"

"အဲဒီဆိုင်ရှင်က မောင်ကျော်စွာနဲ့ ပြုံးပြုံးတို့ဆိုင်လေ. . သူ့သမီးလေးက ထက်မျက်ခြယ်တဲ့"

"မေမေနဲ့သိတယ်"

"သိတာမကြာသေးပါဘူး။ တလောက စိန်နားကပ်တစ်ရံ ဝယ်ရင်းသိခဲ့တာ"

"အဲဒီတော့ စိန်လက်စွပ်တစ်ရံမှာထားတာရပြီလား သိချင်လို့ ဝင်မေးခဲ့ပါလား. . ဒေါ်ထားထားက မေးခိုင်းတယ်လို့ သိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မေးခဲ့မယ်လေ. . ဆိုင်နေရာပြော"

"ဟို. . မြောက်ဘက်တန်းက ရထားလမ်းကူး သစ်သားတံတားရှေ့နားလေးကွယ်. . ဆိုင်းဘုတ်ရှိပါတယ်. . မြင်သာပါတယ်"

"ဟုတ်မေးခဲ့ပါမယ်. . လက်စွပ်က သမီးဖို့လား"

"ဖြစ်ချင်လည်းဖြစ်မှာပေါ့. . ကဲရော့ ကားခတစ်သောင်း"

နေခြည်က မိခင်ပေးသည့် ကားခတစ်သောင်းကိုယူ၍ 'ဘတ်ငွေ'အဖြစ်သတ်မှတ်ကာ အိတ်ထဲထည့်လိုက်သည်။

ပြီး. . လိုင်းကားစီးသွားတော့သည်။

တတ်တာ. . တတ်တာ။

ဗိုလ်ချုပ်ဈေးသို့ရောက်တော့ အရှေ့ဘက်တန်းမှ လျှောက်လှမ်းရင်း ဒေးကာ◌ မာကတ္တဖြင့် ဈေးအတွင်းဝင်ရန် ဘယ်ဘက်သို့ချိုးလိုက်သည်တွင်. .

"နေခြည်. . "

ခေါ်သံကြား၍ ဆတ်ခနဲလှည့်ကြည့်လိုက်တော့ သန္တာအစ်ကို ဇော်မိုး။ အအေးဆိုင်တစ်ဆိုင်ထဲမှ လှမ်း၍ခေါ်ခြင်းဖြစ်သည်။

"အယ်. . ကိုဇော်မိုး"

ဇော်မိုးက မတ်တပ်ထရပ်လျှက်. .

"လာလေ. . နေခြည်. . အအေးသောက်ရအောင်"

အားနာ၍လား၊ ဘာလားတော့မသိ။

နေခြည်ပြန်မငြင်းဘဲ အအေးဆိုင်ထဲဝင်လိုက်သည်။ ဇော်မိုးနှင့်မျက်နှာချင်းဆိုင်မှာထိုင်လိုက်သည်။

"ဘာသောက်မလဲနေခြည်. . "

"ကိုလာပဲသောက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဇော်မိုးက ကိုယ်တိုင်ထမှာပေးသည်။ ပြီး. . မေးခွန်းထုတ်သည်။

"ဈေးဝယ်လာတာလား"

"ဟုတ်တယ် ကိုဇော်မိုး၊ ပစ္စည်းလေးတွေဝယ်စရာရှိလို့. . ကိုဇော်မိုးကော. . ဘယ်လာတာလဲ"

"ကျောက်ကိစ္စချိန်းထားတဲ့ လူတစ်ယောက်ဆီလာတာပါ။ တွေ့ပြီးပါပြီ။ အခု အအေးသောက်ပြီးရင် ပြန်တော့မလို့။ အတော်ပဲ. . နေခြည်ဈေးဝယ်လေ။ ကိုဇော် အဖော်လိုက်ပေးမယ်။ နေပါဦး. . အခုလာတော့ အိမ်က ကားနဲ့လာတာပဲလား"

"အိမ်က ကားက ဖေဖေ အရေးပေါ်ယူသွားလို့ ကကနဲ့ပဲလာခဲ့ရတာ"

ကကဖိုးကို ဘတ်ထားပြီး လိုင်းကားနဲ့ လာတာကို ကကနှင့်လာတယ်လုပ်နေ၏။ မသိရင်ခက်မယ်. . ဟွန်း။

"ကျွန်တော့်ကို ကိုဇော်လို့ပဲ ခေါ်လို့ရပါတယ် နေခြည်"

နေခြည်ဘာမှပြန်မပြော။ မျက်လွှာချလျှက်ပြုံးနေသည်။ ပြောဖို့လည်းမအားပါ။ အအေးသောက်နေရသည်လေ။

အအေးကုန်သွားတော့ ဇော်မိုးက. .

"သွားမလား. ."

"သွားလေ. ."

ဆိုင်မှထွက်ကာ နှစ်ဦးသား ဗိုလ်ချုပ်ဈေးထဲလျှောက်ကြည့်ရင်း လိုအပ်သည်ကိုဝယ်လိုက်တိုင်း ဝယ်လိုက်တိုင်း ဇော်မိုးက ပိုက်ဆံထုတ်ထုတ်၍ ရှင်း၏။ အတင်းငြင်းတာလည်းမရ။

ကြာတော့ နေခြည်အားနာလာမိသည်။

"တော်ပြီ. . ဘာမှ မဝယ်တော့ဘူး။ ပြန်တော့မယ်. ."

"ဟာ. . နေခြည် ကျွန်တော့်ကိုအားနာလို့လား. . အား



www.burmeseclassic.com

www.burmeseclassic.com



မနာပါနဲ့ နေခြည်ရဲ့။ ကြုံလို့ပဲဥစ္စာ"

"မလုပ်ပါနဲ့ရှင်။ ပြန်တော့မယ်။ ဪ. . လာမယ့် တနင်္ဂနွေ နေခြည့်မွေးနေ့လေ။ ဒါကြောင့် လိုအပ်တာတွေ လာဝယ်တာ"

"လုပ်လေ. . ဘာလိုသေးလဲ. .။ ဝယ်ပါနေခြည်"

ဇော်မိုးတစ်ယောက် ဖလိုင်းကြီးဝယ်ပါလုပ်နေ၏။ ဟိုက စိန်တစ်ဆင်စာဝယ်ချလိုက်မှ ဟုတ်ပေ့ဖြစ်နေဦးမည်။ နေခြည်က ညင်းလို့တော်သေး၏။

"ဟင့်ဟင်း. . မဝယ်တော့ဘူး။ ရပြီ"

"မွေးနေ့ကျ ကိုဇော့်ကို ဖိတ်မှာလား. ."

"ဖိတ်မှာပေါ့။ သန္တာနဲ့ ဖိတ်စာပို့လိုက်မယ်လေ"

"ဒါဖြင့် ပြန်မလား. .။ ကိုဇော်ကားနဲ့လိုက်ပို့မယ်လေ."

"ကိုဇော်ကကော. . ကိစ္စဝိစ္စ. . ပြီးသွားပြီလား"

"ပြီးသွားပါပြီ နေခြည်"

"ဒါဆိုလည်း ပြန်ကြမယ်လေ. ."

နှစ်ဦးသား ဈေးထဲမှ ထွက်လာကြသည်။

သည်စဉ် ဈေးထဲသို့ဝင်လာသော လမင်းနှင့်မြင့်ကိုတို့နှင့် မျက်နှာချင်းဆိုင်ဆုံမိကြတော့၏။

လမင်းက 'အဟမ်း. . အဟမ်း. .'ဟု အာလုပ်သံကြီး ဖြင့်အသံပြုလိုက်သည်။

နေခြည်က မျက်မှောင်ကြုတ်ကြည့်ရင်းမဲ့ ပြလိုက်၏။

လမင်းနှင့်မြင့်ကို နေခြည့်ကိုလှည့်ကြည့်လှည့်ကြည့် လုပ်ရင်း. . ဈေးထဲဝင်သွားကြသည်။

နေခြည်က နောက်တစ်ချက်လှည့်ကြည့်ပြီး. .

"ကြက်သရေ တုံးလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. . ၊ ကျွန်တော့်ကိုလား. ."

နံဘေးမှဇော်မိုး အူကြောင်ကြောင်ဖြင့် ပြောရှာသည်။

နေခြည်က နောက်ဘက်သို့ မေးငေ့ါပြရင်း. .

"ဟိုမှာလေ. . ဟိုမှာ. ။ ကျောင်းကကောင်နှစ်ယောက်ကိုပြောတာ"

သည်တော့မှ ဇော်မိုးက

"ဩော်. . ဒီကောင်တွေကိုး။ တော်တော်မျက်နှာရှူးတဲ့ကောင်တွေနော်. . ။ ဟိုနေ့က ဆွဲတဲ့လူမရှိရင် အဲဒီကောင်တစ်ကောင်ကို ကိုဇော် ထိုးမိတော့မလို့၊ ကံကောင်းသွားဟယ်"

ဘယ်သူကံကောင်းတာလဲတော့ တိတိကျကျမပြောပါချေ။ တကယ်တော့ သူကံကောင်းတာကိုပြောခြင်းဖြစ်ပါမည်။

နေခြည်က မလိုအပ် မစစ်ဆေးပါဘဲ သန်းခေါင်စာရင်းတင်ပြနေ၏။

"သူတို့သူငယ်ချင်းနာမည်က သရေစာလေ. . ။ ဘုန်းကြီးကျောင်းမှာနေတာ. ."

"ဘာ. . သရေစာ. . ဟုတ်လား. . နေခြည်. . ။ ဟင်း. . နာမည်ကလည်းကွာ"

"တေဇာပါ. . ။ သူ့သူငယ်ချင်းတွေက သရေစာလို့ ဖျက်ပြီးခေါ်ကြတာပါ"

"ဩော်. . ဒီလိုလား. . ။ အင်း. . သရေစာဆိုတော့ အစားခံရမယ်၊ အဝါးခံရမဲ့နိမိတ်ပဲပေါ့နော်"

"ဟုတ်တယ်. . ဟုတ်တယ်. . သူ့ကို နေခြည်ဝါးစားလိုက်ချင်တာ"

"မလုပ်ပါနဲ့ နေခြည်ရယ်. . သွားကြားတွေညပ်အုံနေပါမယ်. ."

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

(၁၀)

သံဃာတော်များ ဆွမ်းကိစ္စပြီးသည်နှင့် လူပုဂ္ဂိုလ်များ စားသောက်ရန် တေဇာနှင့်ကျောင်းသားများပြင်ဆင်ကြရသည်။

'ကျောင်းသားများ'ဆိုသော်လည်း ဘုန်းကြီးကျောင်းသားချည်း သက်သက်မဟုတ်ကြ။

နယ်မှ ရန်ကုန်သို့ကျောင်းလာတက်ကြသူများဖြစ်ကြသည်။

ဆရာတော်ကြီးနှင့်ဆွေရိပ်မျိုးရိပ်မကင်းသူများလည်းဖြစ်ကြသည်။

"ဟေ့ကောင်. . တေဇာ. . ။ ဘာတွေအလုပ်များနေတာလဲ. . ။ ငါတို့လည်း မနက်စာမစားရသေးဘူးနော်. . "

"ဟာ. . ဟေ့ကောင်တွေ. . ။ ဘယ်ကဘယ်လိုဆုံလာကြတာလဲ။ ထမင်းနဲ့ဟင်းကတော့ အပြင်လူအတွက် အပိုမရှိဘူးဆော့"

"အပြင်လူအတွက် အပိုမရှိလည်း မင်းကိုတာထဲက ငါတို့



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်မျှစားမယ်ကွာ. . ”

ဗေတ်ကြီးကျမြင့်ကိုက ဖွတ်ကြီးကိုပြောနေသည်။

သည်တော့ တေဇာကရယ်ရယ်မောမောနှင့် ပြန်ပြောရသည်။ လေပြည်ထိုးရသည်။

“အလကားပြောတာပါကွာ. .။ ကျောင်းဆိုတာအယုတ်အလတ်အမြတ်မရွေး၊ လာတောင်းတဲ့လူကိုတောင် စွန့်ကြဲရတာပဲဥစ္စာ”

“သာဓုကွာ. . သာဓု. . သာဓု. . ”

လမင်းက စပ်ဖြဲဖြဲပြန်ပြောနေသေး၏။

တေဇာက အလုပ်လုပ်ရင်းတန်းလန်းမှလှမ်း၍မေးသည်။

“ကိုင်း. . မင်းတို့ ဘာလာရှုပ်ကြတာလဲ။ ဘယ်မှာဆုံလာကြတာလဲ. . ”

“ငါက ကျူရှင်က ပြန်လာတာ။ ဒီကောင်နှစ်ကောင်က ဗိုလ်ချုပ်ဈေးထဲမှာ လူအထင်ကြီးအောင် လမ်းသလားပြီး သူများဈေးဝယ်တာ လျှောက်ငေးပြီးပြန်လာတာ”

“မင်းကလည်း အထင်မသေးစမ်းပါနဲ့။ ငါတို့လည်း ပစ္စည်းသွားဝယ်တာပါ။ မတွေ့လို့ပြန်လာတာ”

မြင့်ကိုက ပြန်၍ပြောကာ ဖာသလိုတေးသလိုလုပ်၏။

သည်တော့ တေဇာကမေးပြီ။

“မင်းတို့ သွားဝယ်တဲ့ပစ္စည်းက မတွေ့ရအောင် ဘာပစ္စည်းမို့လို့လဲ. . ”

“ငါးပိ”

“ဟာ. . ငပိက ဗိုလ်ချုပ်ဈေးမှာ မဝယ်ရဘူးကွ. . ”

“ဘယ်မှာဝယ်ရတာလဲ”

“ယုဇနပလာဇာမှာဝယ်ရတာ”



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်သား သဘောကျစွာရယ်မောဖြစ်ကြ၏။

"ကိုင်း. . ကိုင်း. . ဟော့ကောင်တွေ. . ထမင်းစားလို့ ရပြီ. . လာ. ."

သူတို့သုံးယောက် ထမင်းဝိုင်းမှာ ဝင်၍ထိုင်ကြ၏။

"ဟား. . ဟင်းတွေက အစုံပါပဲလားကွ"

မြင့်ကိုက ဟင်းခွက်များကိုကြည့်၍ တအံ့တသြရေရွတ်နေသည်။

သည်တော့ တေဇာက. .

"ဟုတ်တယ်။ ဟင်းကတော့ ဘာစုံသလဲမမေးနဲ့။ ဒါက ကြက်ဟင်းခါးသီးကြော်၊ ဒါက ငွေးတောက်ရွက်ဟင်းချို၊ ဒါက ကြောင်သွျှာသီးသုတ်၊ ဒါက တမာချဉ်"

"ဟုတ်ပြီ. . ဟုတ်ပြီ. . အတော်စုံတယ်. .။ ဆင်တုံးမနွယ် တောက်တောက်ကြော်လေးတစ်ခွက်ပဲလိုသွားတာ"

"အေး. . မင်းပြောတဲ့ တောက်တောက်ကြော်လည်း ချက်လောင်းတဲ့ဒကာရှိရင် စားရမှာပဲ. .။ သံဃာတော်တွေဆိုတာ ဒီလိုပဲလေကွာ၊ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ စားရမှာပဲ။ အဓိကကတော့ သူတို့လောင်းလှူတဲ့ဆွမ်းကို စားပြီး ဇေရိယတ္တိ၊ ပရိယတ္တိတွေကျင့်ကြံအားထုတ်ဖို့ပေါ့ကွာ"

"ကဲ. . မင်းတရားကိုနောက်မှနာပါရစေကွာ. . တို့ ဗိုက်ဆာလှပြီ၊ ချဉ်ချဉ်ခါးခါးစားမှာပဲ"

"အံမယ်. . ဒီမှာ. . ဝက်သား ကြက်သားတွေလည်း ပါပါသေးတယ်ကွ. ."

"ကဲ. . ပါရင် ဆွဲပြီဟေ့. ."

မြင့်ကိုက ဦးစွာစတင်၍စားတော့၏။ မြန်မှမြန်။

ကျန်ပုဂ္ဂိုလ်တွေကလည်း လက်မနှေးကြ။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးကျောင်းမှာနေသည့် တေဇာ့ထက်ပင် သူတို့က ပို၍လက်သွက်နေသေး။

"ကဲ . . စားပြီးရင် အချိုတည်းဖို့ ငါ့အခန်းထဲသွားကြမယ်"

"ကောင်းတယ် . . ကောင်းတယ်"

သူတို့ တေဇာ့အခန်းထဲသို့ရောက်လာကြသည်။ တေဇာ့အခန်းထဲမှာက ငှက်ပျောသီး၊ ထန်းလျက်တို့အပြင် နက်(စ်)ကော်ဖီ၊ အိုဗာတင်း၊ မိုင်လိုအပြင် မုန့်ပုန်းတွေပါ အစုံအလင်တွေ့လိုက်ရသဖြင့် မြင့်ကိုက မျက်လုံးပြူးသွားရင်း . .

"အား . . သရေစာဆိုတဲ့ နာမည်နဲ့လိုက်တယ်ကွာ . .။ စားစရာတွေ တပျော်ကြီးပဲ . ."

"ဒါပေါ့ကွာ . .။ သူ့ဘုန်းသူ့ကံနဲ့သူဖြစ်လာတာကွ"

"ဘာလဲ . . မင်း . . ဘုန်းကြီးတွေကို လှူတဲ့ဟာကို ဖြတ်ခုတ်ထားတာလား . ."

"မင်းတို့ကလည်းကွာ ငါ့ကို ဒီလောက်တောင်ပဲ အထင်ပိစိရသလား . .။ ဒါတွေက ငါစားဖို့အတွက်လက်ဆောင်ပေးလို့ရထားတာကွ"

"ဟုတ်ရဲ့လားတေဇာရာ . .။ မင်းကို အဲဒီလောက်သဒ္ဓါတရားရှိတဲ့လူကော ရှိသေးလို့လား"

"ဟ . . ရှိတာပေါ့ကွ . ."

"ရှိရင်ဘယ်သူလဲ . ."

"ဘယ်သူလဲဆိုတာထက် . . ဘာကြောင့်လဲဆိုတာကို အရင်မေး"

"အေး . . ဘာကြောင့်လဲ . ."

"ဟဲ . . ဟဲ . .၊ ပညာကြောင့်ကွ . . ပညာကြောင့်"



www.burmeseclassic.com

www.burmeseclassic.com



"ပညာကြောင့်. .။ ဟား. . ဟား. . မင်းလည်းနောက်ဆုံးနှစ်. . ငါတို့လည်း နောက်ဆုံးနှစ်ပါကွာ။ ဒီအတန်းပညာအပြင် မင်းက ဘာပညာများတတ်သေးလို့လဲ. . ဘာလဲ. . ဆယ့်နှစ်ကြိုးလား. . ၊ အောက်လမ်းလား. ."

"ဟာ. . ဒီကောင် အဲဒီလောက်အထိ အဆင့်မြင့်ပညာတွေတတ်မှာမဟုတ်ပါဘူးကွာ. .။ ဒီကောင်တတ်ရင် ဆယ့်နှစ်လမ်းအောက်ဘလောက်မှာ အမှိုက်ကျုံးတဲ့ပညာပဲတတ်မှာ. . ဟား. . ဟား"

"မလောင်ပါနဲ့ကွ. .။ ငါက ဗေဒင်ပညာတတ်တယ်ကွ သိရဲ့လား. ."

"ဘာလဲ. . မဟာဘုတ်. . မဟုတ်ဘာလား"

"အကောင်းပြောတာကွ. .။ မင်းတို့ဝင်မနောက်နဲ့ ငါအတည်ပြောမယ်။ ငါ့အဘိုးက နက္ခတ်ပညာရှင်ကြီးကွ။ သူက ဟောစားတာမဟုတ်ဘူး။ သုတေသနပညာရှင်ကွ။ ငါက အဘိုးဆီကပညာတွေရထားတာ"

"တကယ်. ."

"ဟုတ်ပါတယ်ကွာ. .။ အစက ဗေဒင်ပညာဝါသနာမပါပေမယ့် အဘိုးက အတင်းသင်ပေးလို့ တတ်သွားတာ။ သင်ရင်းနဲ့ သိပ္ပံနည်းကျတဲ့ပညာမှန်းသိလို့ စိတ်ဝင်စားပြီး တကယ်လေ့လာခဲ့တယ်။

"ဒါနဲ့များကွာ. . ငါတို့ကို အစကမပြောဘူး။ တို့သူငယ်ချင်းတွေရဲ့ ကံကြမ္မာရှေ့ရေး နောက်ရေးလေး ဆန်းစစ်ပေးတာ ထုတ်ဘူး"

"ငါက ဟောစားမယ်လို့မှ စဉ်းစားမထားဘဲ။ အခုလည်း ဆောင်မှတ်ဘဲ တတ်တဲ့ပညာက အသုံးတည့်သွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုအသုံးတည့်သွားတာလဲ. ."

"ကျောင်းကို လာလာနေတဲ့ အန်တီကြီးတစ်ယောက် သူ့စီးပွားရေးလုပ်ငန်းအတွက် ဆရာတော်ဆီ ဗေဒင်လာမေး တယ်။ ဆရာတော်က ဗေဒင်ဟောတာ သံဃာတော်တွေအလုပ် မဟုတ်ဘူးဆိုပြီး ငါ့ဆီလွှတ်လိုက်လို့ ငါက ဟောပေးလိုက်တာ ကွက်တိပဲ။ သူ သိန်းနှစ်ဆယ်လောက်အလိမ်ခံရမယ့် စီးပွားရေး ကိစ္စကိုလည်း ငါ့ဟုမလုပ်ဖို့ပြောလိုက်တော့ သူအလိမ်ခံရသက် သာသွားတယ်. .။ ဒါကြောင့် ငါ့ကိုလာ လက်ဆောင်ပေးတယ် ဆိုပါတော့ကွာ"

"ဟား. . ဒါဆို မင်း ထောပြီးပေါ့။ ယတြာတို့ ဓာတ်ရိုက် မာတ်ဆင်တို့လုပ်ပေးပြီး ပိုက်ဆံများများတောင်းကွာ။ နောက်ပြီး ဖယောင်းတိုင်ရောင်းစား"

"ငါ အဲဒီလိုလူစားမဟုတ်ပါဘူးကွာ။ တကယ်မတတ် ဘဲနဲ့ မဟုတ်မဟတ်တွေလုပ်ပြီး ဒုက္ခရောက်လို့ လာမေးတဲ့လူကို ခြိမ်းခြောက်၊ ဖယောင်းတိုင်ပေါ် မှာ ရေးချင်တာတွေရေး၊ စက္ကူ ပတ်ပြီး ရတနာဒီပံဖယောင်းတိုင်ဆိုပြီး ရောင်းလိုရောင်း၊ ငါးဆယ် တန်ဖယောင်းတိုင်ကို ငါးထောင်နဲ့ရောင်းစားလို ရောင်းစား. .။ တကယ့်လောဘသားတွေ"

"ဟုတ်တယ်. .၊ မင်းပြောတာ ငါထောက်ခံတယ်။ ဒါပေမယ့် တချို့လူတွေက ဒါမျိုးတွေမှ အထင်ကြီးတတ်ကြတာ ကွ။ အထင်ကြီးလွန်းတဲ့ စိတ်ကကဲနေတော့ အညာခံရတဲ့အရသာ ကိုပဲ တသသဖြစ်နေကြတာကွ"

သည်တော့ မြင့်ကိုက ဗေဒင်ဆရာများဘက်မှဝင်၍ စောဒကတက်သည်။

"တချို့ဗေဒင်ဆရာတွေ မရောင်းစားဘဲ ဓီရိုင်ပေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



ရတနာ့ဒီပံဖယောင်းတိုင်က စွမ်းပါတယ်ကွာ. .။ နိုင်ငံခြားသွား ချင်တာသွားရတယ်၊ ရာထူးတက်ချင်တာလဲ. . တက်တယ်လေ။ ထဲ. . အဲဒါကျတော့ ဘာပြောမလဲ. . ”

“ဟား. . ဟား. . ဒါက ရှင်းရှင်းလေးပါကွာ။ လူဆယ် ယောက်မေးတယ်ကွာ။ တိုက်ဆိုင်တဲ့လူ တစ်ဦးစ နှစ်ဦးစ အဆင် ပြေသွားတယ်ကွာ. .။ အဲဒီအဆင်ပြေသွားတဲ့ တစ်ယောက်စ နှစ်ယောက်စက အဲဒီဆရာကို သဘောတွေကျပြီး လျှောက်ဖွ တယ်ကွာ. .။ မြန်မာပြည်မှာ လူတွေအများကြီး. .။ အဲဒီ လျှောက်ဖွတဲ့ လူတစ်ယောက်ကို ဆယ်ယောက်နှုန်းနဲ့ပဲပွားကြည့် ဆိုတ်. .။ မြန်မာပြည်မှာ လက်ကြောမတင်းတဲ့လူတွေကို အား ထိုးတဲ့လူတွေဘယ်လောက်ရှိမယ်ဆိုတာ မင်းတို့ စဉ်းစားသာ ကြည့်”

“တေဇာပြောတာဟုတ်တယ်ကွ. .။ ငါ အထက်တန်း ကျောင်းသားဘဝက ကျောင်းနေဘက်သူငယ်ချင်း မြင့်ဦးမောင် ဆိုတာရှိတယ်”

“ဘယ်မြင့်ဦးမောင်လဲ. .။ အခု မကွေးဘက်မှာ တော ချုပ်လုပ်နေတဲ့ကောင်လား. . ”

“အေး. . ဟုတ်ထယ်. . ဟုတ်တယ်. . ”

“အင်း. . ဆက်စမ်းပါဦး. . ”

“အဲဒီမြင့်ဦးမောင်ရဲ့ အတူနေဘကြီးက ဓာတ်ရိုက်ဓာတ် ဆင်တာတ်တယ်ကွ. .။ ရတနာ့ဒီပံဖယောင်းတိုင်လည်း ရောင်း တယ်. .။ တစ်နေ့တော့ သူတို့မြို့က လုပ်ငန်းရှင်ကြီးတစ်ဦးက မြင့်ဦးမောင်ကို ပိုက်ဆံပေးလိုက်ပြီး သူ့ဘကြီးဆီရတနာ့ဒီပံ ဖယောင်းတိုင်မှာလိုက်တယ်. . ”

“မှာလိုက်တော့. . ”



www.burmeseclassic.com

www.burmeseclassic.com



"လာမယ်လေကွာ. . ။ မြင့်ဦးမောင်က ဗရုတ်ဆိုတော့ အဲဒီပိုက်ဆံကို သူ့သူငယ်ချင်းတွေနဲ့ ထန်းရည်သောက်ပစ်လိုက်တယ်"

"သောက်တဲ့အထဲမှာ မင်းရောပါသလား"

"ပါတာပေါ့. . ။ ထားပါ. . ။ အဲဒီလိုသောက်ပစ်ပြီး ဘာလုပ်ရမလဲဆိုတာစဉ်းစားလိုက်တော့ ကျိုက္ကစ်ဘုရားစောင်းတန်းမှာ ရွှေရောင်ဖယောင်းတိုင်ကို တစ်တိုင်ငါးမူးနဲ့ သွားဝယ်ပြီး ဘာလုပ်သလဲဆိုတော့ ဖယောင်းတိုင်ပေါ်မှာ ပင်အပ်တချောင်းနဲ့ ရေးချင်တာတွေလျှောက်ရေးလိုက်တာပေါ့ကွာ. ."

"ရေးပြီးတော့. ."

"သူ့ဘကြီးဆီက ရတနာဒီပံဖယောင်းတိုင်ဆိုပြီး အဲဒီလုပ်ငန်းရှင်ကြီးကို သွားပေးလိုက်တာပေါ့"

"ပြဿနာမတက်ဘူးလား. ."

"ထောသွားတာသူငယ်ချင်း. . ထောသွားတာ. . ။ အဲဒီလုပ်ငန်းရှင်ကြီးက အဲဒီဖယောင်းတိုင်ကို ပူဇော်လိုက်တာ သုံးရက်အတွင်း သူ့အရောင်းအဝယ်ကိစ္စ အဆင်ပြေသွားလို့ သူ့ဘကြီးကို ငွေတစ်သောင်းလာကန်တော့သွားတယ်သူငယ်ချင်း"

သူတို့ငါးခန် ရယ်မောကြသည်။

မြင့်ကိုက. .

"အဲဒီမြင့်ဦးမောင်ဆိုတဲ့ကောင်က သူ့ဘကြီးဆီက ကော်မရှင်တောင်းရမှာကွ. ."

"ကော်မရှင်သွားတောင်းရင် ဟိုက ပေးလိုက်မှာပေါ့. . နားရင်းတစ်ချက်. ."

"သေချာတာပေါ့ကွာ. . ။ လောကကြီးမှာ ဘယ်လောက်ပဲတော်တော်. . အောင်မြင်ချင်မှအောင်မြင်တာ. . အဲ. . တချို့



www.burmeseclassic.com

www.burmeseclassic.com



တျတော့လည်း ဘာမှမဟုတ်ဘဲနဲ့ စင်ပေါ်ရောက်ချင်ရောက် သွားတာ. . ”

“တေဇာ့ကိုပဲကြည့်လေကွာ. . ။ တကယ်တတ်တယ်။ လုပ်မစားဘူး. . ။ ဟော. . အချိန်တန်တော့လည်း လုပ်စားဖို့ အကြောင်းဖန်လာတာပဲ မဟုတ်လား. . ”

သည်တော့ တေဇာက. .

ကံတရားဆန်းကြယ်ပုံကတော့ ဝေးဝေးမကြည့်နဲ့. . ၊ ဒီမှာကြည့်. . ”

တေဇာက ဖိတ်စာကလေးတစ်ခုကို ထုတ်ပြလိုက်။ သည်တွင်မြင့်ကိုက ဒီတစ်ခနဲလှမ်းယူပြီးအသံထွက်ဖတ်ပြ၏။

“နေခြည်နွေး၏ မွေးနေ့မင်္ဂလာဖိတ်ကြားလွှာ. . ဆိုပါ လား. . ။ ဟာ. . ဟော့ကောင်. . မင်းနဲ့သူနဲ့ဘယ်တုန်းက ငြိမ်းချမ်း ရေးရသွားတာလဲဟင်. . ”

“ငါနဲ့ နေခြည်နဲ့က ငြိမ်းချမ်းရေးလုပ်စရာမလိုပါဘူးကွာ။ သူတို့ငါတို့က မုန်းလို့ ရန်ဖြစ်နေတာမှမဟုတ်တာ။ ခင်လို့ နောက် ပြောင်တာပဲ။ အေး. . ဒါပေမယ့် အခုဖိတ်တာက သူဖိတ်တာ မဟုတ်ဘူး”

“ဟေ. . သူ့မွေးနေ့ကို သူမဖိတ်လို့ နှင့်ကြီးဒေါ်ကြီးက ဖိတ်သလား. . ”

“ကြီးဒေါ်ကြီးမဟုတ်ဘူးကွ. . ။ ယောက္ခမလောင်းကြီး . . အဟီး. . ဟီး. . ။ ငါ့ကို ဖိတ်တာ နေခြည့်မားသားကြီးဖိတ် တာကွ. . ”

“ဟေ. . ။ မင်းတို့က ဘယ်လိုအဆက်အစပ်ရှိကြလို့ လဲ”

“ငါ့ဆီ ပေဒင်လာမေးပြီး လက်ဆောင်ပစ္စည်းတွေ လာ



www.burmeseclassic.com

www.burmeseclassic.com



လာပေးနေတဲ့ အန်တီကြီးက နေခြည့်မားသားကြီးကွ. . ”

“ဟော. . ။ နေခြည့်မားသားကြီး. . ဟုတ်လား”

“ဟုတ်တယ်ကွ. . ။ သူကိုယ်တိုင်လာဖိတ်ထားတာ”

“ဒါဆို မင်းသွားမှာပေါ့”

“အင်း. . ၊ သွားလည်းသွားချင်တယ်၊ သွားလည်း မသွားချင်ဘူး။ မသွားလို့လည်းရမှာမဟုတ်ဘူး. . ။ အန်တီကြီးက မလာရင် လူကိုယ်တိုင်လိုက်ခေါ်မယ်တဲ့ကွ”

“ဒါဆိုလည်း သွားပေါ့ကွာ။ သူမဖိတ်လည်း သူ့မားသားကြီးကိုယ်တိုင်ဖိတ်တာပဲဟာ. . ”

“ဟုတ်တော့ ဟုတ်တယ်ကွ. . ။ ဒါပေမယ့် နေခြည်နဲ့ နေခြည့်အဖေက ငါ့ကိုသိပ်ကြည်တာမဟုတ်ဘူး”

“ဘာဖြစ်လို့လဲ. . ”

“ငါဟောလိုက်လို့ သူတို့လင်မယားပြဿနာတက်ပြီး အဘိုးကြီးနဖူးကွဲရတဲ့ကိစ္စကြောင့်ပေါ့ကွ”

“အင်း. . ဒါဆိုရင်တော့ မင်းကိုဗေဒင်ဆရာမှန်း နေခြည်နွေးသိလို့မဖြစ်ဘူး။ မင်းကို ပိုပြီးမျက်မုန်းကျိုးလမ့်မယ်. . ။ အင်း. . ဘယ်လိုလုပ်ရပါ့”

သူတို့ခဏငြိမ်သွားကြသည်။

အတန်ကြာမှ လမင်းက သူ့ပေါင်ကို တစ်ချက်ပုတ်လိုက်ပြီး. .

“ဟာ. . ငါအကြံရပြီ. . ”

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

(၁၁)

မွေးနေ့ပွဲလေးတစ်ပွဲ. .

နေခြည်နွေး၏ မွေးနေ့ပွဲကို သိုက်သိုက်ဝန်းဝန်းကျင်းပ ရှိနေသည်။

နေခြည်နွေး၏သက်စေ့ သံဃာတော်(၂၃)ပါးအား ဆွမ်းဆက်ကပ်သည်။

ဒေါ်ထားထားက သူအားထားရသော ဗေဒင်ဆရာလေးတို လူကုံတန်များကြား၌ ပွဲထုတ်ရန်စိတ်ကူး၍ထားမိသည်။

သည့်ကြောင့် လည်တဆန့်ဆန့် သူမျှော်လျှက်ရှိ၏။

သို့သော် ဗေဒင်ဆရာလေးက ပေါ်မလာသေး. .။

"အင်း. . ဗေဒင်ဆရာလေးက ငယ်သေးတော့ ရှက်များနေလို့လား"

ဟုလည်း ဒေါ်ထားထားတွေးမိလိုက်သေးသည်။

အင်း. . မဖြစ်သေးပါဘူး။

စိတ်မြန်သော ဒေါ်ထားထား ထိုင်ရာမှထတ်ခနဲထလိုက်၏

www.burmeseclassic.com

www.burmeseclassic.com



"သမီး. . ၊ မေမေ အပြင်ခဏသွားလိုက်ဦးမယ်"

"ဟင်. . မေမေက ဘယ်သွားမလို့လဲ"

"မေမေ ဆရာတော့်ကျောင်းတင်ပါ. . ။ မေမေဖိတ်ထား တဲ့ ဟိုဗေဒင်ဆရာလေး မလာသေးလို့ သွားခေါ်မလို့"

"ဟာ. . မေမေကလည်း အချိန်တွေအများကြီးရှိသေး တာပဲ. . ။ သူ့ဘာသာသူလာမှာပေါ့"

"မဟုတ်ဘူး သမီးရဲ့။ စိန်ပွဲစား ဒေါ်လှလှက တော်နေ ကြာ ပြန်တော့မှာ. . ။ သူက ဗေဒင်ဆရာလေးဆီမှာ သိချင်တာ တွေမေးချင်လို့တဲ့"

"ဒါဆိုလည်း. . ကားလွှတ်လိုက်ရင်ပြီးတာပဲဥစ္စာ. . ။ ရေးကြီးခွင်ကျယ်လုပ်လို့"

"ဘယ်လိုပြောလိုက်တာလဲသမီး. . ။ ဗေဒင်ဆရာဆိုတာ မေမေတို့ စီးပွားရေးလောကအတွက် အရေးကြီးတယ်သမီးရဲ့။ မေမေ့စိတ်ထင် ဗေဒင်ဆရာလေးက ရှက်လို့မလာဘဲနေမှာ စိုးရိမ် လို့ပေါ့. . "

"ကဲပါ နေခြည်ရယ်. . ။ အန်တီသွားချင်လည်း သွားပါ စေ. . ။ ဒီမှာ ငါတို့တတွေလည်းရှိနေတဲ့ဥစ္စာ"

တင်တင်က ဝင်၍ပြောသည်။

စိတ်မြန်သောဒေါ်ထားထားက ကားကိုကိုယ်တိုင်မောင်း ထွက်သွားတော့၏။

"အဲဒါ ခက်တာပဲတင်တင်ရယ်။ မေမေက သူ့ဗေဒင် ဆရာကို သိပ်အထင်ကြီးတာ။ အဲဒီဗေဒင်ဆရာကြောင့် ဖေဖေ နဲ့ပြဿနာတက်ပြီး ဖေဖေလည်းနဖူးကွဲခဲ့ရပြီးပြီ။

"ဒီကတည်းက ငါ အဲဒီဗေဒင်ဆရာကို ဖွဲ့ချင်နေတာ ဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



"အေးအေး. . အခုသွားခေါ်လာတော့ မကောင်းဘူးလား. ."

"ကောင်းတာပဲကွ. . လာမှုအပြတ်ဖွဲ့ပစ်မယ်"

နေခြည်တို့က နေသေးသပ်ခြုံထဲက ချိုသွေးလို့တာမြဲ လုပ်နေကြသည်။

အင်း. . ပေဒင်ဆရာလေးပါလာမှဖြင့်. .

♥ ♥ ♥

ထိုစဉ် ကာလသမယဝယ်. .

ဒေါ်ထားထား ကားလေးက ဆရာတော့ကျောင်းဆီ ရောက်လာပြီ။

ဒေါ်ထားထား ရင်ထဲမှာတော့ စိုးရိမ်ပူပန်နေမိသလိုလို။ ပေဒင်ဆရာလေးနှင့်တွေ့ပါ့မလား။ လွဲနေမည်လားတွေး တာပူပန်မိခြင်းပါ။

ဒေါ်လှလှကို အပြတ်ရှိုး. . အဲ. . အမွှန်းတင်ပြောထား တာဆိုတော့ ဒေါ်လှလှက ပေဒင်ဆရာလေးကို တွေ့ချင်နေ သည်။ တွေ့ရစေမည်ဟုလည်း အာမခံထားသည်။

ထို့ကြောင့်လည်း ကိုယ်တိုင်ကားမောင်း၍လာခေါ်ရခြင်း ပါ။

ကျောင်းရောက်တော့ ဆရာတော်က ဆီးမေးသည်။

"ဒကာမကြီး. . ။ မောင်တေဇာ့ဆီလာတာလား. ."

"မှန်ပါ့ဘုရား. ."

"အိမ်း. . အိမ်း. . ရှိတယ်၊ သူ့အခန်းထဲမှာ"



www.burmeseclassic.com

www.burmeseclassic.com


ဒေါ်ထားထား ဆရာတော်ကို ဝတ်ပြုပြီး တေဇာ့အခန်းဘက်သို့ထွက်ခဲ့မိ၏။ ခြေလှမ်းများပင်သွက်နေသလိုလို။

သို့သော် တေဇာ့ကို အရိပ်အယောင်မတွေ့။

သည်တော့လည်း မလှမ်းမကမ်းရှိ ကိုရင်လေးတစ်ပါးကို လှမ်း၍မေးကြည့်ရတော့သည်။

"ကိုရင်. . ။ ဒီဆွမ်းစားကျောင်းမှာနေတဲ့ မောင်တေဇာ တစ်ယောက်ဘယ်သွားပါသလဲဘုရား"

ကိုရင်က နှုတ်မှမဖြေ။

ဆွမ်းစားကျောင်းခေါင်းရင်းတွင် တန်းစီထိုင်နေသော ယောဂီဝတ်အဘိုးကြီးလေးဦးထံ မေးငေ့ါ၍ပြသည်။

ဒေါ်ထားထားတို့အဘိုးကြီးလေးဦးထံ ချဉ်းကပ်၍သွားရပြန်သည်။

ခေါင်းပေါင်းနှင့်နှုတ်ခမ်းမွေးနှင့် ဣန္ဒြေရစွာ မျက်လွှာချနေကြသော ထိုပုဂ္ဂိုလ်ကြီးများထဲမှ အနီးဆုံးတစ်ဦးထံ ရိုသေစွာဖြင့် မေးမြန်း၍ကြည့်ရ၏။

"အဘ. . ဒီကျောင်းမှာနေတဲ့မောင်တေဇာ တစ်ယောက်ဘယ်သွားပါသလဲရှင့်"

အမေးခံရသောအဘိုးကြီးက အခြားအဘိုးကြီးတစ်ဦးကို လက်ညှိုးညွှန်ပြသည်။

ညွှန်ပြသော အဘိုးကြီးရှေ့သို့ ဒေါ်ထားထားရောက်သွားပြန်၏။

"မောင်တေဇာတစ်ယောက်. . တွေ့မိပါသလားအဘ"

"ကျွန်တော် မောင်တေဇာလေ. . "

"ရှင်. ."

"ဟုတ်ပါတယ်. . ကျွန်တော်တေဇာပါအန်တီ"


www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ဘယ်. . ဘယ်လိုဖြစ်တာလဲ. ။ မင်းက အဘိုးကြီးအဝတ်အစား. . အဘိုးကြီးပုံစံနဲ့"

"ဟုတ်တယ် အန်တီ. ။ အန်တီတို့ ဒီလထဲမှာ အရှုံးတကွဲဖြစ်ရမယ့်ကိန်းမြင်လို့ အန်တီတို့အတွက် ယတြာချေပေးနေတာပါ. ."

"ဘယ်. . ဘယ်လို. . အန်တီတို့ အရှုံးတကွဲဖြစ်ရမယ့်ကိန်း. . ။ ဟုတ်လား. ."

"ဟုတ်ပါတယ်. ။ အန်တီတို့ မိသားစုထဲမှာ အင်္ဂါသားပါသလား"

"မပါပါဘူး. ."

"အန်တီတို့ကို အင်္ဂါသားနှောက်ယှက်လိမ့်မယ်. ။ အရှုံးတကွဲ အကျိုးနည်းဖြစ်ကိန်းရှိတယ်. ။ ဒါကြောင့် ကျွန်တော် အထူးယတြာလုပ်နေတာပါ"

"အံမယ်လေး. ။ ကျေးဇူးကြီးလိုက်တာမောင်တေဇာရယ်. ။ အန္တရာယ်က တော်တော်ကြီးသလားဟင်. ."

"ကြီးတယ်. ။ အခု မွေးနေ့ရှင်က. . စနေသမီးမဟုတ်လား. ."

"ဟုတ်ပါတယ်"

"သားရေးသမီးရေးစဉ်းစားရင် အင်္ဂါသားနဲ့ လုံးဝမစဉ်းစားနဲ့. ။ အန္တရာယ်ရှိတယ်. ။ ကျွန်တော်ပြောတာသဘောပေါက်လား. ."

"ပေါက်. . ပေါက်ပါတယ်"

ဘာပေါက်သည်တော့မသိ။

ဒေါ်ထားထားရမ်းသမ်းခေါင်းညိတ်လိုက်မိသည်။

ဟိုပုဂ္ဂိုလ်တေဇာကလည်း သူဖြစ်ချင်တာနှင့်ပါးစပ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရာစွတ်တင်နေခြင်းဖြစ်၏။

သူပြောသည့် အင်္ဂါသားဆိုသည်မှာ သန္တာအစ်ကို မန္တလာသား ဇော်မိုးကို ဆိုလိုခြင်းဖြစ်သည်။

ဇော်မိုး ဒီဇိုင်းက နေခြည့်ကို အသေရရ အရှင်ရရဆိုသည့် ဒီဇိုင်းမဟုတ်လား။

သည်ကိုလည်း နေခြည့်ကို တစ်ပါးသူလက်ထဲ အပါမခံနိုင်။ ကိုယ့်လက်ထဲဆုပ်ကိုင်ဖို့ကလည်း အခက်။ နေခြည်က မုန်လာဥမှမဟုတ်တာ။ ဟုတ်. . တယ်ဟုတ်. . ။

သည့်ကြောင့် မိခင်ဖြစ်သူမှတစ်ဆင့် ကျပ် ပေးလိုက်ခြင်းဖြစ်ပါ၏။

ဒေါ်ထားထားက တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့်. .

"ဒါဆို မောင်တေဇာ မွေးနေ့ပွဲကို မလာနိုင်တော့ဘူးပေါ့"

"လာရင် အဝတ်အစားပြန်လဲရဦးမယ် အန်တီရဲ့။ ကျွန်တော်တို့က အမိဌာန်ထပ်ဝင်ရဦးမှာ. . "

သည်စဉ် မြင့်ကိုက ဝင်၍ပြောသည်။

"ဒီအဝတ်အစားအတိုင်းပဲ လိုက်သွားလိုက်မပေါ့"

သည်တော့ တေဇာက ဒေါ်ထားထားကို လှမ်းကြည့်လိုက်ပြီး. .

"ဒီပုံစံနဲ့ပဲ လိုက်ခဲ့လို့ဖြစ်မလားအန်တီ"

"ဟာ. . ဖြစ်တယ်. . ဖြစ်တယ်. . ။ ဒီပုံစံအတိုင်းပဲ လိုက်ခဲ့ပါ။ လူကြီးပုံစံဆိုတော့ မြင်ရတဲ့လူတွေ ပိုပြီးရှိန်တာပေါ့။ ဟိုကျတော့ လူကြီးပုံစံနဲ့ပဲနေ။ အန်တီကလည်း လူကြီးတစ်ယောက်လို့ဆက်ဆံမယ်"

"ဟုတ်တယ်. . ဒီအစီအစဉ်ကောင်းတယ်. . ။ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်တို့လည်း အဖော်ရအောင်လိုက်မယ်"

"ရတယ်. . ၊ အကုန်လိုက်ခဲ့။ ပိုတောင်မြိုင်သွားသေးတာပေါ့. . အပေးပေး"

ဒေါ်ထားထား အတော်သဘောကျသွားပုံရ၏။ ပျော်နေသည်လေ။ ပျော်ထားပေါ့ဒေါ်ထားထားရယ်။ တော်ကြာမှ မမဲ့လေနှင့်။

အချက်မသိတော့ သားမက်ကို ဗေဒင်ဆရာထင်နေခြင်းပင်။

ဟင်း. . ကားပေါ်တောင်ခေါ်တင်ခဲ့ပြီလေ။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

(၁၂)

ပေါ်တီကိုအောက်တွင် ကားရပ်ပြီး သူတို့အုပ်စုကားပေါ်မှ ဆင်းလိုက်သည်နှင့် . .

"ဝုတ် . . ဝုတ် . . ဝုတ် . . ဝုတ် . . "

"ဟဲ့ . . ဟဲ့ . . ဖြူတီ . . သွား . . သွား . . "

"အမလေး . . ။ အန်တီရေ . . လုပ်ပါဦး . . ။ ကျွန်တော့ ခြေသလုံးပလွေရိုးလေးကို ကိုက်တော့မယ် . . "

အလွန်ပင် အေးဆေးသော ခွေကလေးဖြူတီသည် တေဇာတို့အဘိုးကြီးယောဂီယိမ်းကိုကြည့်ပြီး ဘာစိတ်ကူးပေါက်သွားလေသည်မသိ၊ အတင်းပင်ထိုး၍ဟောင်၊ ထိုး၍လိုက်တော့သည်။

"ဟဲ့ . . နေခြည် . . သမီး . . ။ သမီးခွေးကို ထိန်းပါဦးဟဲ့"

ပေဒင်ဆရာကို အမြင်ကတ်နေသော နေခြည်နွေးနှင့် ဖခင်ဦးမြင့်စိုးတို့က မကြားချင်ယောင်ဆောင်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုက်စမ်းပါစေ" ဟုပင်ကျိတ် ဆုတောင်းနေမိကြသည်။

နေခြည်က ဗေဒင်ဆရာကို မမြင်ခင်တ ဖွဲ့ချင်. .

ဦးမြင့်စိုးကလည်း သားမက်ကို ဗေဒင်ဆရာထင်ပြီး ရွဲ့ချင်. .။

"ဝုတ်. . ဝုတ်. . ဝုတ်. ."

"ဟဲ့. . ဖြူတီ. . ပြောနေတာ မရဘူးလား။ ကိုမြင့်စိုး. . တော့်ခွေးကို လာထိန်းပါဦး. ."

သည်တော့မှ ဦးမြင့်စိုးက နေခြည့်ကိုလှမ်း၍ပြော၏။

"သမီးရေ. . သမီးခွေးကို သွားထိန်းစမ်းပါဦးကွယ်၊ ဒီခွေးကလည်း ဘာများအမြင်ကတ်နေပါလိမ့်"

နေခြည်က ခွေးကို လာ၍ဆွဲခေါ်သည်။

သို့ဆွဲခေါ်ရင်း အနှောင့်အသွားမလွတ်သော စကားဖြင့်လည်း ထိုးနှက်သမှုပြုလိုက်သေး၏။

"လာ. . လာ. . ဖြူတီ. . ။ နင်ကလည်း ဒီလောက်အသားတွေ ကျွေးထားတဲ့ကြားထဲက အစိုးကိုက်ချင်ရသေးတယ်လို့"

ဖြူတီဆိုသည့် ခွေးကလေး နေခြည့်နောက်သို့ အမြီးနှံ့ရင်းပါသွားရင်း တေဇာတို့ကို တိမ်းငဲ့ကြည့် လိုက်သေးသည်။

"ဗွီး. ."

တေဇာခွေးစေးများကို သုတ်ရင်းသက်မချလိုက်၏။

ဒေါ်ထားထားက တေဇာ့ကိုကြည့်ပြီး တောင်းပန်စကားပြောကြားနေရရှာသည်။

"ခွေးက တစ်ခါ တစ်ခါ. . အဲဒီလိုပဲ မောင်တေဇာရေ၊ စိတ်မရှိနဲ့နော်. ."

"ဟုတ်ကဲ့. . ။ ရပါတယ် ဒေါ်ထားထားရယ် ကျွန်တော့်တ



www.burmeseclassic.com

www.burmeseclassic.com



ခွေးကိုက်မဲ့ ဇာတာမပါပါဘူး"

တေဇာက လူကြီးလေသံဖြင့် ပြောမှ ဒေါ်ထားထား သူ့အမှားကိုသတိထားမိသည်။ မောင်တေဇာဟုခေါ်မိသည်လေ။ တော်ပါသေး။ လူတွေမကြားလိုက်ကြလို့။

ဘာပဲဖြစ်ဖြစ် . .

သူတို့လေးယောက်ကိုကြည့်၍ စီးပွားရေးသမားအုပ်စု လူကြီးများက အရိုအသေပေးကြသော်လည်း လူငယ်အချို့ကမူ နှာခေါင်းရှုံ့ကြ။ လှောင်ပြုံးပြုံးသည့်လူကလည်း ပြုံးကြနှင့်ရှိချေ၏။

"ဆရာကြီးတို့ . . ထိုင်ကြပါရှင် . . "

ဇာတ်တိုက်ထားသည့်အတိုင်း ဒေါ်ထားထားက တေဇာ တို့ကို သတိတရနှင့်လူကြီးလိုဆက်ဆံပြောဆိုလိုက်သည်။ အလိုက် သင့်ဖေါ်ခြင်းပင်။

ပြီးတော့ နေခြည်ဘက်သို့လှမ်း၍ပြောလိုက်သည်။

"သမီးရေ . . ဒီကဆရာကြီးတွေကို လာဧည့်ခံပါဦးကွယ်။ မေမေ အိမ်ထဲခဏဝင်မလို့"

"ဟုတ်"

နေခြည်နွေး မပြုံးချင်ပြုံးချင်ပြုံးလျှက် ရောက်လာ၏။

"ဆရာကြီးတို့ . . ထိုင်ကြပါနော်" နီလာရေ . . ။ အုန်းနို့ ခေါက်ဆွဲလေးပွဲယူခဲ့ပါဟေ့။ အ[illegible]ဘာ်မထည့်နဲ့ ဒီက အဘတို့ ဝါးနိုင်မှာမဟုတ်ဘူး"

လမင်းနှင့်မြင့်ကို ရှုံ့မဲ့၍သွားမိ၏။

တေဇာက . .

"တူမကြီးရယ် . . ။ ဘကြီးတို့က အသက်ကြီးပေမဲ့ မပျက်စီးသေးပါဘူး။ အထက်မီးအောက်မီးကောင်းပါသေးတယ်"

"ဘာပြောတယ် . . "



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . သွားတွေမပျက်စီးသေးဘူး။ အကြော်တွေ ဘာတွေဝါးနိုင်ပါသေးတယ်။ ပြီးတော့ အောက်မီးလို့ခေါ်တဲ့ ဝမ်းမီးကလည်းကောင်းသေးတာကြောင့် အစာတွေဘာတွေ ချက်နိုင်သေးတယ်လို့ပြောတာပါ. . ဟီး"

သည်စဉ် တေဇာတို့ဝိုင်းသို့ နေခြည့်ဖခင်ဦးမြင့်စိုး ရောက်လာ၏။

"သမီး. . ဆရာကြီးတွေကို သေချာဧည့်ခံရဲ့လား"

"ဧည့်ခံပါတယ်ဖေဖေ. . ။ အုန်းနို့ခေါက်ဆွဲကို အကြော် မထည့်ပါဘူး"

"ဟော. . ဘာလို့ အကြော်မထည့်တာလဲ. ."

"အသက်ကြီးတဲ့ ဘကြီးတွေမို့ မဝါးနိုင်မှာစိုးလို့ပါ. ."

"အေး. . ဟုတ်သားပဲ၊ ကောင်းတယ်. . ကောင်းတယ်။ ဩော်. . ဟင်းရည်ကိုလည်း နည်းနည်းပဲဆမ်းနော်"

"ဘာဖြစ်လို့လဲ ဖေဖေ. ."

"အာ. . သမီးကလည်း အုန်းနို့ခေါက်ဆွဲက သွေးတိုး တယ်လေကွာ. . အရည်တွေအများကြီးဆမ်းလို့ ဘယ်ဖြစ်မလဲ။ ပြီးတော့. . ဟို လိုက်ပွဲပန်းကန်တွေဖယ်လိုက်. . ။ တစ်ယောက် တစ်ပန်းကန်ပဲစားပေစေ. . ။ အများကြီးစားလို့ တစ်ခုခုဖြစ်သွား ရင် ဖေဖေတို့ တာဝန်ဖြစ်နေလိမ့်မယ်။ သိမ်းလိုက်. . သိမ်းလိုက် အဲဒီလိုက်ပွဲပန်းကန်တွေသိမ်းလိုက်. ."

"ဟုတ်ကဲ့ဖေဖေ. . ။ ဟော့. . နီလာရေ. . ဒီမှာပန်းကန် တွေလာသိမ်းပါဦးကွာ. ."

"လာပြီ နေခြည်. . လာပြီ"

တိုင်ပင်ကတော့ ဘာကိုက်သလဲမမေးနှင့်။

ဦးမြင့်စိုးက ပြောလိုက်သည်နှင့် နေခြည်က ထပ်ဆင့်



www.burmeseclassic.com

www.burmeseclassic.com



ညွှန်ကြားေ၏။ ညွှန်ကြားပြီးသည်နှင့် နီလာက လိုက်ပွဲပန်းကန်များတို့ ဖျတ်.. ဖျတ်.. နှင့်သိမ်းသွားလိုက်သည်မှာ မြန်မှမြန်။

တေဇာတို့မှာ အဖြစ်သာထည့်ထားသော မစွတ်မပွတ်အုန်းနို့ခေါက်ဆွဲလေးတစ်ပန်းကန်စီသာ စားလိုက်ရတော့၏။

ကိုယ်တ လူကြီးတွေ ဒီဇိုင်းနှင့်ဆိုတော့လည်း သိပ်ကျေနပ်ဖျတ်ချ်မရ။ ကြိတ်မှိတ်၍သာ နေနေရတော့သည်။

"ဟယ်.. နေခြည်ရေ..။ ဟိုမှာ သန္တာတို့ ကိုဇော်တို့လာကြပြီ.."

နေခြည်၊ ဦးမြင့်စိုးနှင့်နီလာတို့ သန္တာတို့ဆီသို့ ခပ်သွက်သွက်သွားကြ၏။ သန္တာတို့ကို ဦးဆောင်ပြီးခေါ်လာသည်။

ပြီးတော့ တေဇာတို့နံဘေးမှ ဝိုင်းလွတ်မှာနေရာပေးလိုက်၏။

"ကိုဇော်တို့ကလည်း နောက်ကျလိုက်တာ.."

"အိမ်ကထွက်လာတာတော့ အစောကြီးပါပဲ.. ဒါပေမယ့် ဗိုလ်ချုပ်ဈေးကို ဝင်ရသေးတယ်လေ.."

"ဗိုလ်ချုပ်ဈေးကို ဘာဝင်လုပ်တာလဲ"

"နေခြည်ဖို့ မွေးနေ့လက်ဆောင်ပေးဖို့ ပစ္စည်းဝင်ဝယ်တာ..။ ရော့.. နေခြည်..။ နေခြည့်အတွက် မွေးနေ့လက်ဆောင်"

ဇော်မိုးတ ရွှေရောင်ဘူးလေးတစ်ဘူးကမ်းပေးလိုက်သည်။

ဘေးကသူငယ်ချင်းတွေက လက်ခုပ်ဝိုင်းတီးကြ၏။ တစ်ဘက်ဝိုင်းမှ တေဇာတို့အဘိုးကြီးအုပ်စုက သန္တာတို့အုပ်စု လက်ခုပ်သံရပ်သွားမှ ဖျောက်.. ဖျောက်.. ဖျောက်.. ဖျောက် ဆိုပြီး လက်ခုပ်ကိုတစ်ချက်ချင်းတီးနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နေခြည်တို့ မျက်စောင်းလှည့်၍ထိုးလိုက်သည်။

သည်စဉ် တင်တင်က ဇော်မိုးပေးသည့် လက်ဆောင်ပစ္စည်းသည် ဘာပစ္စည်းဆိုတာ သိချင်လှသဖြင့် နေခြည့်ကို ဖွင့်၍ကြည့်ခိုင်းသည်။

သည်တော့လည်း နေခြည်က ရွှေရောင်ဘူးလေးကို အသာအယာဖွင့်လိုက်၏။

"ဟယ်. . လှလိုက်တာ. ."

အရည်ကောင်း ကျောက်စိမ်းလက်စွပ်ကလေး. .

ကျောက်စိမ်းက ပထမတန်းစား ကျောက်အမျိုးအစားဖြစ်သည်။ လှချက်က ရက်စက်သည်။ အရည်ကိုလဲ့လို့။

သန္တာက သူ့အစ်ကိုဘက်မှ ကြွားချင်သဖြင့်. .

"အဲဒါ ဆယ်သိန်းတောင်ပေးရတယ် နေခြည်ရဲ့"

"ဟာ. . ဒီလောက်တန်ဖိုးကြီးတဲ့ ပစ္စည်းကို မယူပါရစေနဲ့လား ကိုဇော်"

မူတာ. . မူတာ. .။ မူ. . မူ. . မူးလုပ်နေတာ။

ဒီလိုပါပဲ. . မိန်းကလေးတွေဆိုတာ မူနိုင်သလောက်မူ. . ပြီးမှ. . ယူနိုင်သလောက်ယူ. . ဟုတ်တယ်ဟုတ်. .။

"မဟုတ်တာပဲနေခြည်ရယ်. . မွေးနေ့ရှင်ဆိုတာ မွေးနေ့လက်ဆောင်ကို မငြင်းရဘူး။ ကျွန်တော့်ကို ခင်ရင် လက်ခံပါနေခြည်"

တင်တင်ကလည်း အပ်ဖျားလေးနှင့်ဝင်ဆွသည်။

"ဟုတ်တယ် နေခြည်. . မွေးနေ့လက်ဆောင်ဆိုတာ လက်ခံရတယ်။ တချို့များ မွေးနေ့လက်ဆောင်တောင်မပါဘဲ ချွတ်နှာပြောင်တိုက်ပြီး လာစားတဲ့လူတွေတောင်ရှိသေး. ."

"ဟုတ်ပါ့. . တစ်ယောက်တည်းလည်းမဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အုပ်လိုက်. . ”

သည်တော့မှ သန္တာနှင့်ဇော်မိုးတို့က တေဇာတို့ဘက် လှမ်းကြည့်လိုက်ပြီး သန္တာက. .

“အဲဒါတွေက ဘာတွေလဲ. . ”

“ဘိုးတော်တွေလား. . ဘိုးလျှော်တွေလားတော့ မသိဘူး။ မေမေ့ဆီကညာစားနေတဲ့ ဗေဒင်ဆရာတွေလေ. . ။ သူတို့ကြောင့် ဖေဖေနဲ့ မေမေပြဿနာတက်တာ. . ”

သည်တော့ ဇော်မိုးက စိတ်ဝင်စားသလိုဖြစ်သွားပြီး. .

“ဟာ. . ဗေဒင်ဆရာတွေလား. . အတော်ပဲ. . ကိုယ်က ဗေဒင်ဝါသနာပါတယ်ကွ။ ကိုယ်သွားမေးလိုက်ဦးမယ်”

ဇော်မိုးထိုင်ရာမှထပြီး တေဇာတို့ဝိုင်းသို့ရောက်သွားလေပြီ။ တားချိန်မရ။

“ဘဘတို့. . သားကိုထိုင်ခွင့်ပြုပါ”

အံမယ်လေး. . သူကိုယ်သူများ ‘သား’တဲ့။ ရုပ်ကြမ်းကြီးနှင့်သွားနွဲ့နေ၏။

အေးလေ. . ဟိုအဖွဲ့က အဘိုးကြီးဂိုက်တွေဖမ်းထားကြသည်ကိုး။ ဂိုက်ပေးတွေကလည်း ကြမ်းမှကြမ်း။

“ဩော်. . ဩော်. . ထိုင်ပါ. . ငါ့သားရယ်. . ထိုင်ပါ. . ထိုင်ပါ. . ။ မင်းအမေတော နေကောင်းတယ်မဟုတ်လား. . ”

“ခင်ဗျာ. . ”

“ဩော်. . မန္တလေးက မင့်အမေကောနေကောင်းသလားလို့မေးတာပါ”

“ဟုတ်. . ကောင်း. . ကောင်းပါတယ်. . ။ အဘတို့သားကို မန္တလေးကမှန်း သိတယ်နော်”

“ဩော်. . အကြားအမြင်ဆရာထင်ရဲ့သားဟာပဲကွာ”



www.burmeseclassic.com

www.burmeseclassic.com



"အကြားအမြင် ဆရာထင်ရဲသားတွေ။ ဟာ. . ဟုတ်ပြီ . . အဘရယ်၊ သားကို အကြားအမြင်လေး ဟောပေးပါလား ဟင်. ."

"အကြားအမြင်က အဘစတ်ခန်းမှာဟောမှ ကောင်းတယ်ကွ. .။ အခု လူကြားသူကြားထဲမှာ ဆိုတော့ လက္ခဏာပဲ ကြည့်လို့ဖြစ်မယ်။ ဘယ်နှယ့်လဲ. . ကြည့်မလား. ."

"ဟာ. . ကြည့်မှာပေါ့. . ကြည့်မှာပေါ့. ."

"ဒါဖြင့် လက်ပေး. . အဲ. . လက်ဖြန့်"

ဇော်မိုးက လက်နှစ်ဘက်ကို ထိုးပေးပြီးမှ ရုပ်၍စားပွဲပေါ် တင်ဖြန့်ပြလိုက်သည်။

"ဟ. . မောင်ရင့်လက်တွေက ပေနေပါလား. ."

"ဟုတ်ပါတယ် အဘ. .။ လမ်းမှာ ကားပျက်သွားတာနဲ့ ဟိုနှိုက်ဒီနှိုက်လုပ်ခဲ့လို့ပါ"

"ဟ. . အနှိုက်မတော်ရင် ထောင်ကျသွားနိုင်တယ်နော် နှောတ်နှိုက်ဖို့ မကြိုးစားနဲ့ သိလား"

"သိပါတယ်ခင်ဗျ. . ကျွန်တော်က ကိုယ့်ကားကိုယ်နှိုက်တာပါခင်ဗျ၊ ဘာမှမဖြစ်ပါဘူးနော်။ လက္ခဏာစစ်ပေးပါ အဘ."

"ဟာ. . လက္ခဏာကြည့်တယ်ဆိုတာ လက်ကသန့်နေရတယ်ကွ. .။ နေဦး. . နေဦး မင်းလက်ကို ဆေးလိုက်ဦးမယ်"

တေဇာက ပြောပြောဆိုဆို ခတ်ဘူးကိုဖွင့်၍ အကြမ်းရေနွေးတန်ထဲရေနွေးလောင်းထည့်သည်။

ပြီးတော့ ထိုရေဖြင့် ဇော်မိုးလက်ဖဝါးပေါ်လောင်းချလိုက်၏။

"အံမယ်လေးဗျ"

"ဘာဖြစ်တာလဲ ငါ့သား"



www.burmeseclassic.com

www.burmeseclassic.com



"ပူတယ်. . ပူတယ်. ."

"အေး. . အဘ တမင်ပူအောင်လုပ်လိုက်တာ"

"ခင်ဗျာ"

"ဓာတ်သဘော. . ဓာတ်သဘော. .။ အခုပူတာခဏပဲ ပူတာ. .။ အခုပူပြီးသွားပြီဖြစ်တဲ့အတွက် နောင် ငါ့သားဖြစ်မယ့် အပူတွေသောကတွေ မဖြစ်တော့ဘူး. .။ သဘောပေါက်လား"

"ပေါက်. . ပေါက်ပါတယ် အဘ. ."

"နောင် ဖြစ်ဖြစ်လာမယ့် အပူတကာ့အပူတွေ ဒီထက် ကင်းစင်စေချင်သေးသလား. ."

"အား. . ရပြီ အဘ. . ရပြီ. . ဒီလောက်ဆို လုံလောက် ပါပြီ. . အဟီး"

"မဟီးနဲ့ဦး. . လက္ခဏာမှ မကြည့်ရသေးတာ. . ကဲကြည့် ကြစို့. ."

"တော်ပြီ. . ကြည့်တော့ဘူး"

"ဟ. . အချစ်ရေးကံကောင်း. . မကောင်း ကြည့်ဖို့လို တယ်လေ. ."

"မလိုတော့ဘူး အဘ. . ကြည့်လည်း ကံကောင်းဖွယ် မမြင်တော့ဘူးအဘ. ."

"ရော်. . သားက ဓာတ်ပေါက်သွားပြီကိုး. ."

"ဟုတ်. . ဓာတ်လည်းပေါက်. . ကြောက်လည်း ကြောက်ပါပြီခင်ဗျ. . ကြည့်ရဲဘူး. . ပြန်တော့မယ်နော်. ."

ဇော်မိုးတကယ်ပင်ပြန်ပြေးလေတော့. .

နေခြည်တို့မှာ တားချိန်မရ. . ပါးစပ်အဟောင်းသား. တွေဇာတို့ကတော့. .။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

(၁၃)

ဦးမြင့်စိုး ညှော်ခန်းမှာ ညှော်သည်တစ်ဦးနှင့်လုပ်ငန်းကိစ္စ စကားပြောလျှက်ရှိသည်။

"အရင်းအနှီး ဘယ်လောက်လိုမလဲ ဦးထွန်းနောင် . ."

ဦးမြင့်စိုးက မေးခြင်းဖြစ်၏။

ဦးထွန်းနောင်ဆိုသူက လက်ငါးချောင်းထောင်ပြရင်း ...၍ပြောသည်။

"ငါးရာလောက်လိုမယ် ဦးမြင့်စိုး"

သိန်းငါးရာကို ဆိုလိုခြင်းဖြစ်၏။ ကွမ်းငါးယာတော့ ...တာန်ရာ။

"အင်း . . ဒီလုပ်ငန်းက ကျွန်တော့်မိန်းမသာ နည်းနည်း ပါးပါးကျွမ်းတာ။ ကျွန်တော်က သိပ်ကျွမ်းတာမဟုတ်ဘူး။ ဝယ် ... ခင်ဗျားကိုယ်တိုင်သွားဝယ်မှာလား . ."

ဦးမြင့်စိုး၏ မရဲတရဲအမေးကို ဦးထွန်းနောင်ဆိုသူက ...ဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . သိန်းငါးရာဖိုးကို သူများဝယ်ခိုင်းလို့ဘယ်ဖြစ်မှာလဲ. . ။ ကျွန်တော်ကိုယ်တိုင် သွားဝယ်မှာပေါ့"

ကျောက်စိမ်း အရောင်းအဝယ်ကိစ္စဖြစ်၏။

ဦးထွန်းနောင်က ဦးမြင့်စိုးတို့အတွက် ဖားကန့်သို့တက်၍ ကျောက်စိမ်းဝယ်ပေးမည်ဖြစ်၏။ ပြီး. . အမြတ်ရအောင် သူပြန်ရောင်းပေးမှာဖြစ်၏။ သူ့မှာ နိုင်ငံခြားသား ကျောက်ကုန်သည် ဝယ်လက်များရှိ၍နေသည်ဆိုပဲ။

ဒါကတော့ဟုတ်မည်။

သူက ရန်ကုန်ကျောက်လောကမှာ နာမည်တစ်လုံးနှင့်နေသည့်သူ။ ဝယ်ရောင်းသမားတစ်ဦးဆိုလည်းမမှား။

ကျောက်မျက်လေလံပွဲသို့ လာတတ်ကြသည့် နိုင်ငံခြားသား ကုန်သည်များအတွက် ကျောက်စိမ်း၊ ပတ္တမြား၊ နီလာစသည်တို့ကို ဦးထွန်းနောင်ကပင် လိုက်လံ၍ ဝယ်ခြမ်းပေးရစမြဲဖြစ်၏။

နောက် 'ရာဖြတ်'အလုပ်လည်းလုပ်သူဖြစ်၏။

ကျောက်နှင့်ပတ်သက်လျှင် အင်မတန်ကျွမ်းလှသူ။

ကျောက်တစ်လုံးကို တစ်ချက်ကြည့်လိုက်တာနှင့် အတုအစစ်ခွဲ၍သိ၏။ တန်ဖိုးဘယ်၍ဘယ်မျှရှိမည်ကိုလည်း ခန့်မှန်းတတ်သူဖြစ်ချေ၏။

ယခုသူ ဦးမြင့်စိုးကို လာပြောရခြင်းအကြောင်းက အခြားမဟုတ်။

လာမည့်လ ကျောက်မျက်လေလံပွဲတွင် နိုင်ငံခြားမှ ကျောက်ကုန်သည်များ မြန်မာပြည်သို့လာရောက်မှာဖြစ်သည်။

ထိုနိုင်ငံခြားသား ကျောက်ကုန်သည်များနှင့် ဦးထွန်းနောင်က ယခင်ကတည်းက ကျောက်အရောင်းအဝယ်ကိစ္စဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သိကျွမ်းပြီးသားဖြစ်သည်။

ယခု ထိုနိုင်ငံခြားသားများ ရောက်တော့မည်။ ကျောက်မျက်ရတနာဆိုင်တွေလည်း ပစ္စည်းဖြည့်ကြရသည်။

"အခု ဒီ ရန်ကုန်မှာ သိန်းတစ်ရာဆိုတဲ့ကျောက်စိမ်းက ဖားကန့်မှာ အစိတ်သုံးဆယ်လောက်ပဲရှိတယ်ဗျ။ အဲဒီတော့ ကိုယ်က ငါးရာလောက်ကိုင်ပြီး တက်ဝယ်လိုက်ရင် အဲဒီလို အရည်မျိုး တော်တော်များများရမှာဗျ. . ။ ကိုယ်က ဝယ်ထားပြီး လက်ထဲမှာ အိပ်နေမှာမှ မဟုတ်တာ. . ။ ကိုယ့်မှာ သေချာတဲ့ ဝယ်လက်ရှိနေပြီပဲ။ ခင်ဗျား. . ရဲရဲသာလုပ် ဦးမြင့်စိုး. . ။ ကျုပ်က ခင်ဗျားတို့ လင်မယားကို လေးစားခင်မင်လွန်းလို့ ခင်ဗျားတို့ ဆီကိုလာတာ။ ကျုပ်ကိုငွေထုတ်ပေးမယ့်လူတွေအများကြီးရှိပါ တယ်။ ဒါတွေ ခင်ဗျားသိပါတယ်ဗျာ"

ဟုတ်တော့လည်းဟုတ်သည်။

ဦးထွန်းနောင်က ကျောက်လောကမှာ နာမည်ပျက်မရှိ အလွန်တိကျမှန်ကန်သူ၊ သစ္စာရှိလှသူတစ်ဦးဖြစ်သည်။

"ခင်ဗျားကို အစစအရာရာ ယုံကြည်ပြီးသားပါဗျာ။ ခက်တာက ခင်ဗျားပြောတဲ့ငွေက လောလောဆယ်လက်ထဲမှာ မရှိဘူးဗျ။ ပြီးခဲ့တဲ့အပတ်ကတင် ကားတစ်စီးထပ်ဝယ်လိုက်တယ် လေဗျာ. . "

"အရင်ကားက ဘာဖြစ်လို့တုန်း"

"ဘာမှမဖြစ်ပါဘူး. . ။ ကားက ကျွန်တော့်ဇနီးပဲသုံးတာ များနေတော့ ကျွန်တော်နဲ့ ကျွန်တော့်သမီးအတွက် အဆင်ပြေ အောင်လို့ ထပ်ဝယ်တာပါ. . "

"ဒါဆို ကျွန်တော်ဘယ်လိုလုပ်ရမလဲ. . ။ တခြားသူနဲ့ပဲ ရှေ့ဆက်လိုက်ရတော့မလား. . "



www.burmeseclassic.com

www.burmeseclassic.com



"အာ. . အဲဒီလိုတော့ မလုပ်နဲ့ဦးလေ. . ။ ဒီလိုလုပ်ဗျာ၊ ခင်ဗျား. . ကျွန်တော့်ကို တစ်ပတ်လောက်အချိန်ပေးလို့ရမလား"

"ရပါတယ်"

"ဒါဖြင့် ကျွန်တော့်ကို တစ်ပတ်စောင့်ဗျာ။ ကျွန်တော် နည်းနည်းပါးပါး ကြံဖန်ကြည့်လိုက်ဦးမယ်. . ။ ဒီအပတ်အတွင်း မှာ ဖြစ်မဖြစ်ကျွန်တော် အကြောင်းပြန်မယ်လေ. . "

"ဟုတ်ပြီလေ. . ။ ကိုင်း. . ဒါဖြင့် ကျွန်တော်ပြန်ဦးမယ်"

"ဟုတ်ကဲ့. . ဦးထွန်းနောင်. . "

ဦးမြင့်စိုးက ဦးထွန်းနောင်ကို အိမ်ဝအထိလိုက်ပို့သည်။ ဦးထွန်းနောင်ကား ခြံထဲမှထွက်သွားပြီး သိပ်မကြာ။ နောက်ဝယ် ထားသော ကားအသစ်လေးဖြင့် သမီးဖြစ်သူနေခြည်ကျောင်းမှ ပြန်ရောက်လာသည်။

နေခြည်က ကားပေါ်မှ ဆင်းပြီး ဖခင်ကိုပြုံးပြနှုတ်ဆက် လိုက်သည်။

"ဖေဖေ. . ထမင်းစားပြီးပြီလား. . "

"ပြီးပြီ သမီးရဲ့. . ၊ သမီးဒီနေ့ စောလှချေလား. . "

"ဟုတ်တယ်ဖေဖေ. . ။ နောက်ဆုံးဘာသာကို သင်မယ့် ဆရာမ ဒီနေ့မလာဘူး။ ဒါကြောင့် သမီးတို့အစောကြီးပြန်လာ ကြတာ. . ။ သန္တာတို့အိမ်ဘက်တောင် လှည့်ပို့ခဲ့ရသေးတယ်"

'သန္တာ' ဆိုသည့်အသံကြားသည်နှင့် ဦးမြင့်စိုးမျက်လုံးထဲ တွင် မန္တလေးမှ သူဌေးသား ဇော်မိုးကို ဖျတ်ခနဲမြင်ယောင်လာမိ လိုက်သည်။

"ဖေဖေ. . သမီး. . အပေါ်တက်လိုက်ဦးမယ်"

"အေး. . အေး. . ။ ဩော်. . သမီး. . အဝတ်အစား လဲပြီးရင် အောက်ခဏပြန်ဆင်းခဲ့ဦးနော်. . ။ ပြောစရာရှိလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်. ."

'ဟုတ်'ဟုဆိုပြီး နေခြည်အပေါ်ထပ်သို့တက်သွားသည်။

သည်စဉ် နောက်ဖေးခန်းဘက်မှ ဒေါ်ထားထားထွက်လာပြီး မေးခွန်းထုတ်သည်။

"သမီးကို ပြန်ဆင်းခဲ့ဦး၊ ပြောစရာရှိလို့ဆိုတာ ဘာကိစ္စလဲ ကိုမြင့်စိုး. ."

"ဪ. . ထား. .။ အေး. . အဲဒီကိစ္စ. . ထားကိုလည်း ဘိုင်ပင်ရဦးမယ်။ လာ. . ထား. . ဒီမှာထိုင်. ."

ဦးမြင့်စိုးက သူ့နံဘေးမှ နေရာမှာထိုင်ဖို့ပြောသည်။

"ရှင်. . စကားပြောမှာနော်. ."

"ဟာ. . အိမ်ရှေ့ကြီးမှာ. . စကားမပြောလို့ ဘာလုပ်ရမှာလဲ. ."

"တော်က ယုံရတာမဟုတ်ဘူး"

"မင်းကလည်း ရစ်စရာမရှိ ကြံဖန်ရစ်နေပြန်ပါပြီ. .။ ဒီမှာ အရေးကြီးတဲ့စကားပြောမလို့ကွ"

သည်တော့မှ ဒေါ်ထားထားက ဦးမြင့်စိုးနံဘေးမှာဝင်လာထိုင်လိုက်သည်။

"အခုန ဦးထွန်းနောင်လာတုန်းက မင်းကဘယ်ရောက်သွားတာလဲ. ."

"ဗိုက်ဆာတာနဲ့ နောက်ဖေးဝင်ပြီး မိုင်လိုနဲ့ကိတ်မုန့်စားတာ. . အိမ်ရှေ့ပြန်ထွက်မလို့ဟာ အိမ်ဖော်ကောင်မလေးတဂက်(စ်)မီးဖို မဖွင့်တတ်ဘူးဆိုလို့ လုပ်ပြနေတာလေ. .။ နေပါဦး ဘာဖြစ်လို့လဲ. ."

"ဦးထွန်းနောင်က အလုပ်ကိစ္စတစ်ခုပြောသွားတယ်ကွ"

သည့်နှယ် အစချီပြီး ဦးမြင့်စိုးက ဦးထွန်းနောင်ပြောသွား

www.burmeseclassic.com



သော ကျောက်စိမ်းကိစ္စပြောပြလိုက်လေ၏။

"ဟာ. . ဒါ လုပ်သင့်တဲ့ကိစ္စပဲ. .။ ဟုတ်တယ်. . ဖားကန့်မှာတက်ဝယ်ပြီး ရန်ကုန်မပြောနဲ့ မန္တလေးမှာပြန်ရောင်းရုံနဲ့ ခေါက်ချိုးလောက်ကမြတ်ပြီးသား။ အဲ. . နည်းနည်းတော့ စောင့်ရောင်းရတာပေါ့။ အခုဟာက သူ့မှာ ဝယ်လက်ရှိတယ်ဆိုတော့. . ဒါလုပ်သင့်တဲ့ကိစ္စပဲ. ."

"လုပ်သင့်တာကဟုတ်တယ်. .။ တို့လက်ထဲမှာ လောလောဆယ် ငွေမှအဆင်သင့်မရှိဘဲ"

"ငွေက ဘယ်လောက်တောင်လိုတာလဲ"

"ငါးရာ. ."

'ငါးရာ'ဟု နှုတ်မှရေရွတ်ရင်း ဒေါ်ထားထားခေတ္တငြိမ်သွားတော့သည်။ သတိလစ်တာတော့မဟုတ်။ တွေးတာ. . တွေးတာ။

"ကဲ. . အဲဒါထားပါဦး. .။ အခုန သမီးကိုခေါ်တာ ဘာလုပ်မလို့လဲ. ."

"အေး. . ဒီကိစ္စက ပြောသင့်သလား၊ မပြောသင့်သလားတော့ မပြောတတ်ဘူး. .။ ငါ. . ဒီလိုစဉ်းစားမိလို့ကွ. .။ အခုသမီးဆီလာလာနေတဲ့ ဟို မန္တလေးက သူဌေးသားလေ. . ဇော်မိုးဆိုတာရှိပါရောလား. ."

"အင်း. . သိတယ်၊ ဗေဒင်ဆရာနဲ့ ခေတ်မိသွားတဲ့ ကလေးမို့လား"

"မင်း. . ဗေဒင်ဆရာ နားထားစမ်းပါ၊ ကြည့်ရတာ လုပ်ကွက်ကြီးလှိုပဲ၊ မင်းကသာယုံနေတာ"

"ဒါကတော့ မှန်တာကိုး. . ကဲပါ. . ရှင်တို့မယုံလဲသား။ အခုပြောမဲ့ကိစ္စပြော"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်လေးက သမီးကို မျက်စိကျနေပုံရတယ်ကွ"

"ဒါတော့ ကျုပ်လည်း အကဲခတ်မိသားပဲ. .။ အဲဒါ ဘာဖြစ်သလဲ. . ပြောပါဦး. ."

"ဒီကောင်လေးက တော်တော်ချမ်းသာတယ်လို့ ကြားတယ်ကွ. .။ ဒီတော့. ."

"ဒီတော့ ဘာဖြစ်သလဲ. ."

"သမီးကို အကျိုးအကြောင်းပြောပြပြီး တို့လိုတဲ့ငွေကို ခဏလှည့်ခိုင်းမလားလို့"

"ဟာ. . ရှင် ဖအေဖြစ်ပြီး အတော်ညံ့တာပဲ။ သူတို့ချင်းက ဘာမှဖြစ်သေးတာမှ မဟုတ်ဘဲနဲ့ သွားပြီးအကူအညီတောင်းလို့ ဖြစ်မလား. .။ သမီးအောက်ကျမှာပေါ့"

"နေပါဦး. .။ သူတို့ချင်းဘာမှမဖြစ်သေးဘူးလို့ မင်းက ဘယ်လိုလုပ်သိသလဲ. ."

"အသေချာဆုံးလူဆီကသိတာ. .၊ တခြားလူမဟုတ်ဘူး၊ ရှင့်သမီးဆီက. ."

"ဟေ. . သမီးဆီက. ."

"ဟုတ်တယ်၊ ဒီကောင်လေး သမီးကိုလာရစ်နေတာ အစတည်းက ကျုပ်က သမီးရဲ့သဘောထားကို ပွင့်ပွင့်လင်းလင်း မေးကြည့်ပြီးပြီ"

"မေးကြည့်တော့. ."

"သမီးက ကျုပ်တို့ထင်ထားတာထက်တော်တယ် သိရဲ့လား. .။ အဲဒီကောင်လေးကို သမီးက စောင့်ကြည့်အကဲခတ်နေတဲ့ အဆင့်ပဲရှိပါသေးတယ်. . တဲ့။ ကဲ. . ရှင်းပြီလား. ."

"နို့. . နေပါဦး. .။ စောင့်ကြည့်အကဲခတ်လို့ စိတ်တိုင်းကျသွားပြီဆိုရင်ကော. ."



www.burmeseclassic.com

www.burmeseclassic.com



"တော့်သမီးလည်း ဒီနှစ်ကျောင်းပြီးရင် ပြီးပြီ။ ပေးစားလိုက်ရုံပဲရှိတာပေါ့။ တစ်ဘက်က အနေအထားက ငြင်းလောက်တဲ့အနေအထားမှ မဟုတ်တာ"

"အာ. . ရမ်းသမ်းတော့ မလုပ်ပါနဲ့ကွာ. . "

"အံမယ်လေး. . ကျုပ်က ဒီ့ထက်တောင် တိကျသေး။ ကျုပ် သန္တာ့ဆီကတစ်ဆင့် အဲဒီကောင်လေးရဲ့ မွေးနှစ်သက္ကရာဇ်တွေဘာတွေ တောင်းထားတယ်။ ရရင် ကျုပ်ဗေဒင်ဆရာဆီသွားမေးမယ်၊ သမီးနဲ့ပေးစားလို့ဖြစ်. . မဖြစ်. . ။ ရှင်းပြီလား. . "

"ဟို. . ဆရာတော့်ကျောင်းကဗေဒင်ဆရာလား. . "

"ဟုတ်တယ်. . "

သည့်တော့ ဦးမြင့်စိုးက သူ့နဖူးလေးကို ကိုင်ရင်း. .

"ဒီ. . ဒီတစ်ခါတော့ ငါ နဖူးမကွဲလောက်ပါဘူးနော်. . "

"ဒါ ပြောလို့ မရဘူး။ တော်အနေအထိုင်တတ်ရင်မကွဲဘူး။ အနေအထိုင်မတတ်ရင် ကွဲမယ်. . ။ ရှင်းသလား. . "

"ဟုတ်. . "

"ဘာမေးစရာရှိသေးလဲ"

"မရှိ. . "

"မရှိရင်. . ကိုင်း. . "

"အား. . အား. . နာတယ်ဟ. . နာတယ်"

ဘယ်ဆွဲလိမ်လိုက်သည်မသိ။

ဦးမြင့်စိုးခမျာ လွန့်လွန့်ပဲလူးသလား. . လူးလူးပဲလွန့်သလား. . တွန့်တွန့်ပြီး ပြုံးနေတာတော့အမှန်ပင်။ (မျက်လုံးပါ ခင်ဗျ)

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

(၁၄)

ကားအသစ်ကလေးကို မောင်းကြည့်ချင်၍ ဒေါ်ထားထားက ကိုယ်တိုင်ကားမောင်းရင်း သမီးကိုကျူရှင်သွားပို့သည်။

ကျူရှင်ရောက်တော့ နောက်ကြောင်းပြန်လှည့်ဖို့ဖြစ်လာ၏။ ကျူရှင်က မဖွင့်ဘဲလေ။

ရောက်နှင့်နေသော သန္တာတို့အုပ်စုက အကျိုးအကြောင်း ပြောကြသည်။

"ဆရာ သူ့အမေ ဆေးရုံတင်ရလို့တဲ့ဟယ်။ ဒီနေ့ ကျူရှင် မဖွင့်ဘူးတဲ့. . "

"ဟုတ်လား. . ။ ဒါဆိုလည်း ပြန်ရုံပဲရှိတော့တာပေါ့"

"တို့တော့ မပြန်သေးဘူး။ ဗိုလ်ချုပ်ဈေးသွားလိုက်ဦးမယ်။ နင် လိုက်ဦးမလား. . "

နေခြည်က သူ့အမေကို လှမ်းကြည့်သည်။

ဒေါ်ထားထားက. .

"ပြန်လိုက်ခဲ့ပါသမီးရယ်။ အိမ်မှာ သမီးအမေလည်းရှိတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ မေမေတစ်ယောက်တည်း . .။ ဪ . . သမီးတို့ ဒီတစ်ခါတော့ ခွင့်လွှတ်ကွယ်. .။ သမီးတို့ဘာသာ သမီးတို့ပဲ သွားကြတော့နော်. ."

"ဟုတ်ကဲ့ပါ. . အန်တီ. .။ ကဲ. . ဒါဖြင့် တို့သွားမယ် နေခြည်. ."

"အေး. . အေး. ."

သန္တာတို့အုပ်စု ထွက်သွားသည်နှင့် ဒေါ်ထားထားလည်း ကားကိုပြန်လှည့်မောင်းခဲ့တော့သည်။

ဒေါ်ထားထားက ကားကို ကျင်လည်စွာမောင်းလာရင်း တစ်နေရာသို့ရောက်သော်. .

"ဪ. . အခုမှ သတိရတယ်. .။ ဆရာတော့်ကျောင်း မရောက်တာကြာပြီ။ လမ်းကြုံတုန်း ဆရာတော့်ကျောင်းဝင်ဦးမှ"

သည့်နှယ်ဆိုရင်း စတိုးဆိုင်တစ်ဆိုင်ရှေ့မှာ ကားကိုရပ်လိုက်သည်။

ဒေါ်ထားထားက လက်ကိုင်အိတ်ထဲမှာ ငွေစက္ကူအချို့ကိုထုတ်ကာ. .

"ကဲ. . သမီးပဲ ဆင်းဝယ်လိုက်ပါကွယ်. .။ ကော်ဖီမစ် အထုပ်ကြီးနှစ်ထုပ်ရယ်. .၊ မုန့်ပုံးနှစ်ပုံးရယ်"

"ဆရာတော်အတွက်လား. ."

"ဆရာတော်အတွက်ရယ်. . ပြီးတော့. ."

"ဗေဒင်ဆရာအတွက်ရယ်မို့လား"

"ဟဲ. . ဟဲ. . သမီးက သိသားပဲ. ."

နေခြည်က မိခင်ဖြစ်သူကို မျက်စောင်းဖွဖွကလေးထိုးရင်း စတိုးဆိုင်ထဲသို့ဝင်သွားသည်။

ခဏကြာတော့ မုန့်ပုံးနှင့် ကော်ဖီမစ်ထုပ်များနှင့် ကား



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ပြန်တက်လာခဲ့သည်။ ဒေါ်ထားထားက ကားကိုခပ်သွက်သွက်မောင်းထွက်ခဲ့၏။

ကျောင်းရောက်တော့ ဆရာတော်တရားရှုမှတ်နေသဖြင့် ဆရာတော်အတွက် မုန့်ပုံးနှင့်ကော်ဖီမစ်တို့ကို ကိုင်ရင်တစ်ပါးထံ ကပ်ခဲ့သည်။

ပြီးတော့ တေဇာအခန်းဆီသို့ သားအမိနှစ်ယောက် ရောက်လာခဲ့တော့၏။

"ဟာ. . အန်တီ. . ။ ဟင်. . မ. . မနေခြည်နွေး. . "

မထင်မှတ်ဘဲတွေ့လိုက်ရသဖြင့် တေဇာ တအံ့တသြ ရေရွတ်မိလိုက်သည်။

နေခြည်လည်း အံ့သြသလိုလို အော့အန်ချင်သလိုမျက်နှာထားမျိုးဖြစ်သွားသည်။

ဒေါ်ထားထားက နေခြည့်ကို လှမ်းကြည့်ပြီးမေးပြီ။

"သမီးနဲ့ သိတယ်လား. . "

"သမီးတို့ကျောင်းကပါ။ မေမေပြောတဲ့ ဗေဒင်ဆရာဆိုတာ သူလား. . "

"ဟုတ်တယ်လေ သမီးရဲ့"

"ဟို အဘိုးကြီးလေးယောက်မဟုတ်ဘူးလား. . "

"ဩော်. . ဟို. . "

ဒေါ်ထားထား ပြန်ပြောဖို့ခက်နေစဉ် တေဇာကဝင်၍ ပြောသည်။

"အဲဒီအဘိုးကြီးလေးယောက်က ကျွန်တော့်ဆရာကြီးတွေလေ။ အခု. . စမတောင်မှာ အဓိဋ္ဌာန်ဝင်နေကြတယ်ခင်ဗျ"

နေခြည်က သူ့မေကို ထပ်မေး၏။

"ဒါဆို ဟိုတစ်ခါတုန်းက မေမေ့ကို အိမ်ထောင်ရေး



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာတက်မယ် ဘာညာပြောလိုက်တာက. . ”

“အဲ. . အဲဒီ ကျွန်တော့်ဆရာကြီးတွေခင်ဗျ။ ကျွန်တော့်ဆရာကြီးတွေ. . ”

“ရှင်ပြောတာမဟုတ်ပါဘူးနော်. . ”

“ဟာ. . ဘယ်ကလာ ကျွန်တော်ပြောရမှာလဲ။ ကျွန်တော်က စီးပွားရေးနဲ့ လူမှုရေးဘဲပြောတာ၊ အိမ်ထောင်ရေးကို မပြောပါဘူး”

“သေချာပါတယ်နော်. . ”

“သိပ်သေချာပါတယ် မနေခြည်နွေးရယ်. . ”

နေခြည် ခေတ္တငြိမ်သွားသည်။ စဉ်းစားပြီး။

သည်တစ်ခါ စကားဆိုသူက ဒေါ်ထားထား။

“ဒီလို. . သမီးရဲ့။ မောင်တေဇာရဲ့ ဆရာကြီးလေးဦးက မောင်တေဇာ့ကို ဗေဒင်ပညာသင်ပေးထားပြီး၊ အစိဋ္ဌာန်ကျင့်စဉ်တွေပဲကျင့်နေတာ။ ဗေဒင်ဟောတော့တာမဟုတ်ဘူး. . ။ ဟိုတစ်ခါ မေမေသွားမေးတုန်းကမောင်တေဇာမရှိတာနဲ့အဲဒီဆရာကြီးတွေက အားနာပြီး မေမေ့ကိုပြောလိုက်တာ။ နောက်ပိုင်းကျမှ မေမေက မောင်တေဇာနဲ့တွေ့ပြီး မောင်တေဇာက ဟောပြောပေးတာ။ မောင်တေဇာရဲ့ကျေးဇူး ဘယ်လောက်ကြီးသလဲဆို. . ဟိုတလောက မေမေတို့ ငွေသိန်းသုံးဆယ်လောက် အလိမ်ခံရဦးမလို့. . အဲဒါ မောင်တေဇာက ငွေအလိမ်ခံရကိန်းရှိတယ်။ ဒီရက်ထဲမှာ ရောင်းခြင်း၊ ဝယ်ခြင်း မလုပ်ပါနဲ့ဆိုလို့ မေမေတို့ဆင်ဆင်ခြင်ခြင်နေလိုက်တာ အလိမ်ခံရလွတ်သွားတာလေ. . ”

“ဘယ်တုန်းကလဲ မေမေ. . ။ သမီးကိုလည်း မေမေတို့ မပြောပါလား. . ”

“မပြောဆို. . ဖြစ်တဲ့လူက ညည်းအဖေလေ. . ။ နား



www.burmeseclassic.com

www.burmeseclassic.com



မလည် ပါးမလည်နဲ့ ကျောက်စိမ်းပွင့်ကို သိန်းသုံးဆယ်နဲ့ ဝယ်ဖို့ စီစဉ်နေပြီ။ မေမေက မောင်တေဇာဟောထားတဲ့ ဒီရက်ထဲမှာ အရောင်းအဝယ်မလုပ်ပါနဲ့ဆိုတာကို သတိရပြီး အရောင်းအဝယ် ကို ဖျက်လိုက်တယ်"

"ဖျက်လိုက်တော့"

"ကံကောင်းသွားတာပေါ့။ သူတို့က ကျောက်စိမ်းအစစ် တိုပြပြီး အရွယ်တူအရည်တူ ကျောက်စိမ်းအတုနဲ့ လဲထည့်သွား တာ သမီးရဲ့. ."

"မေမေက ဘယ်လိုလုပ်သိသလဲ. ."

"အဲဒီလူပဲလေ. . နောက်လေးငါးရက်ကြာတော့ အဖမ်း ခံရရော. .။ နောက်တစ်ဦးကို အဲ့ဒီလိုသွားလိမ်ရင်း အဖမ်းခံရ တာ"

"ဩော်. ."

နေခြည်နွေးထံမှ 'ဩော်'သံကြားရ၏။ (အော်သံမဟုတ်)

"ဒါတွေဟာ မောင်တေဇာ့ကျေးဇူးပေါ့ သမီးရယ်. .။ နေပါဦး. . သမီးတို့က တစ်ကျောင်းတည်း တစ်တန်းတည်းနေ ကြပြီး မောင်တေဇာ ဗေဒင်ဟောတတ်တာ သမီးမသိဘူးလား"

"သူက ပြောမှ မပြောတာ. ."

"ဗျာ. .။ ကျွန်တော်က. . ဒီမှာခင်ဗျ. . ကျွန်တော်က ဗေဒင်ဟောတတ်ပါတယ်ခင်ဗျ. .၊ ကျွန်တော်ဗေဒင်ဟောတတ် ပါတယ်ခင်ဗျ. . ဆိုပြီး ကျောင်းမှာ လျှောက်အော်နေရမှာလား. . ခင်ဗျားပြောတဲ့ပုံစံက. ."

"အဲဒီလိုကြီးတော့ ရှင့်ကို ဘယ်သူကလျှောက်အော်ခိုင်း သလဲ. .။ ကျွန်မပြောတာ အနီးအနားပတ်ဝန်းကျင်ကလူတွေ အတွေကို နည်းနည်းပါးပါး တွက်ချက်မပေးလို့ ပြောနေတာ. ."

www.burmeseclassic.com



"ဪ. . ဒါကတော့ ကျွန်တော်က ဗေဒင်ဟောစားမယ်ဆိုတဲ့ ရည်ရွယ်ချက်မရှိလို့ပါခင်ဗျာ. .။ အခု ကျောင်းပြီးရင်လည်း ကျွန်တော် သင်္ဘောတက်တော့မှာပါ။ အားလုံးစီစဉ်ပြီးသွားပါပြီ. ."

"ဪ. . မောင်တေဇာက ကျောင်းပြီးရင် သင်္ဘောတက်တော့မှာကိုး. .။ ကောင်းတယ်. . ကောင်းတယ်. .။ အင်း. . အန်တီတော့ ဗေဒင်မေးရမယ့်လူ မဲ့သွားပြီ. ."

"ကျောင်းပြီးဖို့က လေးငါးလလောက်လိုပါသေးတယ် အန်တီရယ်. .၊ ဒီကြားထဲမှာ သိချင်တာရှိ လာမေးပေါ့. .။ အခုကော ဘာမေးစရာရှိသလဲ အန်တီ"

"လောလောဆယ် မေးစရာမရှိပါဘူးကွယ်၊ မောင်တေဇာ စားဖို့ မုန့်တို့ ကော်ဖီမစ်တို့ လာပို့ရင်း ဒီကသမီးနဲ့လည်း မိတ်ဆက်ပေးချင်လို့ပါ. . အခုတော့ မောင်တေဇာတို့က သိပြီးနေကြပြီကိုး. ."

"ဟုတ်ကဲ့. . သိပြီးပေမယ့် ထပ်သိရတော့ ပိုကောင်းတာပေါ့ခင်ဗျာ. .။ မဟုတ်ဘူးလား နေခြည်. ."

"နေခြည်နွေးပါ"

"နေခြည်လို့ခေါ် လို့မရဘူးပေါ့"

"ရဘူး. ."

နေခြည့်အသံက မာသလိုလို၊ ပျော့သလိုလိုကြီးဖြစ်နေသည်။ မလျှော့မတင်း စောင်းကြိုးညှင်းသလိုပ။

ထိုသို့ ဘာလို့ဖြစ်ရသနည်း. .။

တကယ်သော့ နေခြည်သူ့ကိုတကယ်မုန်းခြင်းမဟုတ်ခဲ့ပါချေ။ သနားမလို့တောင်ကြံမိသေးတာ၊ သူ့တာဂလန့်ပုံစံနေသဖြင့် မာယာများ၊ ပဲများနေရခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ထားထားကတော့ နေခြည့်ကိုကြည့်၍ သဘောကျနေသေးသည်။

"ဟား. . ဖအား. . သမီးကလည်း မေမေ့ကျေးဇူးရှင်ဟာ သမီးကျေးဇူးရှင်ပဲပေါ့။ အဲဒီလို မပြောရဘူး. .။ ခေါ် . . ခေါ် မောင်တေဇာ. . နေခြည်လို့ပဲခေါ်ခေါ်. . အဲ. ."

"မေမေနော်. . သမီးငိုလိုက်မှာ. ."

"အဲ. . ငိုမယ်တဲ့ မောင်တေဇာရေ. . ဘွား. . ဘွား။ ကဲ . . မောင်တေဇာရေ သမီးမငိုခင် ပြန်လိုက်ဦးမယ်နော်. ."

"မေမေနော်. ."

နေခြည်က မိခင်ကို မျက်စောင်းချိတ်၍ တေဇာကို မျက်ရိပ်ချိတ်လိုက်သည်။ နေခြည့်မျက်ရိပ်လေးက တေဇာ့ရင်မှာ တွဲလောင်းကြီးကိုဖြစ်လို့။

သားအမိနှစ်ဦး ရယ်လားမောလားဖြင့် ထသွားကြ၏။

တေဇာလည်း ရယ်မောရင်း ကျန်ခဲ့ရှာသည်။

ဒေါ်ထားထားတို့သားအမိထွက်သွားပြီး ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပင် မြင့်ကိုတို့အုပ်စုရောက်လာတော့၏။

"ဟေ့ကောင် အခုနထွက်သွားတဲ့ကားပေါ်မှာ နေခြည်နွေးကို တွေ့လိုက်ပါတယ်။ ကားမောင်းသွားတာ သူ့မားသားကြီးမဟုတ်လား. ."

"ဟုတ်တယ်ကွ. ."

"အဘွားကြီးက ဘာလဲ. .၊ သူ့သမီးနဲ့လာမိတ်ဆက်ပေးတာလား. ."

"အစစ်ပဲ. . အစစ်ပဲ. .။ အခု နေခြည်နွေးနဲ့ ငါနဲ့ ငြိမ်းချမ်းရေးရသွားကြပြီကွ! ."

"*ဟေ. . အဟုတ်. .*"



www.burmeseclassic.com

www.burmeseclassic.com



"အဟုတ်ပြောတာ . ."

တေဇာက မြင့်ကိုတို့ကို အကျိုးအကြောင်းရှင်းပြလိုက်၏။

"ဒါဆို မင်းက သူတို့ရဲ့ ကျေးဇူးရှင်ကြီးလိုဖြစ်နေပြီပဲကွ . . ဟား . . ဟား . ."

မြင့်ကိုတို့က ရယ်မောနေသော်လည်း တေဇာက မျက်နှာတည်သွားပြီး နှုတ်မှလည်း တစ်လုံးချင်းပြောသည်။

"နေခြည်က တို့နဲ့ ဘုံဘောက်ဖြစ်တဲ့အခါ မျက်နှာထားကြီးတင်းထားနေကျဆိုတော့ အဲဒီမျက်နှာထားမျိုးနဲ့ပဲ တို့ ဆုံဖူးတာများတယ်။ အခုတော့ . ."

"ဟ . . ဟ . . ရောဂါတက်နေပြီ . ."

"အကောင်းပြောတာကွ . .။ အခု ငါနဲ့ ငြိမ်းချမ်းရေးရသွားတော့ သူ့မျက်နှာပြုံးပြုံးရွှင်ရွှင်တည်တည်ကြည်ကြည်လေး မြင်လိုက်ရတော့ . ."

"ချစ်စရာလေးဖြစ်သွားရော မဟုတ်လား"

လမင်းက ဝင်ထောက်သည်။

တေဇာက ပြုံး၍သာနေဆိမ့်သည်။ ရောဂါ . .။

"ဟေ့ကောင် . . မေးနေတယ်ကွ . .။ ချစ်စရာလေးဖြစ်သွားရောမဟုတ်လား . ."

"အေးကွ . ."

"အခုမှ အေးကွ မနေနဲ့။ မင်း . . နောက်ကျနေပြီလို့ ငါထင်တယ် သူငယ်ချင်း"

မြင့်ကိုက ခပ်တည်တည်ပြောတော့ . .

တေဇာ့ာမျာ မျက်နှာတည်တည်လေးနှင့်ပြန်၍မေးရှာသည်။ အပြုံးလေးများပင်လွင့်ပေ့ါ။

"မင်း . . ဘာကိုပြောတာလဲ သူငယ်ချင်း . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . မေးနေရသေးလားကွာ. .။ ဟို. . မန္တလေးက သူဌေးသားဇော်မိုးဆိုတဲ့ကောင်က နေခြည့်ကိုဝင်လုံးနေတယ်လေ. ."

"ဝင်လုံးလို့ ရမလားကွာ. .၊ နေခြည်က မုန့်လုံးရေပေါ်မှမဟုတ်တာ"

လမင်းက ဝင်ဖောက်ခြင်းပင်။

"မနှောက်စမ်းပါနဲ့ လမင်းရာ. .။ မြင့်ကိုပြောမှ ငါစဉ်းစားမိတယ်။ ဟုတ်တာပဲကွ. . ဟိုကောင်နဲ့ နေခြည်နဲ့က အတော်ခရီးရောက်နေပုံရတယ်. .။ ပြီးတော့ လှော်ပေးမယ့်သန္တာဆိုတဲ့ဟာလေးကလည်းရှိနေတော့. ."

တေဇာ စိတ်ဓာတ်ကျစွာဖြင့် ပင့်သက်တစ်ချက်ရှိုက်၏။

သည်တော့ လမင်းက အားပေးစကားပြောရှာသည်။

"ဟေ့ကောင်. . ဘာမှ ပူမနေနဲ့။ မင်းဘက်က အမိက ကျတဲ့ ပုဂ္ဂိုလ်တစ်ဦးရှိနေပါတယ်ကွ. ."

"ဘယ်သူလဲ. ."

"နေခြည့်အမေလေ. ."

သည်အသံကြားတော့မှ တေဇာဝမ်းသာအားရပြောရှာသည်။

"ဟာ. . ဟုတ်တယ်. . ငါရဲ့ကတ်စ္စတန်မာယောက္ခမလောင်းကြီးရှိတာပဲ. ."

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

(၁၅)

"နေခြည်ရေ. ."

"ဟော. . သန္တာပါလား. ။ ဪ. . မောင်ဇော်မိုးလည်း ပါတယ်ကိုး"

"ဟုတ်ကဲ့ခင်ဗျ. ."

"လာကြကွယ်. . အထဲဝင်ကြ. ."

သန္တာနှင့် ဇော်မိုးဧည့်ခန်းမှာ ဝင်ထိုင်ကြသည်။

ဒေါ်ထားထားက မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်ရင်း. .

"မင်းတို့ သူငယ်ချင်း သူ့အဖေနဲ့ရွှေတိဂုံဘုရားသွားကြတယ်ကွယ့်။ ဒီနေ့ သူ့အဖေမွေးနေ့လေ. ။ သူ့ သမီးပါ ဘုရားဖူးရအောင်ဆိုပြီး ခေါ်သွားတာ. ."

"ဒါဆို ကြာဦးမယ်ထင်တယ်. ."

"အင်း. . သွားတာတော့ နာရီဝက်လောက်ရှိသွားပြီ. ။ ကားနဲ့သွားတာဆိုတော့ သိပ်ကြာမယ်မထင်ပါဘူး။ ဘုရားမှာ



www.burmeseclassic.com

www.burmeseclassic.com



ငွေသွားလျှော်ပြီး ပုတီးစိပ်ရုံပါပဲ..။ အချိန်ရတယ်မဟုတ်လား..၊ ထိုင်ကြဦးလေ..။ ဟဲ့..ထွေးခင်ရေ.."

"ရှင်..အန်တီ.."

"ကော်ဖီမစ် နှစ်ခွက်ဖျော်ခဲ့ကွယ်..။ မုန့်ပါထည့်ခဲ့..ကြားလား"

"ဟုတ်ကဲ့ရှင့်.."

"နောက်ဖေးမှာ ထွေးခင်တစ်ယောက်တည်းထင်တယ်"

"ဟုတ်တယ်သန္တာရဲ့.."

"ဒါဆို သန္တာပါ သွားကူလုပ်ပေးလိုက်ဦးမယ်"

အိမ်သို့ ဝင်ထွက်နေကျဖြစ်သူ သန္တာက နောက်ဖေးခန်းသို့ ဝင်သွားသည်။

သည်တော့ ဒေါ်ထားထားက ဇော်မိုးကို ညွှိခံစကားဆိုရမည်။

"မောင်ဇော်မိုး မန္တလေး ဘယ်တော့ပြန်မလဲ.."

"ဟုတ်ကဲ့..မနက်ဖြန် သန်ဘက်ခါဆို ကျွန်တော့်အရောင်းအဝယ်ကိစ္စပြတ်ပါပြီ။ အဲဒီတော့ ဒီအပတ်ထဲမှာ ပြန်ပါမယ်ခင်ဗျာ"

"ဘယ်တော့လောက် ရန်ကုန်ပြန်လာဦးမလဲ"

"အမှန်အတိုင်းပြောရရင် ကျွန်တော်ပြန်တောင်မပြန်ချင်ပါဘူး။ အလုပ်ကိစ္စပြီးသွားလို့သာပြန်ရတာပါ။ ဒါပေမယ့် ကျွန်တော် အမြန်ဆုံးပြန်လာမှာပါ.."

"ပြန်တော် မပြန်ချင်ဘူးဆိုတာ ဘာကြောင့်များပါလိမ့်"

"အဲဒါကိုတော့ နောက်မှပဲ သန္တာ့ကိုမေးကြည့်ပါ အန်တီရယ်..။ ကျွန်တော်မပြောပါရစေနဲ့"

"အံမယ်လေး..၊ အန်တီ့ကို ဘာများအားနာစရာရှိလို့

www.burmeseclassic.com



လဲ. . ။ အန်တီက မောင်ဇော်မိုးကို ကိုယ့်တူသားတစ်ယောက်လို သဘောထားပြီးသားပါ. . ။ ပြောပါ. . ပြောစရာရှိတာ ပွင့်ပွင့် လင်းလင်းပြောပါ. . ”

ဒေါ်ထားထားတို့ နာချင်လို့ စာတင်နေပါ၏။

“ဒါဆိုရင်တော့ နားနဲ့မနာ ဖဝါးနဲ့နာပါအန်တီရယ်. . ။ ကျွန်တော် နေခြည့်ကို မေတ္တာရှိနေပါတယ်. . ။ ဒါကြောင့် မန္တလေးရောက်ရင် ကျွန်တော့်မိဘတွေကို ဖွင့်ပြောပြီး အန်တီတို့ ဆီပြန်လာချင်ပါတယ်။ အဲဒါ. . အန်တီ့ဘက်က ဘယ်လိုရှိတယ် ဆိုတာလေး. . ”

“နို့. . နေပါဦး။ မင်းတို့လူငယ်ချင်းကတော့ ဘယ်လို အခြေအနေရှိနေပြီလဲ. . ”

“အခြေအနေကတော့ သိပ်ထူးထူးခြားခြားကြီးမရှိပါဘူး ခင်ဗျာ. . ။ သန္တာဆီကတစ်ဆင့်သိရတာကတော့ နေခြည့် သဘောထားက အန်တီတို့သဘောထားအတိုင်းပဲဖြစ်စေမယ့် သဘောရှိပါတယ်ခင်ဗျာ. . ”

ဒေါ်ထားထား ဦးခေါင်းတဆတ်ဆတ်ညိတ်ရင်း တစ်စုံ တစ်ခုကို စဉ်းစားနေရာမှ. .

“မင်း. . ဘာနေ့သားလဲ. . ”

“အင်္ဂါသားပါခင်ဗျာ. . ”

“မွေးနှစ်သက္ကရာဇ်၊ ခု၊ လ၊ ရက် အတိအကျသိသလား”

“ဟုတ်ကဲ့ သိပါတယ်ခင်ဗျာ. . ”

“အေး. . ဟုတ်ပြီ”

အေး. . ဟုတ်ပြီဟုဆိုကာ ဒေါ်ထားထားက စာရွက် စာတမ်းနှင့်ဘောလ်ပင်ကိုထယူ၏။ ဇော်မိုးဆီထိုးပေးလိုက်သည်။

“ရော့. . အဲဒီစာရွက်ထဲမှာ မင်းရဲ့မွေးနေ့သက္ကရာဇ်၊ ခု၊



www.burmeseclassic.com

www.burmeseclassic.com



ရက်တွေရှေးစမ်း"

"ဟုတ်ကဲ့ခင်ဗျ. ."

ဇော်မိုးက ရေးပြီး ဒေါ်ထားထားကို တရိုတသေလှမ်းပေး

ည်။

"ဟုတ်ပြီ. . ဟုတ်ပြီ. ."

"ဒီကိစ္စက ပြီးစလွယ်စီစဉ်လို့ရတဲ့ကိစ္စမဟုတ်ဘူး. .။

ကြောင့် တတ်သိနားလည်တဲ့လူတွေဆီမှာ တွက်ချက်စစ်ဆေး

ည့်ရဦးမယ်. ."

"ဟုတ်ကဲ့. . ကောင်းပါတယ်ခင်ဗျာ. ."

ဇော်မိုးက သည့်နှယ်ပြောပြီး တစ်စုံတစ်ခုကိုချီတုံချတုံ

စားနေပုံရ၏။

ဒါကို လှူကဲခပ်ကျွမ်းသည့် ဒေါ်ထားထားက အကဲခတ်

ကိုတ်ပြီး. .

"မောင်ဇော်မိုး. . ဘာပြောစရာရှိလို့လဲ"

"ဩော်. . ဟို. . အဲ. . အဲဒါကို ပြောသင့် မပြောသင့်

န်တော်စဉ်းစားနေတာပါ. ."

"သားရေး သမီးရေးပါ ပြောပြီးမှတော့ ဘာမှထိန်ချန်

နဲ့ ပြောစရာရှိတာသာပြော"

"ဟုတ်. . ဟုတ်ကဲ့. . ဒီလိုပါ. .။ ဟို. . ကျောက်ဘုရင်

နောင်ဆိုတာ ကျွန်တော့်ဦးလေးရဲ့မိတ်ဆွေပါ။ ကျွန်တော်

ည်းရင်းနှီးပါတယ်. ."

"အဲဒီတော့. ."

"တနေ့က. . ဗိုလ်ချုပ်ဈေးမှာကျွန်တော်တို့ တွေ့ကြပါ

အဲဒီကနေ စကားစပ်ပြီး သူ့ရှေ့လထဲမှာ ဖားကန့်တက်

ာတ်စိမ်းဝယ်မဲ့အကြောင်းနဲ့. . ဟို. . အန်တီတို့သည်း



www.burmeseclassic.com

www.burmeseclassic.com



ကျောက်စိမ်းဝယ်ဖို့ အရင်းအနှီးထည့်ချင်တဲ့အကြောင်း. . လောလောဆယ် အန်တီတို့ ကားဝယ်လိုက်လို့ ငွေမလွယ်သေးတဲ့ အကြောင်းတွေ ကျွန်တော်သိရပါတယ်"

"ဘာ. . ဒီ ဦးထွန်းနောင်ကလည်း သူများကိုယ်ရေး ကိုယ်တာတွေ ဘာလို့ လျှောက်ပြောရတယ်မသိဘူး"

"ဒီလိုပါအန်တီ. . သူက အန်တီတို့ကိုရှုံ့ချချင်တဲ့သဘော နဲ့ ပြောတာမဟုတ်ပါဘူး။ စေတနာအစစ်အမှန်နဲ့ သူ့မှာငွေလွယ် ရင် သူစိုက်ပြီးဝယ်ခဲ့ပေးချင်ပါတယ်ဆိုတဲ့အကြောင်းပြောတာပါ"

"ဒါတော့ဟုတ်မှာပါ. .။ သူက သိပ်ပြည့်တဲ့သူပါ. . နေပါဦး. .။ မောင်ဇော်မိုးက ဘာကိုပြောချင်တာလဲ. ."

"အန်တီတို့ လိုတဲ့ငွေ. . ကျွန်တော့်ဆီက ယူထားပါလား လို့ပြောချင်တာပါ. ."

ဒေါ်ထားထား တွေသွားသည်။ ဝေသွားသည်။

ငွေဆိုတာ တွေဝေစေသည်မဟုတ်လား. .

အဲ. . မြွေဆိုရင်တော့ သေစေတတ်သည်ပဲ။

အခုဟာက . .

မြွေမဟုတ်. . ငွေ. .

ဘာပဲဖြစ်ဖြစ်. .

ငွေဆိုတာ သိပ်အားနာဖို့ကောင်းသည့်အမျိုး. .။

သည်တော့ အားနာစွာဖြင့်ပဲ ဒေါ်ထားထား တိုးဖွဖွလေး စကားဆိုမိသည်။

"မင်းဦးလေးလာတော့ တိုင်ပင်ကြည့်ဦးမယ်ကွယ်"

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

(၁၆)

ဇာတာကိုသေချာစစ်ဆေးပြီး တေဇာဦးခေါင်းဖြည်းဖြည်း ချင်းသိမ်းနေသည်။ ပုံစံကလည်း တကယ့်ဗေဒင်ဆရာကြီးပုံ။

"ဒီဇာတာရှင်ဟာ . . ဒီလထဲမှာပဲ . . ရုံးပြင်ကန္တာရောက်၊ ဆောင်တန်းကျကိန်းမြင်ပါတယ်"

"ဟုတ် . . ဟုတ်လား . . မောင်တေဇာ . . "

"သိပ်သေချာပါတယ် . . ။ အခုန အန်တီပြောတဲ့သူ့ဆီက ငွေတွေအကူအညီယူဖို့ကိစ္စကိုလည်း လုံးဝမလုပ်ပါနဲ့။ ကျွန်တော် သိပ်အရေးကြီးလို့ပြောနေတာပါ . . "

"အေးပါကွယ် . . ။ ဟို . . သမီးနဲ့ကိစ္စကရော . . "

"ဟာ . . အန်တီကလည်း အဲဒါ ကျွန်တော်ပြောနေစရာ ရှိသေးလို့လား . . ။ ကဲပါလေ . . ။ ကျွန်တော်ပြောတာကို အန်တီ စောင့်ကြည့်နေလိုက်ပါ . . ။ ကျွန်တော်ပြောတဲ့အတိုင်းဖြစ် ရင် အန်တီ့သမီးကိစ္စ . . အလိုလိုပြီးသွားပြီပေါ့"

www.burmeseclassic.com



တေဇာက အပြတ်ပင်ဟောလိုက်သည်။ တကယ်လည်း တိကျမှန်ကန်စွာပြောနိုင်သည့် မြန်မာ့ရိုးရာဗေဒင်နှင့်နက္ခတ် ပညာကို သူတတ်ကျွမ်းထားခဲ့သည်ကိုး။ သူ့အဘိုးက သူ့အား တန်ဖိုးမဖြတ်နိုင်သော အမွေကိုပေးထားခြင်းပင်။

ဒေါ်ထားထားက တွေတွေလေးစဉ်းစားရင်း ညည်းသည်။

"အင်း. . အိမ်ကျရင်တော့ ယောက်ျားနဲ့ အတိုက်အခံ ဖြစ်ရဦးတော့မှာပဲ"

"ဘာဖြစ်လို့လဲအန်တီ. ."

"ယောက်ျားက ဇော်မိုးကူညီမယ့်ငွေကို လက်ခံချင်နေတာ. .။ ကျောက်စိမ်းရင်းနှီးဖို့လည်းထည့်မယ်. . ပြီးတော့ သူ့မှာ အရေးပေါ်လိုနေတဲ့ ကိစ္စဝိစ္စလေးတွေအတွက်လည်း သုံးချင်တယ်ပေါ့လေ. .။ ဟို. . ယတြာလေးဘာလေးလုပ်လို့မရဘူးလားဟင်. ."

ဒေါ်ထားထားက စောဒကတက်နေ၏။

တေဇာ အေးဆေးစွာရှင်းပြရသည်။ ဂိုက်ပေးကတော့ ခပ်ကြမ်းကြမ်းနှင့်ရယ်။ ဗေဒကဝိပညာရှိပုံစံမျိုး။

"ယတြာဆိုတာ ကာဘာလုပ်တာပါ. .။ ဘာကို ကာဘာလုပ်တာလဲဆိုတော့ ဖြစ်လာမယ့်အန္တရာယ်ကို ကာဘာလုပ်တာပါ။ ကာဘာဆိုတာ အတိုင်းအတာတစ်ခုအထိပဲ လုပ်လို့ရပါတယ်။ ဖြစ်လာမယ့်အန္တရာယ်က သိပ်ကြီးမားနေရင် အခုနအတိုင်းအတာ တစ်ခုအထိသာ လုပ်ထားတဲ့ကာဘာလည်း ဘာမှတတ်နိုင်မှာ မဟုတ်ပါဘူး. .။ အန်တီရယ်. .၊ ဒီလထဲမှာ ဘာငွေကြေးကိစ္စမှ မလုပ်စမ်းပါနဲ့. .။ ကျွန်တော် အရေးကြီးလို့ပြောကာပါ"

"အေးလေ. . ဒါဆိုလည်း မောင်တေဇာပြောသလိုပဲနေပါမယ်. .။ ဩော်. . မောင်တေဇာ. .၊ နောက်ထပ်ကော ဘာ



www.burmeseclassic.com

www.burmeseclassic.com



များမြင်သေးသလဲဟင်. . ”

“လောလောဆယ်တော့ အဲဒီလောက်ပါပဲ။ အန်တီတ ဘာသိချင်သေးလို့လဲဟင်. . ”

“ဟို. . အိမ်ကဟာကြီးအကြောင်း. . ”

“ဘယ်အိမ်ကဟာကြီးလဲ အန်တီ”

“အိမ်က ဟာကြီးလို့ဆိုမှ. . ”

“ဪ. . ဪ. . အန်တီ့ခင်ပွန်းကို ပြောတာလား”

“ဟုတ်တယ်. . ခင်လွန်းလို့ ပွန်းရတဲ့ယောကျ်ားကိုပြောတာပေါ့”

“အန်တီ ပုလင်းနဲ့မပေါက်ဘူးဆိုရင်တော့ ကျွန်တော်ပြောပါမယ်”

“ဘာ. . ပုလင်းနဲ့ ပေါက်ရမယ့်ကိန်း မြင်ပြန်ပြီလား. . ”

“မဟုတ်ပါဘူး. . အေးဆေးပါပဲလို့ ပြောမလို့ပါ. . ”

“အေးဆေးဆိုရင်တော့ ပြီးရော. . ။ နို့မို့လို့ကတော့ လား. . ဟင်း. . ။ ကဲ. . အန်တီပြန်မယ်မောင်တေဇာ. . ”

“ဟုတ်ကဲ့ အန်တီ. . ဟုတ်ကဲ့”

ဒေါ်ထားထား ဆရာတော်ဆီဝင်ဦးချကာ ဘုန်းကြီးကျောင်းမှပြန်လာခဲ့သည်။

အိမ်ရောက်သည်နှင့် ဦးမြင့်စိုးကို အကျိုးအကြောင်းပြောပြလေ၏။

ထင်သည့်အတိုင်း ဦးမြင့်စိုးက လက်မခံချင်။ ရန်ပင်လုပ်ချင်ချင်ဖြစ်နေ၏။

“ဒီမှာ ရှင့်ကို ခင်လွန်းလို့မပွန်းရအောင် သတိပေးနေတဲ့ဥစ္စာကို မယုံသလိုနဲ့”

“မင်းကွာ. . တစ်ဆိတ်ရှိ ဒီပေဒင်ဆရာဆီပဲပြေးပြေး



www.burmeseclassic.com

www.burmeseclassic.com



ဆရာတင်နေတာပဲ။ ဒီခေတ်ကြီးထဲမှာ အတိုးမပါ ဘာမပါနဲ့ သိန်းလေးငါးရာကူညီမယ့်လူ ဘယ်သူရှိသလဲ. . ကဲ. . ပြော. . ”

“ဩော. . အတိုးမပါ ဘာမပါဟုတ်လား. . ။ အတိုးပါတယ်ရှင့်. . ပါတယ်. . သိရဲ့လား. . ။ အတိုးမှ နည်းနည်းနောနော်အတိုးမဟုတ်ဘူး။ လူတစ်ယောက်လုံး ထိုးဆပ်လိုက်ရမယ့် အတိုး. . ”

သည်တော့မှ ဦးမြင့်စိုး မျက်လုံးထဲတွင် သမီးဖြစ်သူ မျက်နှာလေးကပေါ်၍လာသည်။ နေခြည်က မျက်လုံးလေး ပေကလပ်နှင့်လေ။

ဩော်. . ဒီလိုကျတော့လည်း အဟုတ်သား။

သို့သော် ဦးမြင့်စိုးက ထပ်၍ရစ်သည်။

“သမီးကိုတော့ အတိုးလို့မပြောနဲ့ကွာ. . ။ ဒါပေမယ့်. . သူတို့လူငယ်ချင်းလည်း ခင်ခင်မင်မင်ရှိနေ့တယ်. . ။ ပြီးတော့ မောင်ဇော်မိုးအနေအထားကလည်း တို့ ငြင်းရမယ့်အနေအထား မှမဟုတ်တာကွာ. . ”

“တော်စမ်းပါ. . ။ ရှင်ဘာမှမသိဘဲနဲ့ လျှောက်ပြောမနေနဲ့။ ရှင့်ကို ကျွန်မ ပြတ်ပြတ်သားသားပဲပြောမယ်။ တစ်. . ဇော်မိုးကူညီမယ့်ငွေကို ကျုပ်တို့လက်မခံဘူး. . ။ နှစ်. . သမီးနဲ့ မောင်ဇော်မိုးတို့ကိစ္စကို အချိန်ယူပြီး စောင့်ကြည့်ရမယ်. . ဒါပဲ”

“အချိန်ယူပြီး စောင့်ကြည့်ရမယ်ဆိုတာ ဘာကိုပြောတာလဲ. . ”

“ရှင်ကလေ. . သမီးရှင်ဖြစ်ပြီး တော်တော်ဒုံးဝေးတာပဲ။ မောင်ဇော်မိုးကို ကျုပ်တို့ သိတာရက်ပိုင်းပဲရှိသေးတယ်၊ ချမ်းသာတယ်၊ သုံးနိုင်စွဲနိုင်တယ်ဆိုတာပဲသိသေးတယ်. . ။ ဘာဆိုတာ ကျုပ်တို့ သေချာမသိသေးဘူး”



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်. .

"မေမေ. . မေမေ. ."

နေခြည်သတင်းစာကိုင်၍ အမောတကောရောက်လာ၏။ သတင်းစာကို ထိုးပြရင်းပြော၏။

"ဘာဆိုတာ သိရပြီမေမေ. .။ သိရပြီ. .။ ဒီမှာကြည့်ပါဦး"

နေခြည်ပြသောသတင်းကိုယူကြည့်လိုက်တော့ ဒေါ်ထားထားကော ဦးမြင့်စိုးပါ မျက်လုံးပြူးသွားကြသည်။

သတင်းက ဘိန်းဖြူအရောင်းအဝယ်သမားကို ဘိန်းဖြူရောင်းရငွေ သိန်းတစ်ထောင်ကျော်နှင့်အတူ ဖမ်းဆီးရမိခြင်းသတင်း။

ဓာတ်ပုံနှင့်တကွ ပါလာခြင်းဖြစ်၏။

ဓာတ်ပုံရှင် ဘိန်းဖြူအရောင်းအဝယ်သမားက အခြားသူမဟုတ်။

ဇော်မိုး. .။

"တိန်. ."

တိန်သံတကယ်ထွက်မလာသော်လည်း. .

ဦးမြင့်စိုးနားထဲမှလိုလို၊ ခေါင်းထဲမှလိုလိုကြားမိလိုက်ခြင်းပါ။

တိန်. .။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

(၁၇)

ဒေါ်ထားထားနှင့်နေခြည်တို့ သုတ်သုတ် သုတ်သုတ်နှင့် ဆရာတော့်ကျောင်းသို့ ရောက်လာကြပြန်သည်။

ဆရာတော်က ဆီးမေး၏။

"ဒကာမကြီး. . ထုံးစံအတိုင်း မောင်တေဇာ့ဆီလာတာလား"

"တင်ပါ့ဘုရား"

"အင်း. . ဒီကလေးကပါရမီရှင်လေးပဲ။ သူ့အဘိုးရဲ့ပညာအမွေရထားလိုက်တာကိုး။ လူကလည်းလူတော်မို့ပါလေ။ ခေတ်ပညာတတ်လေးပေမဲ့ မြန်မာမှုကိုတော့ မပစ်ပယ်တတ်လေဘူး"

"အဟုတ်ပါပဲဘုရား. . "

"ကဲ. . အဟုတ်ဆိုလည်း. . သုတ်သုတ်သာ သွားပေရော့ . . သာဓု. . သာဓု. . သာဓု. . "

[illegible]

www.burmeseclassic.com

www.burmeseclassic.com



ထိုင်၍ဝတ်ဖြည့်နေသော သားအမိနှစ်ယောက်အား ဆရာတော်အလိုက်သိစွာ သွားဖို့ခွင့်ပြုလိုက်သည်နှင့်. .

တကယ်ပင်တေဇာရှိရာအဆောင်ဘက်သို့ သုတ်သုတ်လေးထသွားကြတော့သည်။

တေဇာရှိရာအခန်းထဲသို့ လှမ်းကြည့်လိုက်တော့. .

ရှပ်အင်္ကျီလက်တိုလည်ကတုံး၊ ယောလုံချည်အညိုနှင့် သေသပ်သားနားသပ်ယပ်စွာ ဝတ်ထားသည့်တေဇာ့ကိုတွေ့လိုက်ကြရသဖြင့် မှင်သက်သွားမိကြသည်။

ကြည့်ပါဦး. .

တေဇာရယ်. . ဆရာကြီးစတိုင်လ်နှင့်ထိုင်လို့. .။ သူ့ရှေ့မှာက မြင့်ကို၊ လမင်း၊ မြင့်သန်းတို့က ပုဆစ်တုပ်ထိုင်နေကြသည်။ ရိုရိုသေသေပုံစံနှင့်. .။

သည်ကလေးတွေ ဘယ်ဂိုဏ်းများဖြစ်နေကြပါလိမ့်. .။

ဒေါ်ထားထားတွေးခိုက်မှာပင် သူတို့ဝင်လာသည်ကို မြင်သောမြင့်ကိုကလှမ်းမေးသည်။

"အော်. . မနေခြည်နွေး. . ဗေဒင်မေးမလို့လား. . ခဏစောင့်ဦးဗျ"

မြင့်ကိုစောင့်ခိုင်းသလို တေဇာကလည်းလှမ်းကြည့်ပြုံးနှုတ်ဆက်ရင်း ခေတ္တစောင့်ခိုင်းသည်။

"အော်. . အန်တီ ခဏလေးနော်. . နေခြည်ခဏနော်" ဟုဆိုကာ သူ့ရှေ့က သုံးယောက်ကို လက်ဆင်ရိုက်နေ၏။

"တို့မြန်မာ့ရိုးရာနက္ခတ်ဗေဒင်ဆိုတာ ဘယ်ထိမှန်သလဲဆို တို့ဘုရားအလောင်းသိဒ္ဓတ္ထမင်းသားလေးဖွားမြင်တော့ လက်ညှိုးတချောင်းထဲ ပြတ်ပြတ်သားသားထောင်ပြီး ဘုရားစင်စစ် ကေန်ဖြစ်မယ်လို့ ဘယ်သူကဟောလိုက်တာသိလား"



www.burmeseclassic.com

www.burmeseclassic.com



"သိဘူး . ."

"မေ့တော့တော့ပဲ"

"ဟောတာတော့သိတယ် မေ့တော့တော့ပဲ"

"မှတ်ထားကြ . . အသက်အငယ်ဆုံးပူရှုားပဲ"

"ဟုတ် . ."

"ဟီး . . ဟုတ်သားပဲ"

"ဟုတ်ပ . . မှတ်မိပြီ"

"အခုမှ . . ဟုတ်မနေကြနဲ့ . . ကဲတော်ပြီ . . နောက်နေ့မှ ဆက်မယ် . . နေခြည်တို့ကို ဟောလိုက်ဦးမယ် . ."

တေဇာတို့လက်ဆင်ဝိုင်းဖြတ်လိုက်မှ ဒေါ်ထားထားတို့ သားအမိရှေ့တိုးထိုင်ရသည်။

နေခြည်ကတော့ တေဇာ့ကိုပြုံးစေ့စေ့လို မပြုံးမစေ့တစေ့ လိုကြည့်နေ၏။

ကျေနပ်ပြုံးလား . . လေဖြတ်ပြုံးလား . . တိတိပပမသိရ။

ဒေါ်ထားထားကတော့ တေဇာ့ကို တလေးတစားကြည့် ကာ . .

"မှန်သွားပြီ မောင်တေဇာရေ . . မှန်သွားပြီ"

ဟု အလော သောကောပြောလေရာ တေဇာက မျက်လုံး ပြူးလျှက် ပြန်မေး၏။

"ဗျာ . . အန်ကယ့်နဖူးလား . ."

"မဟုတ်ပါဘူးကွယ် . . မောင်တေဇာမှန်အောင်ဟောခဲ့ တာကိုပြောတာ၊ အင်း . . ကံသီပေလို့ . . အမှုတွဲထဲပါတော့မလို့။

"ကျွန်တော်တို့လဲ . . သတင်းစာထဲမှာတွေ့လို့ သိပြီးပါပြီ၊ ဒါပေ့ါအန်တီရယ်၊ မင်းသားခေါင်းဆောင်းထားတဲ့ ဘီရဲ့ . . အဲ့ ဘီလူးဆိုကာ တာရှည်ဘယ်ဆွဲထားနိုင်ပါ့မလဲ။ နောက်ဆုံးမှတော့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်သရုပ်ကိုယ်ဖော်ရ ပေါ်ရတာပဲမဟုတ်လား"

"ဟုတ်ပါ့ မောင်တေဇာရယ်. . အိမ်မှာတော့ မောင်တေဇာ့ပညာကို အထင်သေးတဲ့လူကြီး ငြိမ်သွားတာပဲ"

"အော်. . အမှန်ကိုမြင်သွားပြီးကိုး. . "

"ဟုတ်တယ်. . သားကိုလည်းပြောလိုက်ပါတယ်။ လူရော ပညာကိုပါအထင်သေးမိတာ တောင်းပန်ပါတယ်တဲ့. . "

"ဟင်. . အန်ကယ်က သားကို"

တေဇာက သူ့ကိုယ်သူ သားဆိုတော့ မြင့်ကိုတို့အုပ်စု မျက်လုံးတွေကျယ်ကုန်ကြသည်။

ဒေါ်ထားထားက ချော်မှမလဲရသေး. . ကျေးဇူးရှင်တ ရောထိုင်၊ လှိမ့်ပစ်လိုက်ပြီကိုး။

"ဟုတ်တယ်. . နောက်ပြီး . သားကို ထမင်းစားဖိတ်ခဲ့ပါ ဦးတဲ့. . "

"အို. . အားနာစရာတွေဖြစ်နေပါပြီ၊ ဘယ်နေ့လာရမှာ လဲဟင်"

"လာမဲ့. . တနင်္ဂနွေနေ့"

"အန်တီ. . သားတို့ရောပါလားဟင်"

မြင့်ကိုတို့ကပါ ဝင်မေးကြ၏။ အားလုံးသားတွေဖြစ်ကုန် ကြပါကရောလား။

နေခြည်ခမျာမှာတော့ ရတက်မအေးရှာ၊ ရှက်သွေးလေး ဖြာနေဘိသို့ . . ။

"ပါတယ်. . ပါတယ်. . အိမ်သာမှာ. . အဲလေ. . အိမ်မှာကျွေးမှာ. . အားလုံးလိုက်ခဲ့ကြပေါ့"

"ဟေး. . ဒါမှသားတို့အန်တီကွ"

မြင့်ကိုတို့အသံကြောင့် တေဇာမဲ့သွားသည်။ 'သား'ဆိုတာ

www.burmeseclassic.com



သူ့တစ်ယောက်တည်း မူပိုင်ဟုထင်ထားတာကိုး။

"အော်. . မောင်တေဇာ. ."

"ပြောပါအန်တီ. . သားနားထောင်နေပါတယ်၊ သားကို ဘာပြောချင်တာလဲဟင်. ."

လုပ်ချလိုက်ပြန်ပြီ ဘလိုင်းကြီး။ မြင့်ကိုတို့က မျက်စောင်းချိတ်၊ နေခြည်ကတော့ မျက်လွှာချကာ ပြုံးသလိုလို ဘာလိုလို နှင့်လေ။

ဒေါ်ထားထားကတော့ ဒီအထာတွေ မရိပ်မိ။ သူပြောချင်ရာ စွတ်ပြောသည်။

"သမီးအတွက် အိမ်ထောင်ရေးကိစ္စမေးတုန်းက အင်္ဂါသားနဲ့ လုံးဝမဖြစ်ဘူးလို့ ဟောလိုက်တယ်နော်"

"ဟုတ်ကဲ့ သားဟောပါတယ်၊ သားဟောတာမှန်တယ် မို့လားဟင်"

"သိပ်မှန်တာပဲ. . မောင်ဇော်မိုးက အင်္ဂါသားလေ. . အခု ကံကောင်းလို့လွဲသွားတာ"

"ဟုတ်ကဲ့. . သားက လွဲဖို့ဆုတောင်းပေးခဲ့ပါတယ်၊ အဲဒါ သားရဲ့စေတနာ"

လုပ်နေပြန်ပြီ။ လုပ်နေပြန်ပြီ။ တသားထဲသားပြီး နေခြည့်ကိုကြည့်ရတာလည်း အမော။

ဒေါ်ထားထားကတော့ မသိကျိုးကျွံပြုလျှက် ဆက်မေးပြန်၏။

"ဒါဆို သမီးက ဘာနေ့သားနဲ့ အဆင်ပြေ၊ အကျိုးပေးမှာလဲဟင်"

"အဲဒါကို ဟိုတုန်းကတည်းက သားကဟောမလို့ဟာ အန်တီက လောလောလောလောနဲ့ပြန်သွားတာကို. . သားမှာ



www.burmeseclassic.com

www.burmeseclassic.com



ဟောချိန်မရလိုက်ဘူး"

"ဟုတ်လား သားရယ်"

"ဟုတ်ပါတယ်. . သားဟောချင်နေတာကြာခဲ့ပါပြီ"

"ဟောချင်လည်း စောစောကဟော့ရောပေါ့ကွယ်"

"သားဟောရမယ်ဆို အခုလည်း နောက်မကျသေးပါဘူး"

"ဟောလေသား. . ဟော. . ဟော"

ဒေါ်ထားထား တဟောဟောလုပ်နေသဖြင့် ဖွတ်သား တေဇာက အပြတ်ဟောချလိုက်တော့သည်။

"သား ဟောချက်ထုတ်ရမှာကတော့ နေခြည့်ရဲ့အကျိုး ပေးအဆင်ပြေမဲ့နေ့ သားက စနေသား အနိတ်ကိုရဲ့"

"စနေသား"

"ဟုတ်. ."

"စနေသားဆိုတာ. ."

ဒေါ်ထားထားက စနေသားကိုရှာတွေးသလိုလုပ်နေ ခိုက်. .

လမင်း၊ မြင့်ကို၊ မြင့်သန်းတို့က ဝိုင်း၍အော်လိုက်ကြ သည်။

"တေဇာ"

နေခြည့်မျက်နှာလေးပေါ် ပန်းနုရောင်ရှက်သွေးဖြတ်သန်း ပြေးသွားသည်။ တေဇာ့ကို အသာမော်ကြည့်ရင်း နှုတ်ခမ်းလေး ဆို တိုက်ပြလိုက်၏။ ဘာအထာမှန်းတော့မသိရ။

ဒေါ်ထားထားကတော့ မတော်မတရားစကားကြားရ သည်ကိုပဲ ဘာမှတ်သည်မသိ. .

မော်ကြွားသယောင်မျက်နှာမျိုးဖြစ်သွားသည်။

အော်. . အချက်သိပြီပ. .

www.burmeseclassic.com

www.burmeseclassic.com



သမက်ကြည့်ရင် . . မထင်ချင်ပါပဲ . .

ပေဒင်ဆရာ တဖြစ်လဲမို့ . .

ကဲ . . ဘယ်နှယ့်လုပ်ကြမှာတုန်း . .

"ဟင်း . . သားပဲဆက်ခေါ်ရမှာလား . . ဆရာခေါ်ရမှာ လား . ."

"အိမ်ဦးခန်းထားရမှာလား . . အိမ်အောက်ခန်း ထားရမှာ လား . ."

လားပေါင်းများစွာ ဒေါ်ထားထားတွေနေဆဲ . .

တေဇာက နေခြည့်လက်ကလေးကို ကိုင် . . လက္ခဏာ ကြည့်သလိုလိုနှင့် ဟောချက်များထုတ်လိုက်ပုံက . .

"တကယ်ချစ်တာပါကွာ" တဲ့။

ကောင်းရော . . ။

(ဤပေဒင်ဆရာမျိုး ဝေးဝေးက ရှောင်ကြလေရော့)

♥ ♥ ♥

(ဤတွင်ပြီး၏တည်း)

လူသားအားလုံးကို ရယ်မောစေလိုတဲ့ . . .

အချော့တော်

www.burmeseclassic.com